# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့၊ (8-6-2015) (၈၂၂၅)


**မျက်မှောက်လောက ကြီးပွားကြောင်း တရားလေးပါး**

* ဥဋ္ဌာနသမ္ပဒါ - ထကြွလုံ့လဝီရိယနှင့် ပြည့်စုံမှု၊

* အာရက္ခသမ္ပဒါ - စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု၊

* ကလျာဏမိတ္တတာ - မိတ်ဆွေကောင်းရှိမှု၊

* သမဇီဝိတာ - မျှတစွာ အသက်မွေးမှု။

**မိုးရွာသွန်းမှု**

၇-၆-၂၀၁၅

| | | | | |
|---|---|---|---|---|
| မြစ်ကြီးနား | ၂ | ဒသမ | ၀၁ | လက်မ |
| မြင်းခြံ | ၁ | ဒသမ | ၄၂ | လက်မ |
| ဆော | ၁ | ဒသမ | ၄၀ | လက်မ |
| ဆင်ဖြူကျွန်း | ၁ | ဒသမ | ၄၃ | လက်မ |
| ပျဉ်းမနား | ၁ | ဒသမ | ၂၆ | လက်မ |
| ဖျာပုံ | ၁ | ဒသမ | ၁၀ | လက်မ |

# ခြေစွမ်းပြလျက်ရှိသည့် မြန်မာအသင်း သုံးပွဲဆက်နိုင်



(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပွဲစဉ်တွင် မြန်မာယူ-၂၃ အသင်းက ဖိလစ်ပိုင်ယူ-၂၃ အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး စင်ကာပူနိုင်ငံရောက် မြန်မာပရိသတ်များက ဤသို့အားပေးခဲ့သည်။*(သတင်း စာမျက်နှာ - ၉)* (ဓာတ်ပုံ - စိုးညွန့်)




**ကြေးမုံစာတည်းရှုထောင့်** **၈-၆-၂၀၁၇၊ တနင်္လာနေ့**

# အသိအမြင်များမှအောင်မြင်

အများပြည်သူ အသိအမြင်ကြွယ်ဝရေးသည် အရေးကြီးသောကိစ္စရပ်တစ်ခုဖြစ်သည်။ မည်သည့်နယ်ပယ်တွင်မဆို မှန်ကန်သော အသိအမြင်များ လူတိုင်းတွင်ရှိဖို့လိုပါသည်။ မင်္ဂလာတရားတော်တွင် "ဗာဟုသစ္စဉ္စ" ဟုပါရှိပါသည်။ ကြီးပွားချမ်းသာခြင်း အကြောင်းဖြစ်သော လောကီ၊ လောကုတ္တရာ အကြားအမြင် ဗဟုသုတများခြင်းသည် "ဗာဟုသစ္စဉ္စ" မင်္ဂလာဟုဆိုထားပါသည်။

ထို့ကြောင့် အကြားအမြင်ဗဟုသုတများအောင် ဆောင်ရွက်ပေးရမည်ဖြစ်သလို အကြားအမြင်ဗဟုသုတရှိအောင် လေ့လာဆည်းပူးကြဖို့လည်းလိုပါသည်။ အကြားအမြင်ဗဟုသုတများခြင်းသည် အလွန်အဖိုးထိုက်တန်သောအရာဖြစ်သည်မှာ မှန်သော်လည်း လူတို့အနေဖြင့် မေ့မေ့လျော့လျော့ပေါ့ပေါ့တန်တန်ဖြင့် အလေးထားရကောင်းမှန်းမသိကြသည်လည်းရှိသည်။

အချို့အနေဖြင့် အကြားအမြင်ဗဟုသုတများမှာ ဤသို့ဤပုံဟု အထပ်ထပ်ဆိုကြသော်လည်း အလုပ်ပိုတစ်ခုဟုထင်မှတ်ကာ အလေးမထားကြသူများလည်းရှိသည်။ သို့မဟုတ် မိမိတို့လူမှုဘဝနယ်ပယ်တွင် ဗာဟုသစ္စဉ္စအလုပ်ကို အလေ့အထနည်းခဲ့သောကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် မျက်မှောက်ကာလတွင် ဗာဟုသစ္စဉ္စပါးလျားလာသည်မှာ အမှန်ဖြစ်သည်။

အကြားအမြင်ဗဟုသုတဆိုသည်မှာ မိမိကိုယ်တိုင် အားထုတ်ရသည့် အမှုကိစ္စဖြစ်သော်လည်း မျက်မှောက်ကာလတွင် သိအပ်ရန်ကိစ္စများကို အများပြည်သူသိရှိနိုင်သော မျက်နှာစာများမှ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အသိပေးလာကြသည်။ အချို့မှတ်သားလိုက်နာကြသော်လည်း အချို့ အမှုမဲ့အမှတ်မဲ့ နေတတ်ကြသည်။ ဤသို့ဖြင့် ရည်မှန်းချက်မှာ ထင်သလောက် ခရီးမပေါက်ဖြစ်ရသည်။

ချက်ချင်းအကောင်အထည်ဖော်သော အချို့ကိစ္စရပ်များတွင် အသိပညာပေးမှုများ အားနည်းမှုရှိလည်း ရှိတတ်သည်။ စနစ်မကျသော အသိပေးမှုများကြောင့် 'ရေသာများ ငါးမရ' ဖြစ်ကြရသည်။ ထိုအခါ 'ငါးမရလည်း ရေချိုးပြန်' သဘောမျိုးဖြင့် ရည်ရွယ်ရင်း အကျိုးမပြီးမြောက်သော်လည်း အချည်းနှီးမဖြစ်စေရန် ရနိုင်သောအကျိုးကို ရသလောက်ယူတတ်ကြသည်။

ယနေ့ကာလတွင် ရန်ကုန်မြို့၏ အများပြည်သူနှင့်သက်ဆိုင်သော အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် စီမံချက်အမျိုးမျိုး ဖော်ဆောင်ကာ အကောင်အထည်ဖော်ကြသည်။ အချို့စီမံချက်များမှာ အောင်မြင်သော်လည်း အချို့မှာ ထင်သလောက်ခရီးမပေါက်ဖြစ်ရသည်။ အချို့မှာ ကောက်ရိုးမီးလိုဖြစ်ရသည်။ ဤသည်မှာ မြို့နေလူထုအား ကျယ်ကျယ်ပြန့်ပြန့်အသိပေးမှု အားနည်းသောကြောင့်ဟု ဆိုရမည်ဖြစ်သည်။

အမှန်ဝန်ခံရမည်ဆိုလျှင် မိမိတို့အပါအဝင် အများစုမှာ နေမြဲအတိုင်းသာ ပြီးပြီးလွယ်လွယ်နေတတ်သူ များလိမ့်မည်။ အသိပညာရယူခြင်း၊ မှတ်သားလိုက်နာခြင်းတို့၌ မယဉ်ပါးသေးဟု သာသာထိုးထိုးဆိုချင်ဆိုနိုင်သည်။ အချိန်ကာလကြာမြင့်စွာ မှတ်သားလိုက်နာမှု အလေ့အထမရှိသောကြောင့်ဟုလည်း ဆိုချင်ဆိုနိုင်သည်။ အများပြည်သူအတွက် ဆောင်ရွက်ပေးမှုများမှာ စေတနာမှန်ဖြင့် အကျိုးမျှော်ဆောင်ရွက်ပေးခြင်းဖြစ်၍ ကောင်းမွန်ပါသည်။

သို့သော် အနစ်နာခံမှုအများဆုံးဖြင့် ရယူမှုအနည်းဆုံးထားကာ အကျိုးဆောင်ခြင်းက ယနေ့ပြည်သူများအတွက် လျော်ကန်သင့်မြတ်လိမ့်မည်ဟု ယူဆပါသည်။ အများပြည်သူဗဟိုပြုသောကာလ၌ ပြည်သူများအတွက် ပေးဆပ်ကြရပေလိမ့်မည်။ အချို့နေရာများတွင် ပြည်သူ့ကျွန်ဟုပင် ထိထိရောက်ရောက် တင်စားပြောဆို သုံးနှုန်းကာ ဆောင်ရွက်ကြသည်။

မည်သို့ပင်ဖြစ်စေ အများပြည်သူနှင့်ဆက်ဆံရာတွင် ပြည်သူ့သဘောထားကို ခံယူရမည်ဖြစ်သည်။ ပြည်သူ နားလည်သဘောပေါက်အောင် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်အသိပေးရမည်ဖြစ်သည်။ ဤနေရာတွင် ရိုးသားမှုရှိရမည်။ "ဗာဟုသစ္စဉ္စ"နည်းသူများအတွက် အချိန်ယူရမည်။ စိတ်ရှည်သည်းခံမှု ရှိရမည်။ ရည်ရွယ်ချက်ကောင်းလည်း ရှိရမည်။ ပြည်သူအများ၏အကျိုးကိုလည်း လိုလားမှုရှိရမည်။ ထိုအခါ မိမိတို့ ရည်မှန်းထားသော လုပ်ငန်းများ အောင်မြင်နိုင်မည်ဟု ယုံကြည်ပါသည်။ ။

# ပုဂံဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ပြည်သူလူထုအသိပညာပေးရေး ဟောပြောပွဲကျင်းပ

**ညောင်ဦး ဇွန် ၇**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့ပူးပေါင်းစီစဉ်သည့် ပုဂံဒေသဆိုင်ရာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ရှေ့ပြေးပုံစံ တည်ဆောက်ရေးစီမံချက် အကောင်အထည်ဖော် ရေးဆွဲနိုင်ရေးအတွက် ပြည်သူလူထု အသိပညာပေးရေး (Public Awareness) ဟောပြောညှိနှိုင်းဖလှယ်ပွဲ အခမ်းအနားကို ဇွန် ၇ရက် နံနက် ၁၀နာရီက ညောင်ဦးမြို့ ပုဂံမြို့ဟောင်းရှိ ယွန်းပညာကောလိပ်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပုဂံဒေသသည် မြန်မာနိုင်ငံတွင် အလှပဆုံးရှုခင်းများရှိသည့်နေရာဖြစ်သောကြောင့် တည်ရှိပြီးဖြစ်သော ယဉ်ကျေးမှုအမွေအနှစ်များကို မပျက်စီးအောင် ကာကွယ်ထိန်းသိမ်းကြရင်း တစ်ဆက်တည်းမှာပင် ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာအောင် စဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပုဂံဒေသတွင် ခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာအောင် ယခုရေးဆွဲမည့်စီမံချက်က အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်းဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဌေးဝင်းက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် JICA မှကျွမ်းကျင်အဖွဲ့ဝင်ကိုယ်စားလှယ် ဦးအောင်လင်းထင်က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို ပုဂံတွင်စတင်ရေးဆွဲခဲ့သည်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းက ပုဂံဒေသ၏ ပြိုင်ဘက်ကင်းသော ယဉ်ကျေးမှုအကြောင်းနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး၏ အရေးပါပုံများကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ကန်တော်ကြီး ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်း (သင်တန်းနည်းပြချုပ်) ဦးကျော်မျိုးအောင်က ကမ္ဘာတစ်ဝန်းမှ ခရီးသွားဧည့်သည်များ ကြိုဆိုခြင်းနည်းဗျူဟာများကို ဟောပြောခဲ့ပြီး မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(ပုဂံဇုန်)ဥက္ကဋ္ဌ ဦးတင့်ဆွေက ပုဂံ(အညာ) ဒေသထွက်အစားအသောက်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပိုမိုတိုးတက်ကောင်းမွန်အောင်ပြုလုပ်ခြင်းတို့ကို ဟောပြောခဲ့သည်။

ထို့နောက် ဟောပြောကြသူများနှင့် တက်ရောက်လာကြသူများသည် ပုဂံဒေသ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က ပုဂံဒေသကို မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပုဂံဒေသအတွင်း ခရီးသွားလုပ်ငန်းအပေါ်မှီခို စီးပွားလုပ်ကိုင်ကြသည့် စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်သူများ၊ အမှတ်တရပစ္စည်းရောင်းချသူများ၊ ယွန်းလုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များအသင်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ အမြန်ယာဉ်၊ အနှေးယာဉ်မောင်း လုပ်ကိုင်သူများ၊ အဝေးပြေးကားဂိတ် များမှတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။ ဟောပြောပွဲကို ဇွန် ၇ ရက်မှ ၈ ရက်ထိ နှစ်ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲသူရအောင် (ညောင်ဦး)**

**ပညာရဲရင့် ပွဲလယ်တင့်**




# နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ထန်းတပင် ဇွန် ၇**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရိုးခွကျေးရွာ စာသင်ကျောင်းတွင် မေလကုန်ခန့်က နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများပေးအပ်ပွဲ ကျင်းပရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းက အိမ်ထောင်စု ၃၅ စုအား အိမ်ထောင်စုလူဦးရေ စာရင်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်းက ဒေသခံပြည်သူ ၁၀၇ ဦးအတွက် ဆောင်ရွက်ပြီးစီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**




# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**မဲစာရင်းတွင် မိမိတို့၏အမည်ပါ/မပါကိုသိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ**

**မိမိ၏အမည်မပါလျှင် ပုံစံ(၃)ဖြင့် လျှောက်ထားပါ**

**အချက်အလက် မှားနေလျှင် ပုံစံ(၄-ဂ)ဖြင့် လျှောက်ထားပါ**

**မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ**

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်

၂၀၁၅ ခုနှစ်၊ ဇွန်လ ၆ ရက်

၁။ တတိယအကြိမ်အခြေခံမဲဆန္ဒရှင်စာရင်းများကို အောက်ပါတိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ ခရိုင်များတွင် ၂၀၁၅ ခုနှစ်၊ ဇွန် ၈ ရက်မှ ဇွန် ၂၁ ရက်ထိ ၁၄ ရက်တိုင်တိုင် ကပ်ထားကြေညာပါမည်-

(က) ကယားပြည်နယ်အတွင်းရှိ ခရိုင်အားလုံး
(ခ) ကရင်ပြည်နယ်အတွင်းရှိ ခရိုင်အားလုံး
(ဂ) ချင်းပြည်နယ်အတွင်းရှိ ခရိုင်အားလုံး
(ဃ) မွန်ပြည်နယ်အတွင်းရှိ ခရိုင်အားလုံး
(င) မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အားလုံး
(စ) စစ်ကိုင်းတိုင်းဒေသကြီး
- (၁) စစ်ကိုင်းခရိုင်
- (၂) ရွှေဘိုခရိုင်
- (၃) မုံရွာခရိုင်
- (၄) ယင်းမာပင်ခရိုင်
- (၅) တမူးခရိုင်

(ဆ) တနင်္သာရီတိုင်းဒေသကြီး
- (၁) ထားဝယ်ခရိုင်
- (၂) မြိတ်ခရိုင်

(ဇ) ပဲခူးတိုင်းဒေသကြီး
- (၁) ပဲခူးခရိုင်

(ဈ) မန္တလေးတိုင်းဒေသကြီး
- (၁) မန္တလေးခရိုင်
- (၂) ပြင်ဦးလွင်ခရိုင်
- (၃) ကျောက်ဆည်ခရိုင်
- (၄) မြင်းခြံခရိုင်

(ည) ရှမ်းပြည်နယ်
- (၁) တောင်ကြီးခရိုင်
- (၂) လွိုင်လင်ခရိုင်
- (၃) လင်းခေးခရိုင်
- (၄) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
- (၅) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

၂။ မဲစာရင်းတွင် မိမိတို့၏အမည် ပါ/မပါ သိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ။ မိမိ၏ အမည်မပါလျှင် ပုံစံ (၃)ဖြင့် လျှောက်ထားပါ။ အချက်အလက်များမှားနေလျှင် ပုံစံ(၄-ဂ)ဖြင့် လျှောက်ထားပါ။

၃။ မဲစာရင်းတွင်မပါဝင်သင့်သူများ(ဥပမာ-ကွယ်လွန်ပြီးသူများ၊ ထောင်ကျနေသူများ) ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။

၄။ ခေတ္တလာရောက်နေထိုင်သူများ၏ အမည်များသည် မိမိတို့အမြဲနေထိုင်သည့် အိမ်ထောင်စုစာရင်း လဝက ပုံစံ(၆၆/၆) ရှိသော မြို့နယ်မှမဲစာရင်း၌သာ ပါဝင်မည်ဖြစ်သည်။

၅။ နိုင်ငံရေးပါတီများအနေဖြင့်လည်း ပြည့်စုံမှန်ကန်သောမဲစာရင်းရရှိရေးနှင့် မိမိ၏ မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါပြီး မဲပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါ။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရန်ကုန် နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ် အထူးကုဆေးရုံကြီးဖွင့်

**ရန်ကုန် ဇွန် ၇**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်သည် ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ရန်ကုန် နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆေးရုံကြီး၏ ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးကို အပြည်ပြည်ဆိုင်ရာ အာဆီယံစံနှုန်းများနှင့်အညီ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးအဖြစ် ပြောင်းလဲဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ထို့ပြင် သင်ကြားရေးအနေဖြင့် ဘွဲ့ကြိုသင်တန်းများ၊ ဘွဲ့လွန်သင်တန်းများ၊ ဘွဲ့လွန်ဆေးပညာမဟာသိပ္ပံ၊ ဆေးလက်တွေ့ပါရဂူသင်တန်းများနှင့် နှီးနွယ်ဘာသာရပ်များမှ ဘွဲ့လွန်သင်တန်းများကိုပါ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ အင်္ဂလန်၊ အမေရိကန်၊ ဥရောပနိုင်ငံများနှင့် အိမ်နီးချင်းအာဆီယံနိုင်ငံများမှ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆရာဝန်ကြီးများကလည်း အခါအားလျော်စွာ လာရောက်ပြီး လက်တွေ့ခွဲစိတ်ပြသသင်ကြားပေးနေကြောင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အထူးကုဘာသာရပ်ကို နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဘာသာရပ်အဖြစ်ဖြင့် ခွဲစိတ်အထူးကုဆေးရုံကြီးအဖြစ် ပြင်ဆင်ပြောင်းလဲပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ဤခွဲစိတ်အထူးကုဆေးရုံကြီး၏ အရည်အသွေးများကို ပိုမိုမြင့်မားအောင်ကြိုးစား၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ယခုထက်ပိုမိုစွမ်းဆောင်ကြရန် ပြောကြားသည်။

ယင်းနောက် ဆေးရုံကြီးရှိ လူနာများအား အားပေးစကားပြောကြား၍ နားအကြားစမ်းသပ်ခန်း RHINOMETRY ROOM ရှိ စက်ပစ္စည်းကိရိယာများနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## မြစ်ငယ်စာစစ်ဌာနတွင် မွေးရာပါကိုယ်လက်အင်္ဂါချို့ယွင်းနေသည့် တက္ကသိုလ်ဝင်တန်းကျောင်းသားတစ်ဦး ဖြေဆိုအောင်မြင်

**မြစ်ငယ် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး မြစ်ငယ်(အထက)စာစစ်ဌာနတွင် မွေးရာပါကိုယ်လက်အင်္ဂါ ချို့ယွင်းနေသည့် တက္ကသိုလ်ဝင်တန်း ကျောင်းသားတစ်ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းသားသည် အသက် (၁၉)နှစ်အရွယ် မောင်ဝေယံဖြိုးဖြစ်ပြီး အမရပူရမြို့နယ် တောတွင်ကျေးရွာတွင်နေထိုင်ကာ တက္ကသိုလ်ဝင်စာမေးပွဲကို ဝိဇ္ဇာတွဲဖြင့် ဒုတိယအကြိမ် ဖြေဆိုရာမှ အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



"ပြီးခဲ့တဲ့နှစ်က ပုသိမ်ကြီးမြို့နယ်မှာ ဖြေဆိုခဲ့ပါတယ်။ မအောင်မြင်ခဲ့ပါဘူး။ ဒါနဲ့ ကျွန်တော်တစ်နှစ်လုံးစာပဲဖိလုပ်ပါတယ်။ စာထဲပဲစိတ်ကိုနှစ်ထားပါတယ်။ လဲကျနေရင်ပြန်ထရမယ်လို့ ကျွန်တော့်မိဘများကပြောပါတယ်။ ဒါနဲ့ ကျွန်တော်လည်း အစွမ်းကုန်ကြိုးစားခဲ့ပါတယ်။ စာကိုလည်း အရင်နှစ်ကထက် နှစ်ဆတိုးပြီး ကြိုးစားလုပ်ခဲ့တာပါ။ အခုတော့ ကြိုးစားခဲ့ရကျိုးနပ်ပါပြီ။ ကျွန်တော် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီ"ဟု မောင်ဝေယံဖြိုးက ပြောသည်။

မောင်ဝေယံဖြိုးအနေဖြင့် စာမေးပွဲဖြေဆိုစဉ်က လက်ချောင်းလေးများမပါရှိသည့်အတွက် ဘောပင်နှင့် စာရေးကိရိယာကို လက်မောင်းရင်းတွင် သားရေကြိုးဖြင့်ချည်နှောင်၍ စာမေးပွဲကို ဖြေဆိုခဲ့ရခြင်းဖြစ်သည်။ ဖြေဆိုရန်အချိန်ကိုလည်း နာရီဝက်အချိန်ပိုဖြင့် စာစစ်ဌာန၏ စည်းကမ်းချက်များနှင့်အညီ ဖြေဆိုခဲ့ခြင်းဖြစ်ပြီး စာမေးပွဲဖြေဆိုစဉ် တစ်လျှောက် ၎င်း၏အစ်ကိုတော်စပ်သူက ဆိုင်ကယ်ဖြင့် နေ့စဉ်လိုက်ပါပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် မောင်ဝေယံဖြိုးသည် ခုံအမှတ် မဗ-၈၈၆ ဝိဇ္ဇာတွဲဖြင့် အောင်မြင်ခဲ့ပြီး မိဘများမှာ ဦးမြမောင်-ဒေါ်အေးအေးခိုင်တို့ဖြစ်ကာ မလျော့သောဇွဲလုံ့လများဖြင့် ကြိုးစားခဲ့ရာမှ ယခုအခါ မိမိ၏ ဘဝရည်မှန်းချက်ဖြစ်သော တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

## မူးယစ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြော

**ညောင်လေးပင်**

ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ဇွန် ၄ ရက် နံနက် ၁၁ နာရီက တော်ဝိစံပြကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြတ်နွယ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကိုကိုကြီးက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာများကို လည်းကောင်း၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်နီနီဝင်းက မူးယစ်ဆေးဝါး၏ဆိုးကျိုးနှင့် နစ်နာဆုံးရှုံးမှုများ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းကိုလည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို လိုက်လံကြည့်ရှုခဲ့ကြောင်းသိရသည်။ **နီနီဝင်း(IPRD)**

**နမ့်ခမ်း**

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်း(ယင်းမာ) အထူးစီမံချက်အရ ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို နမ့်ခမ်းမြို့ အထက(၁)သီရိရွှေရီခန်းမ၌ ဇွန် ၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးက အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်သူများက မူးယစ်ဆေးဝါးနှင့် ဥပဒေ၊ မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်နိုင်သောရောဂါ၊ မူးယစ်ဆေးဝါးသမိုင်းကြောင်း၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အလားတူ ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ကွတ်ခိုင်မြို့ အမှတ် (၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြည်သူလူထုပါဝင်သော မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် ဆိုးကျိုးများအကြောင်း အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ အမှတ် (၂) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလဆိုင်ဆန်းနော်က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယရဲမှူး စိုင်းကိုကိုလတ်က မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော ဥပဒေ၊ ရဲအုပ်စိုးအောင်က မူးယစ်ဆေးဝါးဖမ်းဆီးရာတွင် ပြည်သူလူထုပူးပေါင်းရန် လိုအပ်ကြောင်းနှင့် မူးယစ်ဆေးဝါး ဆိုးကျိုးများအကြောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **(ဆရာမောင်)**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ကန်ဒေါ်လာ ၄၇၆ သန်း ကမ္ဘာ့ဘဏ် ထုတ်ချေးမည်

**ဒါကာ ဇွန် ၇**

ကမ္ဘာ့ဘဏ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တောင့်တင်းခိုင်မာသည့် ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးစေရန်နှင့် ဆင်းရဲသော လယ်သမားတစ်သန်းအတွက် စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုတိုးတက်စေရန် စီမံကိန်းနှစ်ရပ်အတွက် အမေရိကန်ဒေါ်လာ ၄၇၆ သန်းချေးငွေထုတ်ပေးမည်ဟု အတည်ပြုပြောကြားသည်။

ကမ္ဘာ့ဘဏ်အမှုဆောင်ညွှန်ကြားရေးမှူးအဖွဲ့က ဘဏ္ဍာရေးကဏ္ဍထောက်ပံ့မှုစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၃၀၀ နှင့် ဒုတိယမြောက်အမျိုးသား စိုက်ပျိုးရေးနည်းပညာအစီအစဉ်အတွက် အမေရိကန် ဒေါ်လာ ၁၇၆ ဒသမ ၀၆ သန်းချေးငွေထုတ်ပေးမည်ဟု အတည်ပြုခဲ့ကြောင်း ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါစီမံကိန်းနှစ်ရပ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဘဏ္ဍာရေးကဏ္ဍခိုင်မာတောင့်တင်းပြီး အစားအစာလုံလောက်မှုရှိကာ ဝင်ငွေအသင့်အတင့်ရရှိသော အနေအထားသို့ ရောက်ရှိရန်အတွက် အထောက်အကူပြုမည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ညွှန်ကြားရေးမှူး ဂျိုဟန်နက်စ်ဇတ်က ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြီးခဲ့သည့် ဆယ်စုနှစ်များက ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် သိသာထင်ရှားသည့် တိုးတက်မှုများပြုလုပ်နိုင်ခဲ့သည်။ နိုင်ငံအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့် ကိစ္စရပ်များကို ကောင်းမွန်စွာကိုင်တွယ်ဖြေရှင်းနိုင်မည်ဆိုပါက စီးပွားရေးကဏ္ဍတွင် အထွတ်အထိပ်သို့ရောက်ရှိမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

**ဆင်ဟွာ။**



# တရုတ်-ဂျပန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဆွေးနွေး

**ပေကျင်း ဇွန် ၇**

တရုတ်နှင့် ဂျပန်ဘဏ္ဍာရေးဝန်ကြီးများသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ယနေ့ဆွေးနွေးခဲ့ကြသည်။အာရှအိမ်နီးချင်း နှစ်နိုင်ငံအကြား ဆက်ဆံရေးတင်းမာလာသဖြင့် အဆိုပါကိစ္စရပ်မှာ နှစ်နှစ်ခန့် နှောင့်နှေးကြန့်ကြာခဲ့သည်။

တရုတ်ဘဏ္ဍာရေးဝန်ကြီး လျူကျီးဝေနှင့် ဂျပန်ဘဏ္ဍာရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ် တာရိုအာဆိုတို့သည် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်ခြင်းကို အထောက်အပံ့ပြုရန် သဘောတူခဲ့ကြသည်ဟု ဆင်ဟွာက ဖော်ပြသည်။

နောင်နှစ်တွင် ခြောက်ကြိမ်မြောက် တရုတ်-ဂျပန်ဘဏ္ဍာရေးဆွေးနွေးပွဲကို တိုကျိုမြို့၌ကျင်းပရန်လည်း သဘောတူခဲ့ကြသည်။

ဆင်ဟွာသတင်းဌာနက ဖော်ပြသည့် ကြေညာချက်အရ စီးပွားရေးနှင့် ဘဏ္ဍာရေးနယ်ပယ်တို့တွင် တရုတ်-ဂျပန် မဟာဗျူဟာမြောက်နှင့် နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးရှိသော ဆက်ဆံရေးများ ရှေ့သို့တက်လှမ်းရေးအတွက် အထောက်အကူဆွေးနွေးပွဲများ ကျင်းပရေးကိုလည်း ဝန်ကြီးနှစ်ဦးက သဘောတူခဲ့ကြသည်။

ယနေ့ ဆွေးနွေးပွဲသည် ကမ္ဘာ့ဒုတိယနှင့် တတိယစီးပွားရေးအင်အားကြီးနှစ်နိုင်ငံတို့၏ ဘဏ္ဍာရေးဝန်ကြီးများအကြား ငါးကြိမ်မြောက်ဆွေးနွေးခြင်းဖြစ်သည်။

**ရိုက်တာ။**

# တပ်ဖွဲ့များ လည်ပတ်ရေးစာချုပ် ဂျပန်နှင့် ဖိလစ်ပိုင် ချုပ်ဆို

**တိုကျို ဇွန် ၇**

ဖိလစ်ပိုင်သမ္မတ ဘီနစ်နိုအကွီနို(၃)က ၎င်း၏အရှေ့တောင်အာရှနိုင်ငံအတွင်းသို့ ဂျပန်တပ်ဖွဲ့များကို လည်ပတ်ခွင့်ပြုရန် ဆွေးနွေးပွဲကို စတင်လိုကြောင်း မကြာသေးမီက ပြောကြားခဲ့သည်။

ဂျပန်တပ်ဖွဲ့များ အချိန်မှန် လည်ပတ်နိုင်ရေးအတွက် လောင်စာဆီဖြည့်တင်းခြင်းနှင့် အခြားသောလိုအပ်သည့် ထောက်ပံ့ခြင်းများ ပြုလုပ်ပေးရန် သဘောတူမည်ဖြစ်ကြောင်း တိုကျိုမြို့သို့ လေးရက်ကြာ လာရောက်သည့် ခရီးစဉ်အပြီးပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် အကွီနိုက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံတို့နှင့် စာချုပ်ချုပ်ဆိုထားသည့်နည်းတူ ဖိလစ်ပိုင်နှင့် ဂျပန်နိုင်ငံတို့သည် မဟာဗျူဟာမြောက်မဟာမိတ်နိုင်ငံအဖြစ် သဘောတူစာချုပ်ကို လွန်ခဲ့သည့် ကြာသပတေးနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

နှစ်နိုင်ငံ စစ်ဘက်အကြား ပူးတွဲစစ်ရေးလေ့ကျင့်ခြင်း၊ ပူးတွဲလုပ်ဆောင်ခြင်းများကို ကူညီပံ့ပိုးသကဲ့သို့ ဂျပန်အကြီးစားစစ်လက်နက်များနှင့် နည်းပညာများ ရောင်းချရေးကို စတင်ဆွေးနွေးကြမည်ဟု ဂျပန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့က ပြောသည်။

ဂျပန်နိုင်ငံက ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့များအတွက် ကင်းလှည့်သင်္ဘော ၁၀ စင်းပေးပို့မည်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်၊ ထောက်လှမ်းရေးစွမ်းရည်များကိုလည်း ဖြည့်တင်းပေးမည်ဖြစ်သည်။

သို့သော် ဂျပန်ဝန်ကြီးချုပ်ရုံး ပြောရေးဆိုခွင့်ရှိသူ ကင်ကိုဆိုနီက ဖိလစ်ပိုင်နိုင်ငံနှင့် တပ်ဖွဲ့များ လည်ပတ်ရေး သဘောတူညီချက်ကို စတင်ဆွေးနွေးမည်၊ မဆွေးနွေးမည်ကို ချက်ချင်းမသိကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဂျပန်နိုင်ငံ စစ်ရေးကဏ္ဍကို ပင်လယ်ရပ်ခြားသို့ တိုးချဲ့ရန် ဆန္ဒရှိသည်။ အမေရိကန်၊ ဩစတြေးလျတို့ အပါအဝင် နိုင်ငံအချို့နှင့် စစ်ရေးမဟာမိတ်ဖွဲ့ထားပြီးဖြစ်သည်။

**ရိုက်တာ။**

# ဟာဆာကာမြို့ကို အိုင်အက်စ်ထံမှ ဆီးရီးယားအစိုးရတပ် ပြန်လည်သိမ်းယူ

**ဒမတ်စကတ် ဇွန် ၇**

ဆီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းရှိ အိုင်အက်စ်အဖွဲ့ဝင်လက်အောက်တွင် ကျရောက်နေသည့် ဟာဆာကာမြို့အား ဆီးရီးယားအစိုးရကြည်းတပ်ဖွဲ့ဝင်များက အလုံးအရင်းဖြင့် ထိုးစစ်ဆင်နွှဲပြီး ၎င်းမြို့အားပြန်လည် လွတ်မြောက်စေခဲ့ကြောင်း ဆီးရီးယားစစ်ဘက်က ဇွန် ၇ ရက်တွင် ပြောကြားသည်။

ယင်းသို့ တိုက်ခိုက်သိမ်းယူရာ၌ အစ္စလာမ္မစ်တပ်ဖွဲ့ဝင်များအား ဟာဆာကာ မြို့တော်တောင်ဘက်အစွန်အဖျားဒေသများမှပါ မောင်းထုတ်နိုင်ခဲ့သည်ဟုဆိုသည်။

ဆီးရီးယားနိုင်ငံ၏အရှေ့မြောက်ဘက် ထောင့်ကျဉ်းဒေသသည် မဟာဗျူဟာအရ အရေးပါသောနေရာဖြစ်ပြီး ယင်းသို့ဖြစ်ရခြင်းမှာ ယင်းဒေသသည် ဆီးရီးယားနှင့် အီရတ်နိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများ သိမ်းယူထားသောဒေသများနှင့် ဆက်နွှယ်မှုရှိနေခြင်းကြောင့် ဖြစ်သည်။

ဆီးရီးယားနွယ်ဖွား ကာ့ဒ်လူမျိုးစုများကလည်း ၎င်းတို့၏ ပိုင်နက်နယ်မြေအား အဆိုပါဒေသအထိ ကျယ်ပြန့်ရန်နှင့် ထိန်းချုပ်နိုင်ရေးဆောင်ရွက်နေပြီး ယင်းဒေသပေါ်ကိုဘာနီမြို့မှသည် အိုမစ်ရှိလီအထိ ထိန်းချုပ်နိုင်ရေးကြိုးပမ်းနေပြီး ယင်းမှာ ၎င်းတို့၏အနာဂတ်ကာဒစ်ပြည်နယ်ထူထောင်ရေးရည်မှန်းချက်၏ အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်သည်။

စစ်သွေးကြွများသည် ဆီးရီးယားအစိုးရတပ်ဖွဲ့များ၏ စစ်ဆေးရေးစခန်းများ၊ ဗုံးများတင်ဆောင်ထားသည့် ထရပ်ကားများဖြင့် ယခုသီတင်းပတ်အတွင်း အသေခံတိုက်ခိုက်မှုဒါဇင်ပေါင်းများစွာ ပြုလုပ်ကြပြီးနောက် ၎င်းတို့ အခြေပြုရာ ရှဒါဒီမြို့အခြေစိုက်စခန်းများမှ ဟာဆာကာမြို့၏ မြို့တောင်ပိုင်းသို့ လျှပ်တစ်ပြက် ချီတက်လာခဲ့ကြသည်။

သို့သော် ဆီးရီးယားတပ်ဖွဲ့ဝင်များအနေဖြင့် အစ္စလာမ္မစ်တပ်ဖွဲ့များနှင့် တိုက်ပွဲများ ထပ်မံဆင်နွှဲပြီး စစ်သွေးကြွများလက်မှ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ၊ဟာဆာကာမြို့ တောင်ဘက် နှစ်ကီလိုမီတာအကွာရှိ ကျေးရွာနှစ်ရွာနှင့် ကလေးအကျဉ်းထောင်တစ်ခုအား သိမ်းပိုက်ခဲ့ကြောင်း သိရသည်။

**ရိုက်တာ။**





# ယီမင်သူပုန်များပစ်သော စကတ်ဒုံးကျည် ဆော်ဒီအာရေဗျ ကြားဖြတ်ဖျက်ဆီး

**ဆာနား ဇွန် ၇**

ယီမင်နိုင်ငံဘက်မှ ၎င်းတို့နိုင်ငံအတွင်းသို့ ပစ်ခတ်လိုက်သော စကတ်ဒုံးကျည်ကို လမ်းခုလတ်တွင် ပစ်ချခဲ့ကြောင်း ဆော်ဒီအာရေဗျအစိုးရက ယမန်နေ့တွင် ကြေညာခဲ့သည်။

ယီမင်နိုင်ငံကို ထိန်းချုပ်ထားသည့် ဟူသီသူပုန်နှင့် ၎င်း၏ မဟာမိတ်များက နှစ်လကျော်ကြာမြင့်ခဲ့ပြီဖြစ်သော စစ်ပွဲကာလအတွင်း ပထမဆုံးအကြိမ် ဒုံးကျည်အသုံးပြုခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျ ဦးဆောင်သည့် အာရပ်ညွန့်ပေါင်းအုပ်စု၏ ခေါင်းဆောင်များ ထုတ်ပြန်သော ကြေညာချက်တွင် ခါမီးအဲလ်မူရှိတ်ဒေသကို ပစ်မှတ်ထား၍ ယနေ့နံနက်အစောပိုင်းတွင် ပစ်ခတ်လိုက်သည့် ဒုံးကျည်အား "ပက်ထရီယော့"ဒုံးကျည်ဖြင့် ကြားဖြတ်ပစ်ခတ်ဖျက်ဆီးနိုင်ခဲ့သည်ဟု ဖော်ပြထားသည်။

အဆိုပါဒေသသည် ဆော်ဒီအာရေဗျနိုင်ငံတောင်ပိုင်းတွင်ရှိ၍ အကြီးဆုံး ဆော်ဒီလေတပ်စခန်း အခြေစိုက်ရာဒေသလည်းဖြစ်သည်။ယီမင် အဝေးရောက်သမ္မတအတက်ရက်ဘူးမန်အိုအာဟာဒီ အာဏာပြန်လည်ရရှိရန် ကြိုးစားသောအားဖြင့် အာရပ်ပင်လယ်ကွေ့ ညွန့်ပေါင်းအဖွဲ့သည် ယီမင်နိုင်ငံကို ထိန်းချုပ်ထားသည့် ဟူသီသူပုန်များနှင့် ၎င်း၏မဟာမိတ် သမ္မတဟောင်း အလီအဗ္ဗဒူလာချ်ဆာလားကို သစ္စာခံသောတပ်များအား လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်လျက်ရှိသည်။

**ရိုက်တာ။**

# လူကုန်ကူးခံရခြင်းမှ နေရပ်ထံပြန်လာသူများတွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၇**

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့်ပူးပေါင်း၍ ဝေါလ်ဗီးရှင်း (မြန်မာ)မှ လူကုန်ကူးခံရခြင်းမှ ပြန်လည်လွတ်မြောက်လာပြီး နေရပ်ထံ ပြန်လာသူများ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ Summit Park View Hotel ၌ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ဆက်စပ်ပါဝင်သော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ နေရပ်ထံပြန်လည်ရောက်ရှိလာသူများ၊ NGO၊ INGO များနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ထွန်းက "လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်မှာ လူကုန်ကူးခံရတဲ့သူတွေကို ဗဟိုပြုပြီး ချဉ်းကပ်တဲ့နည်းလမ်းနဲ့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ယခုလို နေရပ်ထံပြန်ရောက်လာသူတွေရဲ့ စကားသံတွေ၊ အတွေ့အကြုံတွေ၊ သူတို့ရဲ့အမြင်တွေဟာ ကျွန်တော်တို့အတွက် များစွာ အထောက်အကူဖြစ်စေပါတယ်။ ဒီအချက်အလက်တွေကိုယူပြီး နိုင်ငံတော်အစိုးရအနေနဲ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေး မူဝါဒချမှတ်တဲ့လုပ်ငန်းတွေမှာ စီမံချက်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရတာတွေရှိပါတယ်။ ဒီတွေ့ဆုံပွဲဟာ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်မှာ ဆောင်ရွက်နေကြသူတွေအတွက် ပိုပြီးပြည့်စုံတဲ့လုပ်ငန်းစဉ်တစ်ရပ်ချမှတ်နိုင်တဲ့ တွေ့ဆုံပွဲလို့လည်း ပြောလို့ရပါတယ်"ဟု ပြောကြားသည်။



ယင်းနောက် ဝေါလ်ဗီးရှင်း(မြန်မာ)မှ ရန်ကုန်တိုင်းစီမံချက် မန်နေဂျာ ဒေါက်တာဇင်ထွေးစီက လူကုန်ကူးမှုတားဆီးကာကွယ်ရေး စီမံချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နေရပ်ထံပြန်လာသူများက ၎င်းတို့၏အတွေ့အကြုံများနှင့် ရင်တွင်းခံစားချက်များကို သီချင်းတေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့တွင် ဆက်စပ်ပါဝင်သော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO၊ INGO များက ကဏ္ဍအလိုက် အကြံပြုတင်ပြကြပြီး ရဲမှူးချုပ် ဝင်းနိုင်ထွန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**

# ရောဝတီတိုင်းဒေသကြီး၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မား

**ပုသိမ် ဇွန် ၇**

၂၀၁၅ ခုနှစ် မတ်လအတွင်းကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၆ ရက် နံနက် ၆ နာရီတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်ပြန်ခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖြေဆိုသူ ၆၁၈၅၁ ရှိပြီး အောင်မြင်သူ ၃၂၀၂၆ ဦးဖြစ်ရာ ၅၁ ဒသမ ၇၈ ရာခိုင်နှုန်းအောင်မြင်ခဲ့ကြောင်းနှင့် ခြောက်ဘာသာဂုဏ်ထူး ၃၆ ဦး၊ ငါးဘာသာဂုဏ်ထူး ၁၀၆ ဦး၊ လေးဘာသာဂုဏ်ထူး ၂၆၉ ဦး၊ သုံးဘာသာဂုဏ်ထူး ၈၀၈ ဦး၊ နှစ်ဘာသာဂုဏ်ထူး ၁၈၂၀ ဦးနှင့် တစ်ဘာသာဂုဏ်ထူး ၄၅၅၃ဦး ရရှိခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့လက်ထက် နှစ်အလိုက် တက္ကသိုလ်ဝင်တန်း အောင်ချက်တိုးတက်မှုအခြေအနေမှာ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် အောင်ချက် ၂၇ ဒသမ ၁၃ ရာခိုင်နှုန်း၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၃၅ ဒသမ ၅၉ ရာခိုင်နှုန်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အောင်ချက် ၃၀ ဒသမ ၂၀ ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၄၄ ဒသမ ၈၅ ရာခိုင်နှုန်းနှင့် ယခုနှစ် ၂၀၁၄-၂၀၁၅ အောင်ချက် ၅၁ ဒသမ ၇၈ ရာခိုင်နှုန်းရရှိခဲ့သည်။

**မောင်တင်လှိုင်(ဟိုတယ်/ခရီး)**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ လှည်းကူး၌ ကျင်းပ

**လှည်းကူး ဇွန် ၇**

၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို လှည်းကူးမြို့နယ်သစ်တောဦးစီးဌာနက ဇွန် ၅ ရက် နံနက် ၈ နာရီတွင် မရမ်းချောင်းကျေးရွာ မေတ္တာပရဟိတဂေဟာဝင်းအတွင်း ကျင်းပခဲ့သည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများပါဝင်သော အင်အား ၂၂၀ တို့မှ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေ၊ မန်ကျည်းရှား စသည့် ပျိုးပင်ပေါင်း ၄၅၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**လှကြွယ်(ပြန်/ဆက်)**

# ရေချိုငါးဖမ်းခြင်းလုပ်ငန်းများမပြုလုပ်ရန် သတိပေးတားမြစ်ချက်ဆိုင်းဘုတ်စိုက်ထူ

**ရန်ကုန် ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှဦးဆောင်၍ ကျေးရွာလူစည်ကားရာနေရာများ၊ မြစ်ချောင်းကမ်းနံဘေးများ၊ မြို့အဝင်လမ်းဆုံများနှင့် ကမ်းနားဆိပ်များတွင် သတိပေးတားမြစ်ချက်ဆိုင်းဘုတ်များကို ဇွန် ၅ ရက်က မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မြင့်နိုင်နှင့် ဝန်ထမ်းများက စိုက်ထူဆောင်ရွက်ကြသည်။

"အခုလို မိုးရာသီရောက်လာရင် ဒီလိုသတိပေးတားမြစ်ချက်ဆိုင်းဘုတ်တွေကို စီစဉ်ဆောင်ရွက်နေကြရတယ်။ တားမြစ်ထားတဲ့ ငါးရစ်၊ ငါးသန်ကာလဟာ မေ ၁၅ ရက်ကနေပြီး ဇွန်၊ ဇူလိုင်လကုန်အထိဖြစ်ပါတယ်။ ဒီသဘာဝရေပြင်များ၊ မြစ်၊ ချောင်း၊ အင်းအိုင်များက ငါး၊ ပုစွန်တွေကို ဖမ်းဆီးခြင်း၊ ဒီလိုဖမ်းဆီးတဲ့နေရာမှာ တရားမဝင်အဆိပ်ချငါးဖမ်းခြင်း၊ ဘက်ထရီရှော့တိုက်ပြီး ငါးဖမ်းခြင်း၊ ဒီလိုကိရိယာတွေကို လက်ဝယ်ထားရှိခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းတွေကို တွေ့ရှိမယ်ဆိုရင် ဧရာဝတီတိုင်းဒေသကြီးရဲ့ ရေချိုငါးလုပ်ငန်းဥပဒေ (၂/၂၀၁၂)အရ အရေးယူဆောင်ရွက်သွားလို့ရပါတယ်။ ငါးရစ်၊ ငါးသန်ကာလအတွင်းမှာ ဖျာပုံခရိုင် မိုးပုစွန်အင်းများကလွဲပြီး ကျန်ခရိုင်၊ မြို့နယ်များအတွင်း ငါးပုစွန်နဲ့ ယင်းတို့ရဲ့ သားပေါက်များကို ဖမ်းဆီးခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဘယ်နေရာဘယ်ဒေသမှာမဆို ရောင်းဝယ်ဖောက်ကားခြင်းမပြုလုပ်ရန်နဲ့ ဒီသတ်မှတ်ချက်တွေကို ကျူးလွန်မယ်ဆိုရင် ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ(၄၇)အရ ၆၀၀၀၀ ကျပ်ထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ကျခံစေရမှာဖြစ်ပါတယ်"ဟု မြို့နယ်ငါးလုပ်ငန်းဦးစီးအရာရှိ ဦးဇော်မြင့်နိုင်က ပြောသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**


# ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ကျင်းပ

**ရန်ကုန် ဇွန် ၇**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေမှ ကြီးမှူး၍ IBTC (International Beverages Trading Co., Ltd) မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် (ရန်ကုန်)၏ တတိယနေ့ပွဲစဉ်များကို ဇွန် ၄ ရက် နံနက်က ရန်ကုန်မြို့ရှိ တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ) ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတတိယနေ့ (၁၈)ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲ၌ ဘိုဘို (HAN Golf Academy) က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၃ ချက်ဖြင့် ပထမ၊ ဇော်ဇော်လတ် (HAN Golf Academy) က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၄ ချက်ဖြင့် ဒုတိယ၊ သိန်းဇော်မြင့် (Mizuno)က စုစုပေါင်း ရိုက်ချက် ၂၁၆ ချက်ဖြင့် တတိယလိုက်နေကြပြီးအပျော်တမ်းအဆင့်ပြိုင်ပွဲတွင် ဇင်မင်းသူက စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် ပထမ၊ ကျော်ကျော်က စုစုပေါင်းရိုက်ချက် ၂၂၈ ချက်ဖြင့် ဒုတိယ၊ ကျော်သက်ဦးက စုစုပေါင်းရိုက်ချက် ၂၃၀ ဖြင့် တတိယရရှိကာ အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ခင်မာနွယ်က စုစုပေါင်းရိုက်ချက် ၁၆၅ ချက်ဖြင့် ပထမ၊ ဝင့်ဖူးနဒီအောင်က စုစုပေါင်းရိုက်ချက် ၁၆၈ချက်ဖြင့် ဒုတိယ၊ သင်းဝေခိုင်က စုစုပေါင်းရိုက်ချက် ၁၇၃ ချက် ဖြင့် တတိယလိုက်နေကြသည်။

**(ဖိုးသော်ဇင်)**





## O.T.S (71) စည်သူတပ်ခွဲ သူငယ်ချင်းများသို့ ဖိတ်ကြားခြင်း

၁။ ၂၀-၆-၂၀၁၅ရက်(စနေနေ့)တွင် ကျရောက်မည့် O.T.S(71)၏ ကျောင်းဆင်းပွဲ (၂၉)နှစ်မြောက် အထိမ်းအမှတ်စုပေါင်းအလှူဒါနပြုပွဲများ၊ ဆရာကန်တော့ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါနေ့ရက်၊ အချိန်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| | နေ့ရက်၊ အချိန် | နေရာ |
|---|---|---|
| စုပေါင်းအလှူဒါနပြုပွဲ | ၂၀-၆-၂၀၁၅ရက် (စနေနေ့) | |
| | ၈း၃၀နာရီ | (၁) ဇီဝိတဒါနသံဃာ့ဆေးရုံ ဗဟန်း၊ ရန်ကုန်မြို့ |
| | | (၂) သုခကာရီသီလရှင်စာသင်တိုက်၊ လှော်ကား(သံဃာ့ဆေးရုံတွင်သာ လှူဒါန်းလက်ခံမှုပြုလုပ်ပါမည်။) |
| | ၁၂း၀၀နာရီ | တပ်မတော်အရိုးအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ မင်္ဂလာဒုံ |
| ဆရာကန်တော့ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မိတ်ဆုံညစာစားပွဲ | ၁၈း၀၀နာရီ | M-3 Food Centre ဗဟန်းအားကစားကွင်း |

၂။ အလှူငွေများထည့်ဝင်ခြင်းနှင့် ၂၀၁၅ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ကြသော သား၊ သမီးများ၏ အမည်စာရင်းအား အောက်ဖော်ပြပါ သူငယ်ချင်းများထံသို့ ဆက်သွယ်ပေးပို့ရန်နှင့် အထက်ပါအလှူဒါနပြုပွဲ၊ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲသို့ မိသားစုနှင့်အတူ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ (ဖိတ်စာသီးခြားမပို့ပါ)

| ရန်ကုန် | | | နေပြည်တော် | | |
|---|---|---|---|---|---|
| ကျော်နိုင်မြင့် | - | ၀၉-၅၀၁၈၇၁၉ | မြင့်ဝေ | - | ၀၉-၄၉၂၄၉၃၀၆ |
| ထွန်းဖေ | - | ၀၉-၈၇၀၁၆၉၄ | မြင့်သူ | - | ၀၉-၄၉၂၀၁၂၇၃ |
| တင်ထွန်း | - | ၀၉-၄၂၀၃၁၈၄၄၇ | နေမျိုးသန်း | - | ၀၉-၈၆၁၀၂၆၃ |
| ရန်အောင် | - | ၀၉-၅၀၉၂၀၅၀ | ကျော်ဆန်း | - | ၀၉-၈၃၀၄၅၀၂ |
| ဝင်းဦး | - | ၀၉-၅၀၅၄၄၄၇ | ခမ်းအောင် | - | ၀၉-၅၀၂၁၀၉၉ |



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4F-6434 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ မြေကွက်အမှတ်-၇၃၇/ခ၊ မြေကွက်တည်နေရာအမှတ်-(၇၃၇/ခ)၊ ၁၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်(ဦးတင်လှ) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးတင်လှထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်ကြည်ကြည်မြင့်[၉/မလန(နိုင်)၀၂၃၄၃၁]က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်-၇၃၇/က၊ မြေကွက်တည်နေရာအမှတ် (၇၃၇/ က)၊ ၁၈ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (ဦးခင်လေး) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးခင်လေးထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ကြည်ကြည်မြင့်[၉/မကန(နိုင်)၀၂၃၄၃၁]က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှား စာချုပ်(ဂရန်) လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်-၄၄၊ မြေကွက်တည်နေရာအမှတ်(၄၄)၊ ဘုရင့်နောင်လမ်း၊ ၄၇ရပ်ကွက်၊ ဒဂုံမြောက် [ဒေါ်စိန်မြ(ခ)တင်စိန်](CB-၀၂၀၇၀၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်မြ(ခ)ဒေါ်တင်စိန်(မိခင်)၊ ဦးမြတ်သိန်း(ဖခင်)တို့ကွယ်လွန်၍ ဦးအောင်မျိုးသိန်း[၁၂/မဂတ(နိုင်)၀၁၀၅၆၄]မှ သားသမီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးနှင့် အရောင်းမြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အများပြည်သူဆိုင်ရာ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ အစဉ်ထာဝရထိန်းသိမ်းထား

သတင်းဆောင်းပါး - ခင်မောင်ထွေး၊ ဓာတ်ပုံ - ဇော်မင်းလတ်

ရပ်ကွက်လူနေအိမ်အများစု၏ မျက်နှာစာတိုးချဲ့နေရာယူမှုတို့ကြောင့် ပျောက်ဆုံးသွားခဲ့ရသည့် ငယ်စဉ်က အရှူးအမူး ဘောလုံးကစားခဲ့ရာ ရပ်ကွက်ကစားကွင်းဟောင်းနေရာလေးကို မောင်ဝင်းနိုင်တစ်ယောက် အတန်ကြာအောင် လွမ်းမောတသ ငေးကြည့်နေမိသည်။

ဤကစားကွင်းငယ်လေးမှတစ်ဆင့် ရပ်ကွက် လက်ရွေးစင်ကစားသမားအဆင့်အထိသာ သူတက်လှမ်းနိုင်ခဲ့ပေမယ့် ဘောလုံးအားကစားက ပေးအပ်ခဲ့သည့် Fair Play ဟူသည့် အားကစားစိတ်ဓာတ်နှင့် အနိုင်မခံအရှုံးမပေးသော တိုက်ပွဲဝင်စိတ်ဓာတ်(Fighting Spirit) တို့ကို ယခုတိုင်အမွေဆက်ခံနိုင်ခဲ့၍ ကျေနပ်မိသည်။

တစ်ဆက်တည်းမှာပင် ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်အရ ကလေးတွေမကစားကြတော့၍ ရပ်ကွက်အားကစားကွင်းအချို့ ပျောက်ကွယ်သွားရလေသလား၊ သို့တည်းမဟုတ် ရပ်ကွက်အားကစားကွင်းများ ပျောက်ဆုံးကုန်၍ ကလေးငယ်များ မြူးထူးပျော်ပါး အားကစားများကို မပြုလုပ်နိုင်ကြခြင်းလေလားဆိုသည်ကိုမူ မောင်ဝင်းနိုင် အဖြေထုတ်၍မရ ဖြစ်နေဆဲ။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့်အတူ သမ္မတဦးသိန်းစိန်ဦးဆောင်သော အစိုးရသစ်လက်ထက်တွင် မြို့ပြလူဦးရေ ခုနစ်သန်းကျော် နေထိုင်သော စီးပွားရေးမြို့တော်ရန်ကုန်ကို ကဏ္ဍအလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ရာတွင် အများပြည်သူနှင့် သက်ဆိုင်သည့် ဥယျာဉ်ပန်းခြံများနှင့် အားကစားကွင်းများကို အဆင့်မြှင့်မွမ်းမံမှုများ ဆောင်ရွက်ပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လက်ရှိ ပန်းခြံပေါင်း ၆၃ ခုရှိပြီး ဆက်လက်၍ ဗိုလ်တထောင်မြို့နယ် ကားကြီးဝင်းနှင့် ကမ်းနားလမ်းကြားရှိ မြေအကျယ်နေရာတွင်လည်း ဆိပ်ကမ်းပန်းခြံအသစ်ကို တည်ဆောက်ရန် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရွှေပြည်သာနှင့် မင်္ဂလာဒုံမြို့နယ်များ၌ အားကစားကွင်း ၁၆ ကွင်းကို ဆက်လက်ဆောက်လုပ်သွားရန် စီစဉ်လျက်ရှိပြီး လက်ရှိတွင်မြေပိုင်ဆိုင်မှု စိစစ်နေသော အားကစားကွင်းအချို့နှင့် ပုံမှန် ထိန်းသိမ်းနေသော အားကစားကွင်း ၁၀ ကွင်းစသည်ဖြင့် စုစုပေါင်း အားကစားကွင်း ၁၀၀ ရှိကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။

သို့တစေ ၁၉၅၀ ခုနှစ်ဝန်းကျင်က မဟာဗန္ဓုလပန်းခြံမှ ကြက်တူရွေးရုံပုံစံအငြိမ့်စင်တွင် စနေနေ့တိုင်း ကပြဖျော်ဖြေသည့်အငြိမ့်ပွဲများ၊ သိမ်ဖြူကွင်းမှ ရွက်ထည်ရုံနှင့် ပြသသည့်ဆပ်ကပ်ပွဲများ၊ ကန်တော်ကြီးစောင်းမှ ကနေဒီကျွန်းတွင်ကျင်းပသည့်လွတ်လပ်ရေးပွဲတော်များကမူ အတိတ်သမိုင်းတွင် ကာလအတန်ကြာ ပျောက်ခဲ့ရချေပြီ။

တစ်ဖန် ၁၉၅၀ ခုနှစ်ဝန်းကျင်က လူဦးရေ သုံး၊လေးသိန်းခန့်သာရှိပြီး ယခုမြို့ပြ လူဦးရေ ခုနစ်သန်းကျော်တိုးပွားအခြေချ နေထိုင်လာမှုနှင့်အတူ အများပြည်သူတို့၏ အပန်းဖြေနားခိုရာ ဥယျာဉ်ပန်းခြံအချို့သည်လည်း ရန်ကုန်မြို့ပြသမိုင်းအတွင်း ပြန်လည်တိုးဝင် ပျောက်ကွယ်သွားခဲ့ရ၏။

ပြည်သူ့ရင်ပြင်အပါအဝင် ပန်းခြံများကိုဖျက်၍ အရက်ဘီယာဆိုင်၊ ရှော့ပင်းစင်တာအပါအဝင် စီးပွားဖြစ်လုပ်ငန်းလုပ်ခွင့်ပေးခြင်းမှာ ယခင်မြို့တော်ဝန်လက်ထက်က ဖြစ်ပြီး ထပ်မပေးတော့ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်းကို ပုဂ္ဂလိကမီဒီယာတစ်ခုတွင် ယခင်က ဖော်ပြထားသည်ကိုလည်း ဖတ်ရှုလိုက်မိသည်။

ယင်းအပြင် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ကန်တော်မင်၊ မြိုင်ဟေဝန်၊ ကန်တော်ကြီး စသည်ဖြင့် ရန်ကုန်မြို့၏ အချက်အချာနေရာများရှိ ပန်းခြံနှင့်ဥယျာဉ်များမှ ဧရိယာများစွာကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုထားပြီး အရက်ဘီယာဆိုင်များကိုလည်း ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း၊ ပန်းခြံများအပြင် အားကစားဝင်းအချို့ကိုလည်း ပုဂ္ဂလိကသို့ လွှဲပြောင်း၍ အိမ်ရာဆောက်လုပ်မှုများရှိကြောင်း၊ ပြည်သူပိုင် မြေဈေးနေရာများကိုပါ ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်းကိုလည်း တစ်ဆက်တည်း ဖော်ပြထားသည်ကို တွေ့ရသည်။

အချို့ဥယျာဉ် ပန်းခြံများက စီးပွားရေးသမားအချို့၏ စီးပွားရေးနယ်မြေသစ် ကစားကွင်းတစ်ခုအဖြစ်သို့၊ အချို့ကား အများပြည်သူတို့အတွက် အဖြစ်သဘော အပန်းဖြေဧရိယာတစ်ပုံနှင့် ကုမ္ပဏီများအတွက် အကျိုးအမြတ်ကြီးမားမည့် စီးပွားရေးဆိုင်ရာ ဧရိယာနှစ်ပုံပါဝင်သည့်ဖက်စပ်ဧရိယာတစ်ခုအဖြစ်သို့ ရွှေ့လျောသွားခဲ့ရ၏။

"အခု ကျွန်တော်တို့ သုဝဏ္ဏမြို့က ပန်းခြံကိုအဆင့်မြှင့်ဖို့ လုပ်ငန်းတွေစတင်နေတာ တွေ့ရလို့ ဝမ်းသာ၊ ဝမ်းနည်းဖြစ်ရတယ်။ဝမ်းသာတာက ကျွန်တော်ငယ်စဉ်ကလေးဘဝကတည်းက ဆော့ကစားရာ ဒီသုဝဏ္ဏပန်းခြံကို အများပြည်သူတွေအတွက် အဆင့်မြှင့်တင်ပေးလို့ပါ။ ဝမ်းနည်းတာက ကျွန်တော်တို့ငယ်စဉ်က မြင်ရသလို ဧရိယာအကျယ်ကြီး မဟုတ်တော့လို့ဘဲ။ ကားလမ်းမျက်နှာစာအပိုင်းမှာ ပုဂ္ဂလိကဓာတ်ဆီဆိုင်ကြီးတစ်ဆိုင် နောက်ပိုင်းမှာ ပေါ်လာတယ်။ ဒီမြေက ပန်းခြံပိုင်မြေလား၊ ဘယ်သူ့မြေလဲတော့ ကျွန်တော်မသိဘူး။ အမှတ်မမှားဘူးဆိုရင်တော့ သုဝဏ္ဏကျောင်းလမ်းမှတ်တိုင်ဘက် ပန်းခြံစည်းရိုးက ကျွန်တော်တို့ငယ်စဉ်က တစ်ဖြောင့်တည်းပဲ၊ အခုလို ပုဂ္ဂလိကဓာတ်ဆီဆိုင်နောက်က ဝိုက်ပြီးဆင်းသွားတာမျိုးတော့ မဟုတ်ဘူး" ဟု သုဝဏ္ဏမြို့ခံလူလတ်ပိုင်းတစ်ဦးက ဆိုသည်။



ကန်တော်မင်ပန်းခြံအား တွေ့ရစဉ်။

စီးပွားရေးဆိုင်ရာ အဆောက်အအုံများနှင့် တွဲဖက်ထားသည့် ဥယျာဉ်ပန်းခြံများနည်းတူ ဖက်စပ်အားကစားကွင်းများ၊ လုံးလုံးကွယ်ပျောက်သွားသည့် ကလေးကစားကွင်းများလည်း ရှိနေသည်။

တောင်ဥက္ကလာပမြို့နယ်ရှိ ကလေးကစားကွင်းမြေနေရာတွင် ကွန်ဒိုတည်ဆောက်နေမှုနှင့် ပတ်သက်၍ ကစားကွင်းမြေနေရာ ပြန်ပေးရန် မြို့ခံပြည်သူအချို့က ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းက အဆိုပါကစားကွင်းမြေနေရာမှ အရှေ့ပိုင်းခရိုင် စည်ပင်ရုံးရှေ့ရှိအထိ လမ်းလျှောက်ဆန္ဒပြခဲ့ကြောင်းသိရသည်။

အလားတူ မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပန်းခြံကိုလည်း ပြုပြင်မွမ်းမံမှုများနှင့်အတူ အဆောက်အအုံအချို့ပါ တည်ဆောက်နေမှုများကို မြင်တွေ့နေရ၍ မြို့ခံအချို့က စိုးရိမ်ပူပန်မှုများ ရှိနေသည်။

မြောက်ဥက္ကလာပမြို့နေ ဒေါ်ကြည်အုန်းက "ပန်းခြံကို ပြုပြင်မွမ်းမံနေတာကို တွေ့ရတယ်။ ဒါပေမယ့် အချို့နေရာကို ဝင်းခြံခတ်ပြီး အဆောက်အအုံတချို့ပါ တည်ဆောက်နေတာကို တွေ့ရတယ်။ ဘာအဆောက်အအုံလဲတော့ မသိဘူး"ဟုဆိုသည်။

ရန်ကင်းမြို့နယ် ရန်အောင်လမ်းသွယ်(၁)လမ်းထိပ်ရှိ (၂)ရပ်ကွက်အတွင်းမှ ကလေးကစားကွင်းအားဖျက်၍ အဆောက်အအုံများဆောက်လုပ်ထားမှုများနှင့် စပ်လျဉ်း၍ ရန်ကင်းမြို့ (၁၂)လုံးတန်းနေ ကိုညီညီကမူ "ရန်ကင်းမှာဆိုရင် ကျွန်တော်တို့ ငယ်ငယ်ကတည်းက ရပ်ကွက်ပေါင်းစုံက ကလေးတွေလာကစားတဲ့ အမှတ်(၂)ရပ်ကွက်က ပန်းခြံကို အိမ်ရာတွေ ဆောက်လိုက်ကြတယ်။ ပြည်သူတွေကိုလည်း ဘာမှုအသိမပေးဘူး။ အဲဒီဘေးက ဘောလုံးကွင်းကိုလည်း ရုံးတွေဆောက်တယ်။ ဘောက်ထော်ဘောလုံးကွင်းလည်း မရှိတော့ဘူး။ အခုထိ ဘာမှုမလုပ်ဘူး။ ဘောက်ထော် ဘောလုံးကွင်းဆိုတာ ရန်ကင်းမှာ သမိုင်းရှိခဲ့တဲ့ကွင်းပါ။ နိုင်ငံ့ဂုဏ်ဆောင်ဘောလုံးသမားတွေ အများဆုံးထွက်ပေါ်ခဲ့တဲ့ကွင်းပါ။ ဥပမာ- သန်းတိုးအောင်တို့က အစပေါ့။ (၂)ရပ်ကွက်က ပန်းခြံကို အိမ်ရာဆောက်ပစ်တာ ကျွန်တော်တို့ ပြည်သူတွေ တော်တော်စိတ်ပျက်မိပါတယ်။ ပြည်သူ့အကျိုးကိုကြည့်ဖို့လိုပါတယ်။ အခုက ရန်ကင်းမှာ မြေအလွန်ရှားနေပြီ။ ပြည်သူတွေ အပန်းဖြေအနားယူဖို့အတွက် ပြန်စီစဉ်ပေးတာ ဘာမှုမရှိတော့ဘူး။ အခုက ရန်ကင်းမြေတစ်စလောင်း တစ်သောင်းတန်တဲ့ခေတ် ရောက်နေပြီ။ ဒါကြောင့် ရန်ကင်းသား ရန်ကင်းသူတွေ မျက်ခုံးလှုပ်နေကြရတယ်" ဟု ပြောသည်။

သို့ဆိုလျှင် အများပြည်သူတို့ အပန်းဖြေနားခိုရာ ဥယျာဉ်ပန်းခြံများ၊ နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားတို့ မွေးထုတ်ရာနှင့် ကျန်းမာသန်စွမ်းသော အနာဂတ်မြန်မာလူငယ် မောင်မယ်များကို မွေးထုတ်ရာ ကလေးကစားကွင်းများ ပျောက်ကွယ်မသွားဖို့ရန်မှု သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအပါအဝင် အားလုံးတွင် တာဝန်ရှိသည်။ ခေတ်ပြောင်းစနစ်ပြောင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရပေမည်။ စီမံခန့်ခွဲသူတို့အပိုင်းကလည်း သန့်ရှင်းသောအဖွဲ့အစည်း၊ ကောင်းမွန်သောစီမံခန့်ခွဲမှုဖြစ်၊ မဖြစ် မှတ်ကျောက်တင်မှုကို ခံယူကြရပါတော့မည်။

မကြာမီကမှ အငြိမ်းစားယူသွားခဲ့သော ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ် ဆိုးလ်မြို့တော်ဝန်အဖြစ် တာဝန်ယူခဲ့စဉ်က မြို့တော်ခန်းမရှေ့မြေကွက်လပ်တွင် ဆိုးလ်ရင်ပြင်နှင့် ဆောင်းရာသီ စကိတ်ကွင်းကို အကောင်အထည်ဖော်ပေးခဲ့ရုံမျှမက သံစုံတီးဝိုင်းကိုပါ တွဲဖက်တင်ဆက်ပေးခဲ့သည်။ အများပြည်သူအားလပ်ရက်များတွင် ဆိုးလ်ရင်ပြင်၌ မြို့တော်သူမြို့တော်သားများ လာရောက်အပန်းဖြေကြသည့်မြင်ကွင်းကို မြို့တော်ဝန် ရုံးခန်းမထက်မှကြည့်ပြီး လွန်စွာပီတိဖြစ်ခဲ့ရကြောင်း သူ၏ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိတွင် ရေးသားဖော်ပြခဲ့ပေသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နှလုံးသားထက်ဝယ် ထာဝရကမ္ပည်းတင်ထားခဲ့သည့် "မာဃလုလင်" ဇာတ်ဝတ္ထုတွင်လည်း မာဃလုလင် ဦးဆောင်သည့် မစလရွာသားတို့က အများပြည်သူများအတွက် လမ်းဖောက်၊ တံတားဆောက်၊ ပန်းဥယျာဉ်နှင့် ရေတွင်းရေကန်များ၊ ကျောင်းကန်ဇရပ်များကို တည်ဆောက်ပေးခဲ့၍ သိကြားမင်းစည်းစိမ်ကို ယခုတိုင် ခံစားနေဆဲဖြစ်ကြောင်း ကျမ်းဂန်များအရ မှတ်သားရပေသည်။

သို့မို့ကြောင့် အများပြည်သူနှင့်သက်ဆိုင်သည့် ဥယျာဉ်ပန်းခြံများ၊ အားကစားကွင်းများနှင့် ကစားကွင်းများကို ရန်ကုန်မြို့ပြသမိုင်း၏ သမိုင်းပေးတာဝန်အရ အစဉ်ထာဝရ ထိန်းသိမ်းနိုင်ရန် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။ ။



မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပန်းခြံ၌ အဆောက်အအုံအချို့တည်ဆောက်နေမှုကို တွေ့ရစဉ်။

## တရုတ်-မြန်မာ သံတမန်ဆက်သွယ်မှု (၆၅)နှစ်ပြည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ အပြန်အလှန်ပေးပို့

**နေပြည်တော် ဇွန် ၈**

၂၀၁၅ ခုနှစ် ဇွန် ၈ ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် (၆၅)နှစ်ပြည့်မြောက်သည့်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဝမ်ယိတို့သည် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့ကြသည်။

**(သတင်းစဉ်)**

## ပျူကျောက်စာချပ်နှင့် ကျောက်ခေတ်နံ့ရံပန်းချီများနှင့်ပတ်သက်၍ ပညာရှင်များဆန်းစစ်တွေ့ရှိချက် သတင်းထုတ်ပြန်မည်

**ရန်ကုန် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အုတ်တွင်းကျေးရွာအုပ်စု ဆင်ရွာကျေးရွာတွင် တွေ့ရှိခဲ့သော ပျူကျောက်စာချပ်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် ကမ်းပါးနီကျေးရွာ၏ မြောက်ဘက်တွင် တွေ့ရှိခဲ့သော ကျောက်တုံးကြီး သုံးတုံး၏ နံရံပေါ်ရှိ ကျောက်ခေတ် နံရံပန်းချီများနှင့် ပတ်သက်၍ ပညာရှင်များ၏ ဆန်းစစ်တွေ့ရှိချက် သတင်းထုတ်ပြန်မှုကို ဇွန် ၈ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် အမျိုးသားပြတိုက်(ရန်ကုန်)၌ကျင်းပမည်ဖြစ်ရာ စာနယ်ဇင်းသတင်းမီဒီယာများနှင့် စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေရေး မိဘပြည်သူအားလုံးပူးပေါင်းဆောင်ရွက်ပေး

**ပညာရေးဝန်ကြီးဌာနသည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးအတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ကို ၂၀၁၅ ခုနှစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း ကျောင်းအပ်နှံရန် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသော ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးအတွက် သန်းခေါင်စာရင်းနှင့် တိုက်ဆိုင်စိစစ်ပြီး ကျောင်းစတင်ဖွင့်လှစ်သည့် ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ကျောင်းနေရေးလုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-**

- ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၅ ခုနှစ် မေ ၂၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ယင်းသန်းခေါင်စာရင်းအရ ကျောင်းနေအရွယ် အသက်အပိုင်းအခြားဦးရေစာရင်းကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် ကောက်နုတ်ပြုစုပြီး ကျောင်းအပ်နှံရန် ကျန်ရှိနေသောကလေးများ တစ်ယောက်တလေ မကျန်စေရဘဲ ကျောင်းအပ်နှံရေး။
- မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များသည် ရပ်ကွက်၊ ကျေးရွာအလိုက် မူလတန်းကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များပူးပေါင်းပြီး ထပ်ဆင့်တွေ့ဆုံ၍ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးအတွက် မိဘပြည်သူများအား အသိပညာပေး စည်းရုံးဆောင်ရွက်ရေး။
- ကျောင်းအပ်နှံရေး ရက်သတ္တပတ်နှင့် ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ကျောင်းနေရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက သန်းခေါင်စာရင်းအရ ကျောင်းအပ်နှံရမည့် အသက်အပိုင်းအခြားဦးရေနှင့် အမှန်တကယ် ကျောင်းအပ်နှံသည့်ဦးရေတို့ကို နှိုင်းယှဉ်ပြီး ကျောင်းအပ်နှံမှုရာခိုင်နှုန်း တွက်ချက်ရေး။
- အစိုးရကျောင်းများတွင် အပ်နှံခြင်းမပြုဘဲ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများသို့ အပ်နှံမှုများကို သီးခြားစာရင်းကောက်ယူပြီး ကျောင်းအပ်နှံမှုရာခိုင်နှုန်းတွင် ထည့်သွင်းပေါင်းစပ်တွက်ချက်ရေး။
- ကျန်းမာရေးအရဖြစ်စေ၊ လူမှုစီးပွားရေးအရဖြစ်စေ ကျောင်းအပ်နှံနိုင်ခြင်းမရှိသော မိဘများကိုတွေ့ဆုံ၍ အခက်အခဲနှင့်အချက်အလက်များကောက်ယူပြီး (Non Formal Education) ကျောင်းပြင်ပ ပညာရေးအစီအစဉ်များ ရေးဆွဲနိုင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တို့ ပေါင်းစပ်လျက် လူတိုင်းစာတတ်မြောက်ရေးအစီအစဉ် ဆောင်ရွက်ရေး။
- အတန်းအလိုက် အတန်းပြီးမြောက်မှုနှုန်းနှင့် အတန်းအလိုက် အတန်းကူးပြောင်းမှုနှုန်း ခြားနားမှုများကိုတွက်ချက်ပြီး ကျောင်းမနေနိုင်သည့် အခြေအနေများကို ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် လေ့လာသုံးသပ်၍ ကျောင်းပြင်ပပညာရေး(Non Formal Education)နှင့် အသက်မွေးဝမ်းကျောင်းပညာရေး (Vocational Education)တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်သင်ကြား လေ့ကျင့်နိုင်ရန် စီမံဆောင်ရွက်ရေး။
- အခြေခံအဆင့်အလိုက် ဆက်လက်သင်ယူရန် အခက်အခဲရှိသူများ အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ရန်အတွက် တစ်နိုင်ငံလုံးအနေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများကို ဖွင့်လှစ်ထားရှိရာ မိမိတို့၏ ပညာအရည်အချင်းအရ ရွေးချယ်တက်ရောက်နိုင်ပါသဖြင့် သက်ဆိုင်ရာပညာရေးမှူးရုံးများနှင့် ဆက်သွယ်သင်ယူနိုင်ရေးတို့အတွက် -

မိဘပြည်သူတစ်ရပ်လုံးက ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးလုပ်ငန်းနှင့် ကျောင်းဖွင့်စ ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးလုပ်ငန်းတို့ကို အမျိုးသားရေးလုပ်ရှားမှုအသွင်ဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြပါရန်နှင့် လိုအပ်လျှင် မြို့နယ်ပညာရေးမှူးများနှင့် ဆက်သွယ်ဆောင်ရွက်ပေးကြပါရန် ပညာရေးဝန်ကြီးဌာနမှ မေတ္တာရပ်ခံအပ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

## နွားလှည်း၊ မြင်းစီးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာ-မြင်းမှူးကျေးရွာတွင် တည်ထားကိုးကွယ်သည့် ကမ္ဘာ့ပထမဆုံး ဝေရောစနကျောက်စိမ်းစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲအထိမ်းအမှတ် မြန်မာ့ရိုးရာနွားလှည်း ပြိုင်ပွဲ၊ မြင်းစီးပြိုင်ပွဲ ဗိုလ်လုပွဲများကို ဇွန် ၅ ရက် ညနေ ၄ နာရီက ပြိုင်ပွဲကွင်း၌ ကျင်းပခဲ့ပြီး ဆုချီးမြှင့်ပွဲကို ည ၇ နာရီတွင် ကျင်းပခဲ့သည်။



ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ မြန်မာ့ရိုးရာနွားလှည်းဒုန်း အငယ်တန်းပြိုင်ပွဲတွင် ပေါက်စညီနောင်အသင်းက ပထမ၊ ဝဲကျော်ကျွန်းလှအသင်းက ဒုတိယ၊ ရတနာမင်းအသင်းက တတိယ၊ အကြီးတန်းနွားလှည်းဒုန်းပြိုင်ပွဲတွင် ရဲထိုက်၊ ဖွဲထိုက်အသင်းက ပထမ၊ အောင်ခန့်၊ အောင်ပိုင်အသင်းက ဒုတိယနှင့် စွန်ဒေါင်းအသင်းက တတိယ၊ အငယ်တန်းခြေအလှအသားကျနွားလှည်းပြိုင်ပွဲတွင် မာယာကျည်ဆံအသင်းက ပထမ၊ လှပြည့်အသင်းက ဒုတိယ၊ သိန်းထိုက်အောင်အသင်းက တတိယ၊ အကြီးတန်းခြေအလှအသားကျ နွားလှည်းပြိုင်ပွဲတွင် ဝိဇာအသင်းက ပထမ၊ အသဲလေးအသင်းက ဒုတိယ၊ ဝမ်းစတားအသင်းက တတိယရရှိကြသည်။

မြန်မာ့ရိုးရာအသားကျမြင်းစီးပြိုင်ပွဲတွင် (မြင်းသီဟတင်) ဦးဝင်းတင်အသင်းက ပထမ၊ (မြင်းသီတာကျော်) မျိုးဆန်းဝင်းအသင်းက ဒုတိယ၊ (မြင်းညွန့်ညွန့်ငွေး) ကိုညွန့်ခင်အသင်းက တတိယ၊ မြန်မာ့ရိုးရာမြင်းစီးဒုန်း အငယ်တန်းပြိုင်ပွဲတွင် (မြင်းရွှေမိုးသဲ)၊ ဇော်ဝေအသင်းက ပထမ၊ (မြင်းကမ္ဘာရှား) မြင်းဗိုလ်အသင်းက ဒုတိယ၊ (မြင်းလုံးချော) ခန့်ချောအသင်းက တတိယ၊ အကြီးတန်းမြင်းစီးဒုန်းပြိုင်ပွဲတွင် မိုးစတား(ကျော်မောင်)အသင်းက ပထမ၊ သိဒ္ဓိအောင်(ကျော်သူ)အသင်းက ဒုတိယ၊ ချစ်စပယ် (ဇော်မင်းသန်း)အသင်းက တတိယ အသီးသီးရရှိကြပြီး မြင်းအကဖြင့် ဧည့်ခံဖျော်ဖြေပေးသည့် ရှမ်းပြည်နယ် ဟဲဟိုးမြို့မှ ဦးစိုးနိုင်၊ မြင်းစီးပြိုင်ပွဲတွင် အသက်အကြီးဆုံး မြင်းစီးအားကစားသမား ဦးကျောက်ခဲ (၈၂) နှစ်၊ ဦးတင်မောင်(၈၁)နှစ်၊ အသက်အငယ်ဆုံး ဆုရမြင်းဗိုလ်(၁၄) နှစ်တို့ကို ငွေသားဆုများနှင့် ပထမဆု ၁၀ သိန်း၊ ဒုတိယဆု ရှစ်သိန်း၊ တတိယဆု ငါးသိန်းတို့ကို မြင်းစီးဥက္ကဋ္ဌ ဒေါက်တာဆန်းထွန်းဦးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ကြပြီး နွားလှည်းပြိုင်ပွဲတွင် ပထမဆု ၂၂ သိန်း၊ ဒုတိယဆု ၁၅ သိန်း၊ တတိယဆု ၁၀ သိန်း၊ နှစ်သိမ့်ဆု သုံးသိန်းတို့ကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ အလှူရှင် ဦးစိုးနိုင်၊ နွားလှည်းပြိုင်ပွဲဥက္ကဋ္ဌ ဦးလှိုင်နှင့် တာဝန်ရှိသူများက ဆုများ၊ ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ပန်းဘဲတန်းမြို့နယ် မီးရထားသံလမ်းခုံးကျော်တံတားအနီးတွင် အမျိုးသမီးအလောင်းတွေ့ရှိသည့် လူသတ်မှုမှ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၇**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၅)ရပ်ကွက် ဆူးလေဘုရားလမ်း မီးရထားသံလမ်း ခုံးကျော်တံတား အဆင်းအနီးတွင် ဒဏ်ရာများဖြင့် သေဆုံးနေသော အသက်(၂၅)နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး၏အလောင်းအား မေ ၃၁ ရက် ညနေ ၅ နာရီခွဲက တွေ့ရှိသဖြင့် ပန်းဘဲတန်းမြို့မရဲစခန်းက (ပ)၁၇၀/ ၂၀၁၅၊ ပြစ်မှု ပုဒ်မ-၃၀၂ ဖြင့် အမှုဖွင့်လှစ်ကာ စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ သေဆုံးသူမှာ လှိုင်သာယာမြို့နယ်နေ မချောစု(ခ)ချောစုခင်၊ (၂၆)နှစ်ဖြစ်ကြောင်းသိရပြီး မေ ၃၀ ရက် နံနက် ၁ နာရီခန့်က ဗိုလ်တထောင်မြို့နယ်နေ အာမင်း (ခ) ဝင်းဇော်ထွန်း၊ ပန်းဘဲတန်းမြို့နယ်နေ ဝေဠုကျော်(ခ)ဝေလင်းကျော်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ သာပေါင်း(ခ)ချစ်စန်းလတ်တို့ သုံးဦးနှင့် အခင်းဖြစ်နေရာအနီးတွင် ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း စုံစမ်းသိရသဖြင့် မသင်္ကာသူ ၎င်းတို့သုံးဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၎င်းတို့ သုံးဦးအား နေအိမ် အသီးသီးမှဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရာ သေဆုံးသူ မချောစု(ခ) မချောစုခင်ထံမှရရန်ရှိသော အကြွေးငွေတောင်းရာမှ စကားများရန်ဖြစ်စဉ် ၎င်းတို့က လက်သီးဖြင့်ထိုးခြင်း၊ အနီးရှိ ကွန်ကရစ်ခဲအပိုင်းဖြင့် ဦးခေါင်းအား ထုရိုက်ခြင်းများ ပြုလုပ်ခဲ့ကြသဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ပြစ်မှုကျူးလွန်သူသုံးဦးအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့)**



ဝေဠုကျော်(ခ)ဝေလင်းကျော်



အာမင်း(ခ)ဝင်းဇော်ထွန်း



သာပေါင်း(ခ)ချစ်စန်းလတ်

## လယ်ယာသုံးစက်ပစ္စည်းများ ဖြန့်ဖြူးရောင်းချရေး အသိပညာပေး

**တပ်ကုန်း ဇွန် ၇**

သမဝါယမဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Daedong Industrial Co.,Ltd. တို့ပူးပေါင်း၍ လယ်ယာသုံးစက်ပစ္စည်းများကို သမဝါယမအသင်းသားလယ်သမားများသို့ အရစ်ကျဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ တောင်သူလယ်သမားများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် ၎င်းကုမ္ပဏီအဖွဲ့မှ ကိုရီးယားနိုင်ငံသားနှစ်ဦးသည် ဇွန် ၆ ရက်က Tractor Tour ခရီးစဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် နောင်သခ်ါကျေးရွာတွင် ပညာပေးဆွေးနွေးမှုများဆောင်ရွက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ငွေတိုးလယ်ယာနှင့် အထွေထွေသမဝါယမအသင်းသား ၈၀ နှင့် အသင်းသား အသင်းသူများ၏ သားသမီး ၁၃၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပြည်သူလူထု၏ အားကိုးအားထားရာ ပြည်သူ့ဆေးရုံကြီးအဖြစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်

**ရန်ကုန် ဇွန် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ခုတင်(၂၀၀)ဆံ့ ရန်ကုန်အနောက်ပိုင်းပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ညွန့်ညွန့်ဝေက ဆေးရုံကြီး၏ လက်ရှိဝန်ထမ်းအင်အားစာရင်း၊ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ ၂၀၁၄ ခုနှစ်အတွင်း အခမဲ့ဆေးကုသပေးမှုများနှင့် ဆေးရုံ၏ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ကဏ္ဍအလိုက် ပံ့ပိုးဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ယခုရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီးသို့ မိမိလာရောက်ရသည့် ရည်ရွယ်ချက်မှာ ဆေးရုံကြီး၏ လိုအပ်ချက်အဝဝကို သိရှိနိုင်ရန်နှင့်လိုအပ်ချက်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခု ဆေးရုံကြီး၏ ပင်မအဆောက်အအုံမှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်၍ အဆောက်အအုံကြံ့ခိုင်မှုအပိုင်းမှာ လျော့နည်းလာပြီး ဆေးရုံကြီး၏ မြေနေရာအကျယ်အဝန်းမှာလည်း ကျပ်တည်းမှုများရှိလာနေသည်ကို တွေ့ရကြောင်း၊ မိမိတို့ယခုအစိုးရသစ်လက်ထက်တွင် ကျန်းမာရေးကဏ္ဍ၏ ဘတ်ဂျက်ရန်ပုံငွေများကို တစ်နှစ်ထက်တစ်နှစ်ပိုမိုတိုးမြှင့်သုံးစွဲလာသည်ဖြစ်ရာ ယခုဆေးရုံကြီးကိုလည်း အထပ်မြင့်ဆေးရုံကြီးအဖြစ် ဘဏ္ဍာရေးအခြေအနေအရ ပြုပြင်မွမ်းမံတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ ပိုမိုမြင့်မားတိုးတက်ရေးနှင့် လိုအပ်သောတည်ဆောက်ရေးကဏ္ဍများအတွက် နိုင်ငံတော်အပိုင်းသာမက ပုဂ္ဂလိက အလှူရှင်များအပိုင်းနှင့်ပါ ပေါင်းစပ်ဆောင်ရွက်ရန်လည်းလိုအပ်ကြောင်း၊ မိမိတို့အစိုးရသစ်လက်ထက်တွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုအလေးထားဆောင်ရွက်ခဲ့၍ ပြည်သူ့ဆေးရုံကြီးများသို့ လူနာများပိုမိုအားထားကုသမှုများရှိလာခဲ့ရာ တာဝန်ရှိသူများအနေဖြင့် လူနာများကို နွေးထွေးစွာဆက်ဆံ၍ ကုသမှုများကို ဆောင်ရွက်စေလိုကြောင်း၊ ပြည်သူလူထု၏ အားကိုးအားထားရာ ပြည်သူ့ဆေးရုံကြီးအဖြစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့်ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ခုတင်(၂၀၀)ဆံ့ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီးရှိ ပြင်ပလူနာဌာန၊ အရေးပေါ်လူနာဌာန၊ သားဖွားမီးယပ်ကုသဆောင်၊ အထူးကြပ်မတ် ကုသခန်း၊ ခွဲစိတ်ကုသဆောင်နှင့်ဆေးကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ခုတင်(၂၀၀)ဆံ့ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီးကို ၁၉၆၅-၆၆ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် တိုးချဲ့လေးထပ်ဆောင်ကို ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီးသည် ခုတင်(၂၀၀)ဆံ့သင်ကြားရေးဆေးရုံကြီးဖြစ်ပြီး ဌာန ၁၇ ခု နှင့် ဆေးကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ မျက်နှာ၊ မေးရိုးနှင့်ခံတွင်း၊ မျက်စိ+ENT နှင့်အရိုး၊ သားဖွားမီးယပ်ကုသဆောင်နှင့် ကလေးကုသဆောင်တို့ပါဝင်သည်။ ၂၀၁၄ခုနှစ် တစ်နှစ်တာကာလအတွင်း လူနာ ၁၄၇၄၆ ဦးကို အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ခုတင် (၂၀၀) ဆံ့ ရန်ကုန်အနောက်ပိုင်းပြည်သူ့ဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

---

❖ **ကျောက်ဖုံးမှ**

အဆိုပါ ကျောက်ခေတ်နံရံပန်းချီများ တွေ့ရှိရာနေရာတွင် သဘာဝကျောက်တုံးကြီး ခုနစ်တုံး တစုတစည်းတည်း တည်ရှိနေသည့် အနက်အလျား ပေ ၈၀၊ အနံ ပေ ၄၀ ခန့်ရှိ အမိုးသဖွယ်ဖြစ်နေသော အကြီးဆုံးကျောက်တုံးကြီး၏ မျက်နှာကြက်ကဲ့သို့နေရာတွင် တိရစ္ဆာန်ပုံများ၊ လက်ဝါးပုံများ စသည့်ပန်းချီများကို သဘာဝကျောက်ခဲ၊ မြေခဲတုံးများဖြင့် ပြုလုပ်ထားသည်ဟု ယူဆရသည့် ဆေးရောင်များဖြင့် ရေးခြယ်ထားကြောင်းသိရသည်။

ယင်းအမိုးပုံကျောက်တုံးကြီး၏ ရှေ့ ပေ ၅၀ ခန့်အကွာတွင် အမြင့် ၂၂ ပေအရွယ်ရှိ ကျောက်တုံးကြီး၏ နံရံတွင်လည်း အလျား ၁၄ ပေ၊ အမြင့်ကိုးပေအရွယ်ရှိသော ဆင်ရုပ်ပုံကြီးနှင့် အခြားရုပ်ပုံများကိုလည်း မှေးမှိန်စွာတွေ့ရှိရသည်။ အလားတူ အမိုးပုံကျောက်တုံးကြီး၏ တောင်ဘက်ရှိ ကျောက်တုံးတစ်တုံး၏ အောက်ခြေတွင်လည်း ပုံအချို့တွေ့ရှိရပြီး ပုံများအားလုံးမှာ ရေစီးကြောင်းများ၊ ဖုန်မှုန့်များ၊ ကျပ်ခိုးများကြောင့် ပေါ်လွင်ထင်ရှားမှုအားနည်းနေကြောင်းသိရသည်။

အဆိုပါနေရာတွင် နောက်ပိုင်းလူအများ (၁၉၇၉ ခုနှစ်ဝန်းကျင်) မိမိတို့ရောက်ရှိကြောင်းကို ထုံး၊ မြေဖြူ၊ ဆေး၊ မီးသွေးတို့ဖြင့် ကျောက်နံရံပေါ်တွင် ရေးထိုးထားခြင်းကြောင့် မူလရုပ်ပုံများ မှေးမှိန်ကွယ်ပျောက်လျက်ရှိရာ နံရံပန်းချီသန့်စင် ထိန်းသိမ်းရေး ဓာတုဗေဒပညာရှင်များက ဓာတုဗေဒနည်းဖြင့် သန့်စင်ခြင်း၊ စမ်းသပ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ကြသည်။ ကျောက်ခေတ်နံရံဆေးရေးပန်းချီများလေ့လာသည့် ပညာရှင်များကလည်း ကျောက်နံရံပန်းချီများကို လေ့လာခြင်း၊ ရှာဖွေခြင်းနှင့် နှိုင်းယှဉ်သုံးသပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ကျောက်ခေတ်နံရံပန်းချီများတွေ့ရှိရာနေရာသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် အဖွဲ့၊ ရှေးဟောင်းသုတေသနပညာရှင်များ၊ ထိန်းသိမ်းရေးကျွမ်းကျင်သူများက ဇွန် ၆ ရက်တွင် သွားရောက်လေ့လာခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက ဤနေရာ ပတ်ဝန်းကျင်အနီးတွင် ရှေးဦးလူသားများ နေထိုင်ခဲ့သည့်နေရာဖြစ်နိုင်ကြောင်း၊ ကျောက်နံရံပန်းချီ နှိုင်းယှဉ်လေ့လာတင်ပြချက်အရ ရှေးခေတ်လူသား ၁၀၀ ခန့်နေထိုင်နိုင်သည့် ပထဝီအနေအထား၊ ရေရရှိမှုအနေအထား၊ စားဝတ်နေရေးဖန်တီးမှုအနေအထားများ ပြည့်စုံနေသည့် ဤနေရာကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အသိပညာပေးခြင်းများ စီမံဆောင်ရွက်သွားရန်နှင့် မသက်ဆိုင်သည့်အခြားယုံကြည်ကိုးကွယ်မှုဆိုင်ရာများကိုလည်း အခြားပြင်ပကင်းလွတ်သည့်နေရာတွင်သာ ဆောင်ရွက်သင့်သည်တို့ကို အသိပညာပေးဆောင် ရွက်ရန်လိုကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါနေရာမှာ ကင်းတားဆည်၏ အနောက်တောင်ဘက် ပြဒါးလင်းဂူတည်ရှိသည့် တောင်ကြောအနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာတွင်တည်ရှိကာ ကင်းတားဆည်ကို စက်လှေဖြင့် တစ်နာရီခန့် ဖြတ်ကျော် သွားရောက်ပါက ရွာဆိုးမြင်ရွာသို့ ရောက်ရှိပြီး တောတွင်းသို့ သုံးနာရီခန့် လမ်းလျှောက်သွားရသည့်နေရာတွင် တည်ရှိသည်။ ရှမ်းပြည်နယ် ရွာငံမြို့နယ်သည် ရှေးဟောင်း ကျောက်ခေတ်လူသားများ အခြေချနေထိုင်ခဲ့ကြောင်း အထောက်အထားများရှိခဲ့ပြီး ဖြစ်သည်။ ရွာငံမြို့နယ်မှ အနောက်ဘက် ၁၀ မိုင်ခန့်အကွာတွင် အလွန်လှပခမ်းနားသော ပြဒါးလင်းဂူရှိပြီး ထိုဂူထဲတွင် ကျောက်ခေတ်လူသားတို့၏ နံရံဆေးရေးပန်းချီများကို ၁၉၆၀ ခုနှစ်က ဘူမိဗေဒပညာရှင်တစ်ဦးက ရှာဖွေတွေ့ရှိခဲ့သည်။၁၉၆၂ ခုနှစ် ဇန်နဝါရီလတွင် ဂူအမှတ်(၁)တွင် လူသားများအခြေချနေထိုင်ခဲ့သော အထောက်အထားများကို အတည်ပြုနိုင်ခဲ့သည်။

ယဉ်ကျေးမှု ဝန်ကြီးဌာနက ကျောက်ခေတ်နံရံပန်းချီများကို အထူးပြုလေ့လာသည့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များအား ဖိတ်ခေါ်၍ သုတေသနပြုခြင်း၊ ပြုပြင်ထိန်းသိမ်းရန်ဆွေးနွေးခြင်း၊ ခေတ်ကာလ သက်တမ်းဆွေးနွေးခြင်းများကို မကြာမီကာလတွင် ဆက်လက်ဆောင်ရွက်သွားမည်ဟုသိရသည်။ **(ရာမည)**

---

## အလုပ်ခွင်ထိခိုက်သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ထုတ်ပေး

**ရန်ကုန် ဇွန် ၇**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က အလုပ်ခွင် ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုများအား ငွေအကျိုးခံစားခွင့် တစ်လုံးတစ်ခဲတည်းထုတ်ပေးခြင်းအခမ်းအနားကို ဇွန် ၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးလှိုင်သာယာမြို့နယ်ရှိ ကနောင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း တာယာစက်ရုံမှ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမား ဦးအောင်စိုး၏ ကျန်ရစ်သူမိသားစုအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ နာရေးစရိတ်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်အတွက် ငွေကျပ် ၃၃၁၂၇၅၀ ကိုလည်းကောင်း၊ အလားတူ Two Elephant Trading Co.,Ltd. မှ အာမခံ အလုပ်သမား ဦးမောင်ရ၏ ကျန်ရစ်သူမိသားစုအား ငွေကျပ် ၃၁၃၃၀၀၀ နှင့် Good Brother Co.,Ltd. မှ အာမခံအလုပ်သမား ဦးသိန်းစိုး၏ ကျန်ရစ်သူမိသားစုအား ငွေကျပ်၁၈၆၆၆၀၀ ကိုလည်းကောင်း ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ နာရေးစရိတ်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေများကို တစ်လုံးတစ်ခဲတည်း အသီးသီးထုတ်ပေးခဲ့ကြောင်း သိရသည်။

"အရင်တုန်းက လူမှုဖူလုံရေးအဖွဲ့အနေနဲ့ အဖွဲ့ဝင်တွေကို ထိရောက်တဲ့ပံ့ပိုးမှုတွေမလုပ်ပေးနိုင်ခဲ့ဘူး။ အခု ဥပဒေသစ် လက်ခံကျင့်သုံးလာတဲ့အခါမှာတော့ အကျိုးခံစားခွင့်နှုန်းထားတွေကို များများနဲ့မြန်မြန်ပေးလာနိုင်တယ်။ အခုအကျိုးခံစားခွင့်ငွေက ကျန်ရစ်သူမိသားစုအတွက် အထောက်အပံ့တစ်ခုတော့ဖြစ်ပါလိမ့်မယ်။ အလုပ်သမားတွေအနေနဲ့လည်း မိမိရဲ့လစာအမှန်နဲ့ လူမှုဖူလုံရေးကြေးတွေ ထည့်ဝင်လာဖို့လိုပါတယ်"ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်ကို ၂၀၁၄ ခုနှစ် ဧပြီလတွင် စတင်လက်ခံကျင့်သုံးခဲ့ပြီး ယင်းဥပဒေတွင် လူမှုဖူလုံရေးအဖွဲ့၌ အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားတစ်ဦး လုပ်ငန်းခွင်အတွင်း မတော်တဆမှုဖြင့်သေဆုံးခြင်းနှင့် ထိခိုက်မှုကြောင့် ကိုယ်အင်္ဂါချို့ယွင်းမှုဖြစ်ပေါ်ပါက လူမှုဖူလုံရေးအဖွဲ့ဝင် မှတ်ပုံတင်ထားသည့် သက်တမ်းအလိုက် အကျိုးခံစားခွင့်နှုန်းထားများ ခံစားခွင့်ရှိကြောင်း သိရသည်။

(ဝ၃၇)

---

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုဆိုင်းဘုတ်တင်ပွဲကျင်းပ

**လားရှိုး ဇွန် ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၆ ရက် နံနက် ၈ နာရီခွဲက လားရှိုးမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ညွှန်ကြားရေးမှူး ဦးစိန်အုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ရရှိနိုင်သော ဘေးအန္တရာယ်ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးကင်းစင်သော လူမှုအသိုက်အဝန်းဖြစ်ပေါ်စေရန်နှင့် ပြည်သူများအနေဖြင့် မိမိပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ခြင်း၊ စိုက်ပျိုးခြင်းပြုလုပ်နေသည်ကို တွေ့ရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ သတင်းပေးပို့နိုင်ပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**



မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# ခြေစွမ်းပြလျက်ရှိသည့် မြန်မာအသင်း သုံးပွဲဆက်နိုင်

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - စိုးညွန့်(ခေတ္တစင်ကာပူ)

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က)ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့သည် ယနေ့ညပိုင်းက စင်ကာပူနိုင်ငံရှိ ဂျလန်းဘီဆာကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**မြန်မာယူ-၂၃ အသင်း - ငါးဂိုး**
**ဖိလစ်ပိုင်ယူ-၂၃ အသင်း - တစ်ဂိုး**

ယခုဆီးဂိမ်းပြိုင်ပွဲတွင် တောက်လျှောက်ခြေစွမ်းပြနေသည့် မြန်မာယူ-၂၃ အသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြပြီး သုံးပွဲဆက်အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းမှာ ပထမပိုင်းတွင် အနည်းငယ်ရုန်းကန်ခဲ့ရသော်လည်း ဒုတိယပိုင်းတွင် ပုံစံကောင်းပြသကာ ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ယခုပွဲအနိုင်ရရှိခဲ့သောကြောင့် ဆီမီးအဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

မြန်မာယူ-၂၃ အသင်းမှာ ဒဏ်ရာရနေသည့် နောက်ခံလူ ဝင်းဇင်ဦးမှလွဲ၍ အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး နှစ်ပွဲဆက်ရှုံးထားသည့် ဖိလစ်ပိုင်အသင်းမှာလည်း အမှတ်ရရှိရေးအတွက် အားထည့်ကစားခဲ့ရာ မြန်မာအသင်းမှာ ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ပထမပိုင်းတွင် မြန်မာအသင်းကစားပုံထင်သလောက်မကောင်းခဲ့ဘဲ ၁၆ မိနစ်တွင် ဂိုးစပေးပေးခဲ့ရသည်။ ဖိလစ်ပိုင်အသင်းအတွက် ဦးဆောင်ဂိုးကို အသင်းခေါင်းဆောင် ဖီလောင်ဂိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်အသင်း၏ ဦးဆောင်မှုမှာ ခဏသာကြာခဲ့ပြီး မိနစ် ၂၀ တွင် နေလင်းထွန်းက ပြစ်ဒဏ်ဘောမှတစ်ဆင့် ချေပဂိုး ပြန်လည်သွင်းခဲ့သည်။

ဒုတိယပိုင်းအစတွင် မြန်မာအသင်းကစားပုံပြန်ကောင်းလာပြီး ၄၆ မိနစ်တွင် တိုက်စစ်မှူး ရှိုင်းသူရက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ဒုတိယဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းကစားပုံပိုကောင်းလာပြီး ၆၂ မိနစ်တွင် စည်သူအောင်၊ ၆၇ မိနစ်တွင် ရဲဝင်းအောင်နှင့် ပွဲပြီးခါနီးတွင် ကျော်ဇင်လွင်တို့က သွင်းယူခဲ့သည်။

ယနေ့ပွဲအပြီးတွင် အုပ်စု(က)၌ မြန်မာက သုံးပွဲကစား ၉ မှတ်ရရှိထားပြီး နှစ်ပွဲကစား သုံးမှတ်စီရရှိထားသည့် အင်ဒိုနီးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယားအသင်းတို့မှာ အုပ်စုတက်ရန် အခွင့်အရေးရှိဆဲဖြစ်သည်။

**အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာ-ဖိလစ်ပိုင် ဘောလုံးပွဲတွေ့ဆုံမှု**

| | | | |
|---|---|---|---|
| 4-12-1995 | zvpyi | 1-4 | jrerm |
| 1-8-1999 | zvpyi | 1-4 | jrerm |
| 13-11-2011 | zvpyi | 0-5 | jrerm |
| 7-6-2015 | zvpyi | 1-5 | jrerm |

# ဆယ်စုနှစ်တစ်ခုအတွင်း လေးကြိမ်မြောက် ချန်ပီယံလိဂ်ဖလား ဘာစီလိုနာဆွတ်ခူး

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းနှင့် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းတို့သည် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ဇွန် ၇ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက ဂျူဗင်တပ်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိကာ ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ဘာစီလိုနာအသင်းသည် ယခုတစ်ကြိမ် ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ဆယ်စုနှစ်တစ်ခုတာကာလအတွင်း ချန်ပီယံလိဂ်ဖလားလေးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲမကစားမီတွင် ဘာစီလိုနာအသင်းနှင့် ဂျူဗင်တပ်အသင်းတို့သည် ဖလားနှစ်လုံးစီရယူဆွတ်ခူးထားနိုင်ခဲ့ခြင်းကြောင့် တစ်နှစ်တည်း ဖလားသုံးလုံးရယူဆွတ်ခူးနိုင်ရန် ယခုပွဲစဉ်တွင် ခြေကုန်ထုတ်ကစားခဲ့ကြသည်။

သို့သော် ဘာစီလိုနာအသင်းကသာ ဂျူဗင်တပ်အသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းသည် တစ်နှစ်တည်းဖလားသုံးလုံးဆွတ်ခူးနိုင်ခဲ့သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဘာစီလိုနာအသင်းနှင့် ဂျူဗင်တပ်အသင်းတို့၏ပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၄ မိနစ်တွင် ရာကီတစ်ကလည်းကောင်း၊ ၆၈ မိနစ်တွင် ဆွာရက်ဇ်ကလည်းကောင်း၊ မိနစ် ၉၀ တွင် နေမာကလည်းကောင်း အသီးသီးသွင်းယူပေးခဲ့ပြီး ဂျူဗင်တပ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိုရက်တာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

(ငွေကြယ်)






ရွှေဆုရရှိခဲ့သည့် မြန်မာ့ရိုးရာလှေအဖွဲ့ ပြိုင်ပွဲဝင်နေစဉ်။ (ဓာတ်ပုံ-စိုးညွန့်)

# ဆီးဂိမ်းပြိုင်ပွဲ၌ မြန်မာ ရွှေခြောက်ခု၊ ငွေ ခုနစ်ခု၊ ကြေးခုနစ်ခု ထပ်မံရရှိ

**စင်ကာပူ ဇွန် ၇**

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအား ယနေ့ဆက်လက်ကျင်းပသည်။

ခြင်းလုံးပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ထိုင်းအသင်းအား ၂၅၀-၁၉၅ မှတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဝူရှူးပြိုင်ပွဲ ပွဲစဉ်များ၌ အမျိုးသမီး ဝူရှူးထောက်လုပြိုင်ပွဲ၊ နန်းကျန့်နှင့် နန်းသောင်းနှစ်ခုပေါင်း ပွဲစဉ်တွင် မြန်မာနိုင်ငံမှ အေးသစ္စာမြင့်က မြန်မာနိုင်ငံ၏ ခြောက်ခုမြောက် ရွှေတံဆိပ်ကို ရယူပေးခဲ့သည်။

အဆိုပါ ဝူရှူးအားကစားမယ် အေးသစ္စာမြင့်သည် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးပေးနိုင်ပြီဖြစ်သည်။

ယနေ့ပြိုင်ပွဲများတွင် ခြင်းလုံးမှ ရွှေတစ်ခု၊ ဝူရှူးမှ ရွှေ တစ်ခု၊ ရိုးရာလှေမှ ရွှေ တစ်ခု၊ ဘတ်စကက်ဘောမှ ရွှေတစ်ခု စုစုပေါင်းရွှေ ခြောက်ခု၊ ငွေ ခုနစ်ခု၊ ကြေး ခုနစ်ခုရရှိခဲ့ကြောင်း သိရသည်။

(မောင်မောင်ဇော်)

# ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲ အကြိတ်အနယ်ယှဉ်ပြိုင်

သတင်း - ခင်ဇာလီ
ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

**ရန်ကုန် ဇွန် ၇**

၂၀၁၅ ခုနှစ် ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲကြီး၏ ၅၁ ကီလိုတန်း၊ ၅၄ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ ၆၃ ဒသမ ၅ ကီလိုတန်း၊ ၆၇ ကီလိုတန်း၊ ၇၁ ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇွန် ၇ ရက်က ရန်ကုန်မြို့ သိမ်ဖြူအားကစားလက်ဝှေ့ရုံ၌ ကျင်းပသည်။

ယင်းပွဲတွင် ၅၁ ကီလိုတန်းမှ ရဲသွေးနီ(တောင်ကလေး)က သိန်းစိုး(T&T)ကို ဒုတိယအချီ ၃၅ စက္ကန့်တွင် အလဲထိုးအနိုင်ယူခဲ့ပြီး တိမ်တိုက်(မုဒုံသား)က ရှိုင်းထက်အောင်(အဖြူရောင်သွေးသစ်)ကို ဒုတိယအချီမှာပင် အလဲထိုးနိုင်သောကြောင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

၅၄ ကီလိုတန်းတွင် စောရာဇာ(ငြိမ်းချမ်းရေး)နှင့် ရွှေချစ်သွေး(တိုက်ဂါး)တို့ ငါးချီပြည့်အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ စောရာဇာက အမှတ်အသာဖြင့် ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည်။ စောဖြိုးဝေ(အဖြူရောင်သွေးသစ်)ကမူ ပြိုင်ဘက်လက်ဝှေ့သမား ခွန်လင်းထက်(ဘီလပ်မြေစက်ရုံ)က ကိုယ်အလေးချိန်ပိုသွားသည့်အတွက် ယှဉ်ပြိုင်ထိုးသတ်စရာမလိုဘဲ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

၆၀ ကီလိုတန်းတွင် ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)က ကြယ်စင်(ဘီလပ်မြေစက်ရုံ)ကို တတိယအချီ ၁ မိနစ် ၉ စက္ကန့်မှာပင် အလဲထိုးနိုင်ခဲ့ပြီး စောထူးဇော်(ဒို့ရိုးရာ)က စောဒါဝိတ်(တောင်ကလေး) ကို ဒုတိယအချီ ၂ မိနစ် ၁၇ စက္ကန့်မှာပင် အလဲထိုးနိုင်ခဲ့သဖြင့် လည်းကောင်း၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် သပြေညို(ဘီလပ်မြေစက်ရုံ)က စောဝီလျံ(ရွှေကုက္ကို)ကို တတိယအချီ ၁ မိနစ် ၉ စက္ကန့်တွင် အလဲထိုးအနိုင်ရရှိခဲ့ပြီး အားမာန်(အဖြူရောင်သွေးသစ်)က စလူတာ(တိုက်ဂါး)ကို တတိယအချီ ၂ မိနစ် ၃ စက္ကန့်တွင် အလဲထိုးအနိုင်ရရှိခဲ့သဖြင့် ဗိုလ်လုပွဲသို့ အသီးသီးတက်ရောက်သွားကြသည်။

၆၇ ကီလိုတန်းမှ ထက်အောင်ဦး(တောင်ကလေး)နှင့် စောလဒိုး(ဘီလပ်မြေစက်ရုံ)တို့ အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ကြရာတွင် ဒိုင်လူကြီးများက ဆက်လက်ထိုးသတ်ရန် ခွင့်မပြုသဖြင့် ထက်အောင်ဦး(တောင်ကလေး)က အမှတ်အသာဖြင့် အနိုင်ရရှိခဲ့ပြီး သွေးသစ်အောင်(ရွှေကုက္ကို)က ရဲတံခွန်(အဖြူရောင်သွေးသစ်)ကို အလဲထိုးအနိုင်ယူခဲ့သဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

၇၁ ကီလိုတန်းတွင် စိုးထက်ဦး(အဖြူရောင်သွေးသစ်)က စောအယ်လေး(ထော့မဲပါ)ကို ဒုတိယအချီမှာပင် အလဲထိုးအနိုင်ယူခဲ့သလို ဖျံ့သွေး(ဝါဆို)က ရဲရင့်အောင်(နဂါးမာန်)ကို အလဲထိုးယှဉ်ပြိုင်အနိုင်ယူနိုင်ခဲ့သဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။

နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဇွန် ၁၄ ရက်တွင် သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်သည်။



ဖျံ့သွေး(ဝါဆို)နှင့် ရဲရင့်အောင်(နဂါးမာန်)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

# မြန်မာ - ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့နှင့် ထောင်စုနှစ်ရည်မှန်းချက် အမှတ်စဉ် (၁) လွန်စွာဆင်းရဲမှုနှဲ့ ဆာလောင်မွတ်သိပ်ခြင်း လုံးဝပပျောက်ရေး

မေနင်းအေး

MDG – Millennium Development Goal
Goal 1: Eradicate extreme poverty and hunger
Goal 2: Achieve universal primary education
Goal 3: Promote gender equality and empower women
Goal 4: Reduce child mortality
Goal 5: Improve maternal health
Goal 6: Combat HIV/AIDS, malaria and other diseases
Goal 7: Ensure environmental sustainability
Goal 8: Develop a Global Partnership for Development

မြန်မာ နိုင်ငံဟာ ၁၉၄၇ စက်တင်ဘာ ၁၁ ရက်နေ့က စတင်ပြီး အက်ဖ်အေအို အဖွဲ့ဝင်ဖြစ်ခဲ့ပါတယ်။ ကုလသမဂ္ဂက နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၅ ခုနှစ်မှာ ပြည့်မီအောင်မြင်ရမယ်လို့ ၂၀၀၀ ပြည့်နှစ်က ချမှတ်ထားတဲ့ ထောင်စုနှစ် ရည်မှန်းချက်အားလုံး ရှစ်ခု ရှိပါတယ်။

ပထမဆုံးရည်မှန်းချက်အမှတ် (၁)က လွန်စွာဆင်းရဲမှုနဲ့ ဆာလောင်မွတ်သိပ်ခြင်း လုံးဝပပျောက်ရေး ဖြစ်ပါတယ်။ ဒီဦးတည်ချက်ကို မြန်မာနိုင်ငံက ပြည့်မီတဲ့အကြောင်း ရောမမြို့မှာ အခြေစိုက်တဲ့ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး အက်ဖ်အေအိုက အသိအမှတ်ပြုလိုက်ပြီး အောင်မြင်အောင် စွမ်းဆောင်နိုင်တဲ့ အသိအမှတ်ပြုဆုကို ၂၀၁၅ ခုနှစ် ဇွန် ၇ ရက်မှာ ပေးအပ်ခဲ့ပါတယ်။ အက်ဖ်အေအိုအဖွဲ့ကြီးက မြန်မာနိုင်ငံတော်သမ္မတကို တက်ရောက်ဆုယူဖို့ ဖိတ်ကြားခဲ့ပေမယ့် နိုင်ငံတော်သမ္မတအနေနဲ့ ပြည်တွင်း ပြည်ပ ကြိုတင်စီစဉ်ထားမှုတွေ ရှိနေတာကြောင့် အက်ဖ်အေအို ညီလာခံ တက်ရောက်မယ့် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်ကိုပဲ ကိုယ်စားစေလွှတ်တက်ရောက် ဆုယူစေခဲ့ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဒီလိုအောင်မြင်မှုတွေ ရရှိခဲ့တာဟာ မြန်မာနိုင်ငံမှာ နိုင်ငံတော်ပိုင်းကပံ့ပိုး မ,တည်ဆောင်ရွက်ခဲ့သလို အက်ဖ်အေအိုဘက်ကလည်း စီမံကိန်းများ စနစ်တကျ ဆောင်ရွက်ပေးခဲ့လို့ ဖြစ်ပါတယ်။ အက်ဖ်အေအိုအနေနဲ့ မြန်မာနိုင်ငံမှာ အစားအစာ ဖူလုံရေး၊ ဆန်စပါးနဲ့ စားသုံးဆီသီးနှံအပါအဝင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ အထွက်တိုးရေး၊ သားငါးမွေးမြူရေးကဏ္ဍ၊ နာဂစ်အပြီး ပြန်လည်ထူထောင်ရေး၊ အာဟာရပြည့်ဝရေးနဲ့ အထူးသဖြင့် ကလေးသူငယ်များ နွားနို့သောက်သုံးမှု မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

Myanmar
Based on the most recent estimates in SOFI 2015, the PoU in Myanmar has decreased from 62.6% in 1990-92, to 14.2% in 2014-16. During the same period, the NoU people has decreased from 26.8 million, to 7.7 million. This indicates that the country has reached both the MDG 1 hunger target and the more stringent goal set in 1996 by the World Food Summit.

၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံနဲ့ အတူ ဆုယူခဲ့တဲ့နိုင်ငံများကတော့ အင်ဂိုလာ၊ ဘိုလီဗီးယား၊ တရုတ်၊ ကော်စတာရီကာ၊ ဒိုမီနီကန်သမ္မတနိုင်ငံ၊ဂါဘွန်၊ လာအို၊ မာလီ၊ မိုဇမ်ဘစ်၊ နီပေါ၊အိုမန်၊ ဆိုလို မွန်ကျွန်းနိုင်ငံ၊ ဆူရီနမ်နဲ့ ဥဇဘက်ကစ္စတန်နိုင်ငံများပဲဖြစ်ပါတယ်။ ဒီထဲက အင်ဂိုလာ၊ တရုတ်၊ ဒိုမီနီကန်၊ ဂါဘွန်၊ မြန်မာနဲ့ အိုမန်တို့ဟာ ပိုမိုတင်းကျပ်တဲ့ ၁၉၉၆ ကမ္ဘာ့စားနပ်ရိက္ခာထိပ်သီး ညီလာခံ (World Food Summit)ရဲ့ ရည်မှန်းချက် "အာဟာရ မပြည့်ဝသူအရေအတွက်ကို ထက်ဝက်တိတိ လျှော့ချရေး"ကိုတောင် ပြည့်မီတယ်လို့ ဆိုပါတယ်။ အက်ဖ်အေအို ဝက်ဘ်ဆိုက်မှာ ဖော်ပြထားတဲ့ မြန်မာနိုင်ငံရဲ့ အောင်မြင်မှုတွေအနေနဲ့ကတော့ လတ်တလောရရှိတဲ့ ၂၀၁၅ အစားအစာမဖူလုံမှုအခြေအနေ (State of Food Insecurity - SOFI 2015) ခန့်မှန်းခြေ ကိန်းဂဏန်းများကို အခြေခံတွက်ချက်ရာမှာ မြန်မာနိုင်ငံဟာ ၁၉၉၀-၉၂ ခုနှစ်က အာဟာရမပြည့်ဝမှု ဖြစ်ပေါ်သည့်အခြေအနေ (PoU – Prevalence of Undernourishment) ၆၂ ဒသမ ၆ ရာခိုင်နှုန်းရှိနေရာက ၂၀၁၄-၁၆ မှာ ၁၄ ဒသမ ၂ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ပြီး အာဟာရ မပြည့်ဝသူအရေအတွက် (NoU – Number of Undernourishment)ကိုလည်း ၂၆ ဒသမ ၈ သန်း ကနေ ၇ ဒသမ ၇ သန်းထိ လျှော့ချနိုင်ခဲ့တယ်လို့ဆိုပါတယ်။

အက်ဖ်အေအိုအနေနဲ့ ထောင်စုနှစ်ရည်မှန်းချက် အမှတ်-၁ ပြည့်ဝသွားပြီဖြစ်တဲ့ နိုင်ငံများကို ၂၀၁၃ ခုနှစ်က ၁၈ နိုင်ငံ စတင်သတ်မှတ်ဆုပေးခဲ့ပြီး ထောင်စုနှစ်ရည်မှန်းချက်နဲ့ ရည်မှန်းချက် နှစ်ခုစလုံး ပြည့်စုံတဲ့ နိုင်ငံကတော့ နိုင်ငံ ၂၀ ရှိပါတယ်။ ၂၀၁၄ ခုနှစ်မှာ ၁၀ နိုင်ငံကို ထပ်မံသတ်မှတ်ပေးခဲ့တဲ့အတွက် စုစုပေါင်း ၆၃ နိုင်ငံက ဆုလက်ခံရရှိပြီးဖြစ်ပါတယ်။ အက်ဖ်အေအိုအနေနဲ့ ကမ္ဘာ့နိုင်ငံပေါင်း ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၁၂၉ နိုင်ငံရဲ့ အခြေအနေကို စောင့်ကြည့်လေ့လာခဲ့ရာမှာ ထက်ဝက်ကျော် ၇၂ နိုင်ငံဟာ ထောင်စုနှစ်ရည်မှန်းချက် အမှတ်-၁ ကို ပြည့်စုံပြီဖြစ်ပါတယ်။


မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်တာကြောင့် ကိုယ့်နိုင်ငံအတွက် စားနပ်ရိက္ခာဖူလုံရေးသာမက ဒေသတွင်းနဲ့ နိုင်ငံတကာအတွက်ပါ စားနပ်ရိက္ခာ ပံ့ပိုးပေးနိုင်စေဖို့ ရေရှည်ရည်မှန်းချက်ထားရှိပါတယ်။ အက်ဖ်အေအိုအနေနဲ့လည်း ဆာလောင်တော်မွတ်မှု လုံးဝပပျောက်ရေး (Zero Hunger) အစီအစဉ်ကို ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၀-၉၂ ကာလမှာ ကမ္ဘာမှာ ဆာလောင်မွတ်သိပ်မှုနဲ့ နေရတဲ့လူဦးရေ သန်းတစ်ထောင်ကျော်ရှိနေပါတယ်။ ယနေ့ ၂၀၁၅ ခုနှစ် အခြေအနေမှာတော့ ဒီလူဦးရေကို ၇၉၅ သန်းထိ လျှော့ချနိုင်ပြီဖြစ်လို့ ဆောင်ရွက်မှုများ အောင်မြင်တယ်လို့ ဆိုနိုင်ပါတယ်။ ၂၀၁၅ ခုနှစ်ဟာ ထောင်စုနှစ် မျှော်မှန်းချက် အကောင်အထည်ဖော်ရမယ့်ကာလရဲ့ နောက်ဆုံးနှစ်ဖြစ်တာကြောင့် ထောင်စုနှစ်အလွန် မျှော်မှန်းချက်များမှာ ဆာလောင်မွတ်သိပ်မှုတွေ လုံးဝမရှိစေတော့တဲ့အထိ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒေသဆိုင်ရာအလိုက်ကြည့်ရင် အာရှနဲ့ အာဖရိကဒေသများမှာ တိုးမြှင့်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဆာလောင်မှုလုံးဝပပျောက်ရေးစီမံချက်မှာ အစားအစာရရှိရေးတင်မက အစားအစာများမှာ အာဟာရဓာတ်ပြည့်ဝစွာ ပါဝင်ရေးလည်း ပါဝင်ပါတယ်။ ဆာလောင်မှုလုံးဝပပျောက်ရေးစီမံချက်မှာ ရင်ဆိုင်နေရတဲ့ အဓိက စိန်ခေါ်မှုငါးချက်ကတော့ (၂)နှစ်အောက် ကလေးငယ်များ ကြုံလှီမှု မရှိစေရေး၊ တစ်နှစ်ပတ်လုံး လုံလောက်တဲ့ အစားအသောက် အပြည့်အဝရရှိရေး၊ အစားအသောက်ရရှိစိုက်ပျိုး ထုတ်လုပ်နိုင်မှုမှာ စဉ်ဆက်မပြတ်ဖြစ်စေရေး၊ အငယ်စားလုပ်ငန်းရှင်လေးများ ထုတ်လုပ်မှု ရာနှုန်းပြည့်တိုးမြှင့်နိုင်ရေးနဲ့ ဝင်ငွေတိုးတက်ရရှိလာရေး၊ အစားအစာ လေလွင့်ဆုံးရှုံးမှု မရှိစေရေးတို့ဖြစ်ပါတယ်။ ဒါကြောင့် ဆက်စပ်ပတ်သက်တဲ့ ကဏ္ဍတိုင်းက ပူးပေါင်းပါဝင်ဖို့လိုအပ်သလို ပြည်သူအများ သိရှိပူးပေါင်းပါဝင်နိုင်မှုဟာလည်း အရေးကြီးပါတယ်။

မြန်မာနိုင်ငံအနေနဲ့ "Zero Hunger Challenge-ZHC" ကို အမျိုးသားအစီအစဉ်အဖြစ် ၂၀၁၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ (အောက်တိုဘာ ၁၆ ရက်နေ့)က စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ စားနပ်ရိက္ခာဖူလုံရေး"အဟာရပြည့်ဝရေးဆိုရာမှာ ထုတ်လုပ်နိုင်မှု တိုးမြှင့်ရေးတင်မက လေလွင့်ဆုံးရှုံးမှု မရှိစေရေးဟာလည်း အရေးကြီးပါတယ်။ အစဉ်အလာအရ စဉ်းစားကြတဲ့အခါ ထုတ်လုပ်မှု မြှင့်တင်ရေးအပိုင်းကိုပဲ ဆောင်ရွက်တတ်ကြပြီး တကယ်တမ်း လက်တွေ့မှာတော့ အစားအစာ မလုံလောက်တာဟာ လူဦးရေတိုးပွားလာမှုနဲ့အညီ လုံလောက်အောင် မထုတ်နိုင်လို့ မဟုတ်ဘဲ ဖြန့်ဖြူးမှုအားနည်းချက်နဲ့ စားသုံးကြတဲ့နေရာတွေမှာ လိုအပ်ချက်တွေ ရှိနေလို့ဆိုတာတွေ့လာကြရပါတယ်။ တချို့နေရာတွေမှာ ပိုလျှံလွှင့်ပစ်ဖြုန်း

စာမျက်နှာ ၁၁ သို့

**(ကမ္ဘာ့ဒေသအလိုက် ဆာလောင်မွတ်သိပ်မှုဖြင့် နေထိုင်ရသူ အရေအတွက် နှင့် ပမာဏပြဇယား)Source: FAO**





| | Number (millions) 1990-92 | Number (millions) 2014-16 | Regional share (%) 1990-92 | Regional share (%) 2014-16 |
|---|---|---|---|---|
| A Developed regions | 20 | 15 | 2.0 | 1.8 |
| B Southern Asia | 291 | 281 | 28.8 | 35.4 |
| C Sub-Saharan Africa | 176 | 220 | 17.4 | 27.7 |
| D Eastern Asia | 295 | 145 | 29.2 | 18.3 |
| E South-Eastern Asia | 138 | 61 | 13.6 | 7.6 |
| F Latin America and the Caribbean | 66 | 34 | 6.5 | 4.3 |
| G Western Asia | 8 | 19 | 0.8 | 2.4 |
| H Northern Africa | 6 | 4 | 0.6 | 0.5 |
| I Caucasus and Central Asia | 10 | 6 | 0.9 | 0.7 |
| J Oceania | 1 | 1 | 0.1 | 0.2 |
| Total | 1 011 | 795* | 100 | 100 |

(ကမ္ဘာ့ဒေသအလိုက် ဆာလောင်မွတ်သိပ်မှုဖြင့် နေထိုင်ရသူ အရေအတွက် နှင့် ပမာဏပြဇယား)Source: FAO

[1] Algeria, Angola, Bangladesh, Benin, Brazil, Cambodia, Cameroon, Chile, Dominican Republic, Fiji, Honduras, Indonesia, Jordan, Malawi, Maldives, Niger, Nigeria, Panama, Togo and Uruguay
[2] Armenia, Azerbaijan, Cuba, Djibouti, Georgia, Ghana, Guyana, Kuwait, Kyrgyzstan, Nicaragua, Peru, Saint Vincent and the Grenadines, Samoa, Sao Tome and Principe, Thailand, Turkmenistan, Venezuela and Viet Nam
[3] Ethiopia, Gabon, the Gambia, Iran, Kiribati, Malaysia, Mauritania, Mauritius, Mexico and the Philippines

ဒါ့အပြင် ဆောင်ရွက်မှုကို ပိုမိုအဓိပ္ပာယ်ပြည့်ဝစေတဲ့ ဦးတည်ချက်က မဆာလောင်ရုံတင်မက စားသုံးမှုတွေမှာ အာဟာရပြည့်ဝစေရေးဆိုတာကို ထည့်သွင်းလာတဲ့ အချက်ဖြစ်ပါတယ်။ ဆာလောင်မှုနဲ့ နေထိုင်ရတယ်ဆိုတာကတော့ စားစရာကို မရှိတာဖြစ်ပြီး အာဟာရပြည့်ဝစေရေးဆိုတာမှာတော့ စားတဲ့အစားအသောက်တွေမှာ အရည်အသွေးပြည့်ဝစေရေး၊ လူတစ်ယောက်ရဲ့ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ အစာအာဟာရဓာတ်များ လုံလောက်စွာ ပါဝင်ရရှိစေရေး ဖြစ်ပါတယ်။

**(ကမ္ဘာ့ဒေသအလိုက် အာဟာရမပြည့်ဝမှုအခြေအနေဇယား)Source: FAO**



စာမျက်နှာ ၁၀ မှ

တီးနေကြပြီး တချို့နေရာတွေမှာ အစားအစာပြတ်လပ်နေတာတွေဟာ ဆင်ခြင်စရာဖြစ်တဲ့အကြောင်း နိုင်ငံအတော်များများမှာ ပြောဆိုလာကြပါပြီ။ နှစ်သက်သလောက်စားသုံးနိုင်ပြီး ဈေးနှုန်းတစ်မျိုးတည်းသာ ကောက်ခံတဲ့ ဘူဖေးစားသောက်ဆိုင်များမှာ ပိုစားစား၊ လျှော့စားစား ဈေးနှုန်းတစ်မျိုးတည်းပေးရပေမယ့် ကိုယ့်ပန်းကန်ထဲမှာ ကျန်နေမယ့် အစားအသောက်လေလွင့်မှုအတွက် မစားနိုင်ဘဲ ထည့်ယူထားတဲ့အတွက် တန်ဖိုးထပ်မံပေးရတဲ့ စနစ်မျိုး ဆောင်ရွက်လာနေကြပါတယ်။ တိုးတက်တဲ့နိုင်ငံများမှာ ကောင်းနေသေးတဲ့ အစားအသောက်တွေကို လွှင့်ပစ်တဲ့ဆိုင်များကိုလည်း အရေးယူဖို့ လုပ်ဆောင်လာနေကြပါပြီ။ ဒါကြောင့် အခုခေတ်မှာ ကလေးသူငယ်တွေကစပြီး အစားအသောက်ကို ကုန်အောင်စားဖို့၊ ဖြုန်းတီးမပစ်ဖို့ ပြောဆိုဆုံးမကြရမှာ ဖြစ်ပါတယ်။




ရာသီချိန်ကိုလိုက်ပြီး တစ်ချိန်မှာတော့ အစားအသောက်တွေ ပိုလျှံနေပြီး တစ်ချိန်ကျ အစားအသောက်မရနိုင်တော့တဲ့ အခြေအနေမျိုးတွေမှာ ရေရှည်ထိန်းသိမ်းဖို့၊ တစ်နှစ်ပတ်လုံး စားသုံးစရာမပြတ်ဖို့ နည်းပညာအခန်းကဏ္ဍ လိုအပ်လာနေပါပြီ။ မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အထူးသဖြင့် ရာသီသီးနှံတွေဟာ တစ်ချိန်မှာ အလျှံပယ်ပေါနေပြီး စိုက်ပျိုးသူဘက်ကလည်း ဈေးကောင်းမရသလို စားသုံးသူဘက်ကလည်း ကုန်အောင်မစားနိုင်ဘဲ ပျက်စီးသွားရတာတွေအတွက် ဈေးကွက်၊ ရေရှည်ပြုပြင် ထိန်းသိမ်းထားနိုင်မယ့် နည်းပညာ၊ တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်နိုင်မယ့် နည်းစနစ်များနဲ့ ဆောင်ရွက်သွားနိုင်ရင် စိုက်ပျိုးထုတ်လုပ်သူရော စားသုံးသူပါ အကျိုးရှိနိုင်မှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေးကဏ္ဍဟာ ရာသီဥတုနဲ့ ဆက်စပ်နေတာကြောင့် စဉ်ဆက်မပြတ်စိုက်ပျိုးနိုင်ဖို့ဆိုရင် ရေရရှိရေး၊ မြေဆီလွှာကောင်းမွန်ရေးဆိုတဲ့ နည်းပညာများနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကလည်း ဆက်စပ်လာပြန်ပါတယ်။

ထုတ်လုပ်မှုတိုးတက်အောင်လုပ်နိုင်လာရင် စားသောက်ကုန် ပိုရတဲ့အပြင် ထုတ်လုပ်တဲ့ လယ်သမားမှာလည်း ဝင်ငွေတိုးလို့ ပိုမိုကောင်းကောင်းမွန်မွန် စားသုံးနိုင်မှာဖြစ်ပါတယ်။ ဆင်းရဲမှုလျှော့ချရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူ ပြုပါတယ်။

ဝင်ငွေနည်းရင် အစားအသောက် ကောင်းကောင်းမွန်မွန် မစားနိုင်ဘူးလို့ သမားရိုးကျ ယူဆတတ်ပေမယ့် အာဟာရဓာတ်ပြည့်ဝဖို့ဆိုရင် အသိပညာဟာလည်း အရေးကြီးပါတယ်။ အထူးသဖြင့် အောက်ခြေလူတန်းစားတွေအနေနဲ့ ဝင်ငွေနည်းနည်းနဲ့ အစာအာဟာရ ပြည့်ဝအောင် နေထိုင်လို့ရတဲ့နည်းလမ်းတွေကို ပညာပေးရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများမှာ လူဦးရေတော်တော်များများဟာ အစားအစာနဲ့ ပတ်သက်တဲ့ ဗဟုသုတ နည်းပါးလို့ အထူးသဖြင့် မိခင်များဟာ ငွေကြေးတတ်နိုင်ပါလျက် ကလေးကို အာဟာရပြည့်ဝအောင် မကျွေးမွေးနိုင်တာတွေ ရှိနေပါတယ်။

အက်ဖ်အေအိုက ဦးဆောင်ပြုလုပ်နေတဲ့ ဆာလောင်မှုလုံးဝပပျောက်ရေး စီမံချက်မှာ နိုင်ငံအများက အစိုးရအဖွဲ့တွေသာမက လူမှုရေးအဖွဲ့အစည်းတွေ၊ အစားအသောက်လုပ်ငန်းတွေ၊ တက္ကသိုလ်တွေကလည်း ပါဝင်ကြတာကြောင့် မြန်မာနိုင်ငံက စိတ်ပါဝင်စားတဲ့ လူမှုအဖွဲ့အစည်းတွေလည်း ပါဝင်နိုင်ပါတယ်။ ပူးပေါင်းဆောင်ရွက်နိုင်ပါတယ်။ အက်ဖ်အေအိုဟာ မြန်မာနိုင်ငံမှာ ရုံးခွဲဖွင့်လှစ်ထားပြီး ရောမမြို့ မြန်မာသံရုံးက သံအမတ်ကြီးကိုလည်း အက်ဖ်အေကို ပူးတွဲခန့်အပ်ထားတာကြောင့် ရန်ကုန်ရုံးမှာဖြစ်စေ၊ မြန်မာသံရုံးမှာဖြစ်စေ ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ပါတယ်။ အက်ဖ်အေအိုသတင်းအချက်အလက်များကို www.fao.org မှာ ကြည့်ရှုလေ့လာနိုင်ပြီး လစ်လပ်နေရာများမှာလည်း ဝင်ရောက်လျှောက်ထားနိုင်ပါတယ်။ မြန်မာသံရုံးကိုလည်း merome2010@gmail.com မှာ ဆက်သွယ်နိုင်ပါတယ်။ လတ်တလောမှာ မြန်မာနိုင်ငံသားဝန်ထမ်းအက်ဖ်အေအိုမှာ မရှိသေးတာကြောင့် အရည်အချင်းတူရင် မြန်မာနိုင်ငံသားက အလုပ်အကိုင်ရဖို့ အခွင့်အလမ်းပိုရှိတဲ့အကြောင်း၊ အမျိုးသားများထက် အမျိုးသမီးများကို ဦးစားပေး ခန့်ထားမယ့်အကြောင်း အက်ဖ်အေအို ညွှန်ကြားရေးမှူးချုပ် Mr. Jose Graziano de Silva ရဲ့ ပြောကြားချက်ကို ကိုးကား တင်ပြလိုက်ရပါတယ်။

**(၂၀၁၅ ခုနှစ် ဇွန်လ ၆ ရက်မှ ၁၃ ရက်ထိ ရောမမြို့တွင် ကျင်းပသော အက်ဖ်အေအို ညီလာခံအား ကြိုဆိုလျက်)**



ဆောက်လုပ်ဆဲ ရေဝဏ်အထပ်မြင့်အိမ်ရာစီမံကိန်းအား တွေ့ရစဉ်။

# မြို့ပြအိမ်ရာစီမံကိန်းအိပ်မက် ပြည်သူတွေတကယ်မက်ခွင့်ရပြီလား

သတင်းဆောင်းပါး - သီရိ
ဓာတ်ပုံ - ဖိုးခွား

ရန်ကုန်မြို့ကြီးကို ကြည့်ရှုမည်ဆိုလျှင် နေ့စဉ်လူများ၊ ကားများဖြင့် ပြည့်ကျပ်လျှောင်ပိတ်နေသည်ကို တွေ့ရှိရမည် ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းအရ ရန်ကုန်မြို့တွင် လူဦးရေ ငါးသန်းကျော်နေထိုင်ကြောင်း သိရသည်။

ယခင်အစိုးရအဆက်ဆက် မြို့သစ်စီမံကိန်းများကို ဖော်ဆောင်ခဲ့သော်လည်း နှစ်စဉ်များပြားလာသည့် လူဦးရေကြောင့် မြို့နေလူတန်းစားများအတွက် အိမ်ရာလိုအပ်ချက်မှာ ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းပြီးနောက်ပိုင်း ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေထိုင်သည့်သူများမှာ ရန်ကုန်မြို့သို့ အများအပြားစိမ့်ဝင်လာမှုကလည်း မြို့၏လူဦးရေ များပြားလာသည့် အကြောင်းခြင်းရာတစ်ရပ်ပင်ဖြစ်သည်။

နာဂစ်မုန်တိုင်းဖြစ်ပွားပြီးနောက် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ နေထိုင်သူများမှာ ဝမ်းရေးအတွက် အလုပ်အကိုင်ရှာဖွေရန် လွယ်ကူသော ရန်ကုန်မြို့ဆီသို့ ပြောင်းရွှေ့လာခဲ့ကြပြီး ယခင်အစိုးရလက်ထက်က ဖော်ဆောင်ခဲ့သည့် မြို့သစ်များဖြစ်ကြသော လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒလ၊ သန်လျင်မြို့နယ်များသို့ အလုံးအရင်းဖြင့် ဝင်ရောက်ကာ ကျူးကျော်နေထိုင်လာခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ကောက်ယူထားသော စာရင်းအရ ရန်ကုန်မြို့တွင် ကျူးကျော်နေထိုင်သည့် အိမ်ခြေပေါင်း ခြောက်သောင်းကျော်ရှိကြောင်း သိရသည်။

ထိုသို့ နှစ်စဉ်များပြားလာသည့် မြို့ပြလူဦးရေကိစ္စကို ဖြေရှင်းရန် သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော အစိုးရလက်ထက်၌ မြို့ပြအိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လာသည်ကို တွေ့ရသည်။

## မြို့ပြအိမ်ရာစီမံကိန်းများ

သမ္မတ ဦးသိန်းစိန်အစိုးရအနေဖြင့် ၂၀၁၃ ခုနှစ်မှစ၍ မြို့ပြအိမ်ရာစီမံကိန်းများကို စတင်အကောင်အထည်ဖော်လာသည်ကို တွေ့ရသည်။ အဆိုပါအိမ်ရာများမှာ ဗိုလ်ဗထူးအိမ်ရာ၊ ဗိုလ်မင်းရောင်အိမ်ရာ၊ ရတနာအိမ်ရာ၊ ရေဝဏ်အိမ်ရာနှင့် ရွှေလင်ပန်းအိမ်ရာတို့ကို ရန်ကုန်မြို့ရှိ မြောက်ဒဂုံမြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ လှိုင်သာယာမြို့နယ်များတွင် အကောင်အထည်ဖော်ခဲ့သည်။

ထိုသို့ တန်ဖိုးနည်း၊ တန်ဖိုးမျှတ၊ အငှားအိမ်ရာများကို အကောင်အထည်ဖော်ရာတွင် ဗိုလ်ဗထူးအိမ်ရာကို တန်ဖိုးနည်းအိမ်ရာအဖြစ်လည်းကောင်း၊ ရတနာအိမ်ရာနှင့်ရေဝဏ်အိမ်ရာကို တန်ဖိုးမျှတအိမ်ရာအဖြစ်လည်းကောင်း၊ ရွှေလင်ပန်းအိမ်ရာကို အငှားအိမ်ရာအဖြစ်လည်းကောင်း အကောင်အထည်ဖော်ခဲ့သည်ကို တွေ့ရှိရသည်။ မြို့ပြအိမ်ရာများကို အကောင်အထည်ဖော်ရာတွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်သည်။

## မြို့ပြအိမ်ရာရောင်းချမှုပုံစံစနစ်

အစိုးရအနေဖြင့် အကောင်အထည်ဖော်ထားသည့် တန်ဖိုးနည်း၊ တန်ဖိုးမျှတအိမ်ရာများကို ရောင်းချရာတွင် မဲနှိုက်သည့်စနစ်ဖြင့် ရောင်းချခဲ့သည်ကို တွေ့ရှိရသည်။

တန်ဖိုးနည်း၊ တန်ဖိုးမျှတအိမ်ရာများ၏ ဈေးနှုန်းများကို သတ်မှတ်ရာတွင် တန်ဖိုးမျှတအိမ်ရာတစ်ခန်းလျှင် ကျပ်သိန်း ၂၀၀ ကျော်မှ ၃၀၀ ကျော်တွင်ရှိပြီး တန်ဖိုးနည်းအိမ်ရာ တစ်ခန်းလျှင် ကျပ်သိန်း ၁၁၀ မှ ၁၂၀ ကျော်အထိ သတ်မှတ်ထားသည်ကို တွေ့ရှိရသည်။

## မြို့ပြအိမ်ရာစီမံကိန်းပေါ် အမြင်

အစိုးရအနေဖြင့် ဖော်ဆောင်ခဲ့သည့်တန်ဖိုးနည်း၊ တန်ဖိုးမျှတအိမ်ရာများနှင့် ပတ်သက်၍ ပြင်ပ ပညာရှင်များ၏ ဝေဖန်ထောက်ပြမှုကိုလည်း ကြားသိခဲ့ရသည်။

"အိမ်ရာခွဲဝေဖြန့်ထားမှုစနစ်၊ ရောင်းချမှုစနစ်က တရားမျှတမှုရှိဖို့ လိုပါတယ်။ ခုလိုမျိုးမဲနှိုက်ပြီးတော့ ရောင်းချတယ်ဆိုတဲ့စနစ်ကလည်း ၁၀၀ ရာခိုင်နှုန်းမျှတမှုရှိတယ်လို့ မထင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လူတွေရဲ့ လောဘကအတောမသတ်နိုင်တာများတယ်။ အိမ်ရှိပြီးသားလူတွေကလည်း မဲဝင်နှိုက်ကြတယ်။မဲပေါက်ပြီးတော့ အိမ်ဖိုးလာမသွင်းတဲ့သူတွေ အများကြီးပါတယ်။ အဲဒီတော့ ဒီနေရာမှာဖြန့်ဝေတဲ့စနစ်၊ ရောင်းချတဲ့စနစ်ပေါ့။ရောင်းချတဲ့စနစ်က အမှန်တကယ်အိမ်ရာမရှိတဲ့သူတွေကို ရောင်းချတာမျိုးပဲဖြစ်သင့်တယ်။ အမှန်တကယ် အိမ်ရာမရှိတဲ့သူတွေကို ဘယ်ကနေယူမလဲ။ သန်းခေါင်စာရင်းတောင် ကောက်နိုင်ခဲ့တာပဲ။ သန်းခေါင်စာရင်းတွေကို တခြားဌာနတွေက မယူနိုင်ဘူးဆိုရင် မြို့နယ်အသီးသီးမှာ လဝကတွေမှာရှိတဲ့ အိမ်ငှားစာရင်းတွေရှိတယ်။ ရပ်ကွက်အသီးသီးမှာ ဧည့်စာရင်းနဲ့နေတဲ့လူတွေရှိတယ်။ ဒီစာရင်းတွေကို အထောက်အထားပြုပြီးတော့ ဒီလိုဧည့်စာရင်းနဲ့ နေနေရတဲ့ ပုဂ္ဂိုလ်တွေကိုပဲ ဦးတည်ပြီးတော့ မဲနှိုက်ရောင်းချမယ်ဆိုရင်တော့ ပိုပြီးတော့သင့်တော်မယ်ထင်တယ်။အိမ်ပိုင်ယာပိုင်ရှိတဲ့သူတွေကို မရောင်းချသင့်ဘူး။ သန်းခေါင်စာရင်းရှိပြီးတော့ဧည့်စာရင်းနဲ့နေရတဲ့သူတွေကိုပဲ ရောင်းချသင့်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညီညီသင်းက ဝေဖန်ထောက်ပြသည်။

ထို့အပြင် အစိုးရတစ်ရပ်အနေဖြင့် မြို့ပြအိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်မည်ဆိုလျှင် အိမ်ရာရောင်းချရေးဥပဒေကို ပြဋ္ဌာန်းပြီး အိမ်ရာရောင်းချရေးကော်မတီကို အများပြည်သူကြည်ညိုလေးစားသည့် ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းကာ ရောင်းချသင့်ကြောင်း ၎င်းက ဆက်ပြောသည်။

မြို့ပြအိမ်ရာစီမံကိန်းများနှင့် ပတ်သက်၍ မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင် ဦးသန်းဦးကလည်း နိုင်ငံတကာနှင့် နှိုင်းယှဉ်ကာ အောက်ပါအတိုင်းထောက်ပြခဲ့သည်။

"ဒီမှာ ပြည်ပနဲ့မတူတာက နိုင်ငံခြားမှာတော်တော်များများက အိမ်ရာနဲ့ပတ်သက်ရင် နိုင်ငံတော်အစိုးရရဲ့ ဖြည့်ဆည်းကူညီမှုက တော်တော်လေးပါဝင်ပတ်သက်မှုတွေရှိတယ်။ အရစ်ကျဖော်ဆောင်တဲ့နေရာမှာ ဆောက်လုပ်တဲ့သူကိုလည်း သက်ဆိုင်ရာဘဏ်ကနေ ချေးငွေထုတ်ပေးတာရှိတယ်။ တစ်ချိန်တည်းမှာပဲ နေမယ့် ဝယ်ယူသူအတွက်ကိုလည်း နေနိုင်တဲ့အခြေအနေရှိအောင် ကြားခံဘောင်ထဲကနေတစ်ဆင့် ထုတ်ချေးတာတွေရှိတယ်။ဒီမှာငွေချေးတယ်ဆိုတာက အိမ်ရှိပြီးသား၊ ပစ္စည်းရှိပြီးသားပိုင်ရှင်တွေကနေ အဲဒီပစ္စည်းကို အပေါင်ခံမှသာလျှင်၊ အာမခံအဖြစ်နဲ့တင်ပြမှသာလျှင် အပေါင်အဖြစ်နဲ့ထုတ်ချေးတာပါ။ ပြည်ပမှာက ဘာမှမရှိပေမယ့် သက်ဆိုင်ရာလုပ်ငန်းကုမ္ပဏီတစ်ခုရဲ့ ထောက်ခံချက်နဲ့အရစ်ကျငွေထုတ်ချေးတယ်။ နှစ်စဉ်သားစဉ်မြေးဆက် ပေးဆပ်သွားကြတာ၊ အဲလိုအနေအထားမျိုးရှိတယ်။ အဲလိုငွေထုတ်ချေးဖို့အတွက် တာဝန်ခံတဲ့ကြားခံဘဏ်တွေရှိလာကြတယ်။ ပုဂ္ဂလိကပဲဖြစ်ဖြစ်ပေါ့။ ဒီမှာက ဆောက်လုပ်ရေးလုပ်ငန်းတွေ ငွေထုတ်ချေးဖို့ဆိုတာ အခုမှစတာ။ ဒါတောင် များများစားစား ထုတ်မချေးနိုင်သေးဘူး။ နေမယ့်အခြေခံလူတန်းစား အတွက်လည်း အာမခံပေးမယ့် ဘဏ်ဆိုတာမရှိဘူး"ဟု ၎င်းကဆိုသည်။

ထို့အပြင် တန်ဖိုးမျှတ၊ တန်ဖိုးနည်းအိမ်ရာဈေးနှုန်းသတ်မှတ်မှုနှင့်ပတ်သက်၍ ဈေးနှုန်းကြီးမြင့်နေသည့်အတွက် အိမ်ရာပိုင်ဆိုင်မှုမရှိသော အခြေခံလူတန်းစားများမှာ လက်လှမ်းမမီဖြစ်နေကြောင်း စီးပွားရေးပညာရှင် ဦးဇော်ဖေဝင်းက သုံးသပ်သည်။

## ရန်ကုန်မြို့၏ အိမ်ရာလိုအပ်ချက်

ရန်ကုန်မြို့အိမ်ရာလိုအပ်ချက်နှင့်ပတ်သက်၍ လွန်ခဲ့သောငါးနှစ်ခန့်က မြန်မာနိုင်ငံဗိသုကာပညာရှင်များ၏ ထုတ်ပြန်ချက်အရ တစ်နှစ်လျှင် အိမ်ရာပေါင်း ၂၅၀၀၀ ခန့်လိုအပ်လျက်ရှိကြောင်း သိရှိရသည်။ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပေါ်ပေါက်လာမည့် မြို့ပြအိမ်ရာလိုအပ်ချက်နှင့် ပတ်သက်၍လည်း အိမ်ရာအခန်းပေါင်း ၃၀၀၀၀ ဝန်းကျင်ခန့်ရှိမည်ဖြစ်ကြောင်းသိရှိရသည်။

ထို့ကြောင့် အိမ်ရာလိုအပ်ချက်များ မြင့်တက်လာသည့်အတွက် အစိုးရအနေဖြင့် ဖော်ဆောင်ခဲ့သည့်တန်ဖိုးနည်း၊ တန်ဖိုးမျှတအိမ်ရာ၊ အငှားအိမ်ရာများကဲ့သို့ အိမ်ရာစီမံကိန်းများကိုလည်း ဆက်လက်ဖော်ဆောင်သင့်ကြောင်း ပညာရှင်များက သုံးသပ်ကြသည်။

## ပြည်သူတွေရဲ့အိမ်ရာစီမံကိန်းအိပ်မက် အစိုးရဘယ်လိုဖော်ဆောင်ပေးမလဲ

အချုပ်အားဖြင့်ဆိုရလျှင် အစိုးရ သစ်လက်ထက်၌ ဖော်ဆောင်ခဲ့သည့် တန်ဖိုးနည်း၊ တန်ဖိုးမျှတအိမ်ရာများမှာ မဲစနစ်ဖြင့် ရောင်းချခြင်း၊ ဈေးနှုန်းကြီးမြင့်ခြင်းနှင့် နိုင်ငံတကာကဲ့သို့ နှစ်ရှည်ဘဏ်များနှင့်ချိတ်ဆက်ကာ ချေးငွေစနစ်ဖြင့် အရစ်ကျဝယ်ယူနိုင်မည့်စနစ်ကို အကောင်အထည်ဖော်နိုင်မှု အားနည်းချက်များကြောင့် အိမ်ရာစီမံကိန်းများမှာ အခြေခံပြည်သူများနှင့် အလှမ်းဝေးနေဆဲဖြစ်ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် အစိုးရအနေဖြင့် ဆက်လက်အကောင်အထည်ဖော်မည့် တန်ဖိုးနည်း၊ တန်ဖိုးမျှတအိမ်ရာစီမံကိန်းများနှင့် ပတ်သက်၍ မြို့ပြအိမ်ရာစီမံကိန်းအိပ်မက် အခြေခံပြည်သူတွေ တကယ်မက်ခွင့်ရရှိနိုင်ရန် ပြုပြင်ပြောင်းလဲလုပ်ဆောင်သင့်ကြောင်းကို ရိုးသားစွာ ရေးသားတင်ပြလိုက်ရပါသည်။



## နှင်းဆီပွဲတော် တက်ရောက်ခဲ့တဲ့ မင်းသမီး ကင်ဟိုဂျင်

မင်းသမီး ကင်ဟိုဂျင်သည် ဇွန် ၅ ရက် (သောကြာနေ့)က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ မြောင်ဒုံးမြို့နယ်ရှိ Lotte ကုန်တိုက်၌ကျင်းပခဲ့သည့် နှင်းဆီပွဲတော်သို့ တက်ရောက်ခဲ့ကြောင်းသိရသည်။

အဆိုပါ နှင်းဆီပန်းပွင့်ပေါင်း ၃၀၀၀ ခန့်ဖြင့် အလှဆင်ထားသည့် နှင်းဆီပွဲတော်၌ ကင်ဟိုဂျင်သည် အလှကုန်ပစ္စည်းကြော်ငြာအတွက် ဓာတ်ပုံရိုက်ကူးရေးများ ပြုလုပ်ခဲ့သည်။

နှင်းဆီပန်းအစစ်များဖြင့် တန်ဆာဆင်ထားသည့် ယင်းပန်းပွဲတော်သည် ဇွန် ၅ ရက်မှ စတင်ပြီး သုံးရက်ကြာကျင်းပမည်ဖြစ်ပြီး ကိုရီးယားနာမည်ကြီးအနုပညာရှင်များစွာ တက်ရောက်ခဲ့ကာ လာရောက်လည်ပတ်သူ များစွာရှိခဲ့ကြောင်းသိရသည်။

ပန်းသော်တာ

## ဂျနီဖာလိုပက်ဇ် တရားစွဲခံရ

အမေရိကန် ပေါ့ပ်အဆိုတော် ဂျနီဖာလိုပက်ဇ်သည် မေ ၂၉ ရက်က အာဖရိကမြောက်ပိုင်းရှိ မော်ရိုကိုနိုင်ငံတွင် ဖျော်ဖြေတင်ဆက်ခဲ့သည့် သူ၏ ဂီတဖျော်ဖြေပွဲကို ရုပ်မြင်သံကြားမှ ပြန်လည်ထုတ်လွှင့်ခဲ့ပြီးနောက် ပညာရေးအဖွဲ့အစည်းတစ်ခု၏ တရားစွဲဆိုခြင်းခံခဲ့ရသည်။

ဂျေလိုသည် အဆိုပါ ဖျော်ဖြေပွဲတွင် သူ၏ ကိုယ်ပိုင်ဟန်အတိုင်း ခန္ဓာကိုယ်ကို အသားပေးသော အကများ၊ မလုံမလဲ အဝတ်များနှင့် ဆွဲဆောင်မှုပြင်းလွန်းသည့် အကမျိုးဖြင့် ဖျော်ဖြေခဲ့သည်။ ဖျော်ဖြေပွဲပြီးဆုံးသည်အထိ ပြဿနာတစ်စုံတစ်ရာ မရှိခဲ့သော်လည်း ရုပ်မြင်သံကြားအစီအစဉ်တွင် ပြန်လည်ထုတ်လွှင့်ပြီးနောက် ယခုကဲ့သို့ တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။ သူ့ကို ပညာရေးအသင်းတစ်ခုက လူမှုကျင့်ဝတ်စည်းကမ်းကို ဖောက်ဖျက်သည်။ အမျိုးသမီးများ၏ ဂုဏ်သိက္ခာနှင့် ရှိသေခံထိုက်မှုတို့ကို စော်ကားနေသည်ဟု စွပ်စွဲခဲ့သည်။

ဂျေလိုသည် ယခင်က မော်ရိုကိုနိုင်ငံတွင် ဖျော်ဖြေပွဲများ ပြုလုပ်ခဲ့ဖူးသော်လည်း တစ်ခါမျှ ရုပ်သံမှ ထုတ်လွှင့်ခဲ့ဖူးခြင်းမရှိခဲ့ပေ။ ယခု တစ်ကြိမ်သာ ထုတ်လွှင့်ခဲ့ပြီး တရားစွဲဆိုခံခဲ့ရခြင်းဖြစ်ကာ ပြစ်မှုထင်ရှားပါက သူသည် ထောင်ဒဏ်တစ်လမှ နှစ်နှစ်အထိ ကျခံရဖွယ်ရှိသည်။

**အေးပြည့်**



## ရုပ်မြင်သံကြားအစီအစဉ်များ

8 - 6 -2015 (wevmae)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ ရှေးဟောင်းသုတ
- ၈း၂၀ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၉း၁၀ သူနှင့်သူ၏သီချင်းများ
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃၀ ရင်မှာစွဲလန်းတော်ဝင်ပန်း
- ၄း၃၅ ဇာတ်လမ်းတို
- ၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၂၆)
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ရာဇဝင်ထဲကတော်ဝင်သမားတော် (အပိုင်း-၅၂)
  - ကြယ်ကလေးတို့ရဲ့ဂီတမိုးကောင်းကင်
  - မေးမြန်းစူးစမ်း
  - ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မှော်ဝင်စီးချင်း (အပိုင်း-၁၃)

### MRTV - 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်၊ အာဋာနာဋိယသုတ်
- ၈း၀၀ Cartoon Series (Go Go Giggles)
- ၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၉၂)
- ၉း၄၀ အနုပညာမိုးကောင်းကင်
- ၁၀း၀၅ ခေတ်သစ်ပျိုမေ
- ၁၀း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၁း၀၀ သွားမယ်စားမယ် (Foodfare)
- ၁၁း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၂၃)
- ၁၂း၂၅ I am Little Rooney (Part-1)
- ၁၂း၅၀ ဗီယက်နမ်နိုင်ငံရှိ ဘုန်းတော်ကြီးကျောင်း၊ ဘုရားကျောင်းအတွင်းရှိ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ
- ၁း၀၀ "သတိပဋ္ဌာန်တရား-အမှတ်(၂)" တရားတော်(သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" [ဒီမိုကရေစီကျေးရွာ (အပိုင်း-၁)]
- ၃း၀၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၃၄)
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၃၅)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" [ဒီမိုကရေစီကျေးရွာ (အပိုင်း-၂)]
- ၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၉၃)
- ၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၂၄)
- ၁၀း၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၄း၀၀ အံ့ဖွယ်ထူးခြားရန်ကုန်မြို့မှ တန်ခိုးကြီးဘုရားများ

### mitv

- A Myanmar Tapestry
- Myanmar Betels
- Myanmar Puppet
- Hanthawaddy U Win Tin "A Fearless Man" (Episode- 1)
- A Tea Business: Pankwan (Part-2)
- The Treasures in a Small Village (Part-2)
- Next Weekend
- Modifying Natural Thanakha Bark into Ready-Made Skin Care Product
- YUFL
- "Moe Hnyin Than Buddhe",The Unique Pagoda In Monywa
- A Monk's Robe
- A Day Out With Sarah (Episode-1)
- Today Myanmar "Rice Export"
- Taste Of Myanmar (Fried Flat Noodle)
- The Firefighter
- Sitagu International Buddhist Academy (Part-1)
- Philatelic Pleasure
- Today Myanmar & ICT "Economic Sector and ICT"
- Image Of The Monks
- A Journey To Southern Shan State (Ep-3)
- SHWE SETTAW (Minbu)
- Trend Of Kachin Dress
- Culture Shows: Composer Ma Mya Lay

## 2NE1အဖွဲ့ ဖျက်သိမ်းမည် မဟုတ်ဟုဆို



2NE1 အဖွဲ့၏ အေဂျင်စီ YG Entertainment က 2NE1 အဖွဲ့ ဖျက်သိမ်းတော့မည်ဟု ထွက်ပေါ်နေသည့် ကောလာဟလသတင်းများနှင့် ပတ်သက်၍ ဇွန် ၆ ရက်က ပြန်လည်ဖြေရှင်းလိုက်ကြောင်း soompi news တွင်ဖော်ပြထားသည်။

YG Entertainment မှတာဝန်ရှိသူတစ်ဦးက " 2NE1 က ဖျက်သိမ်းမှာ မဟုတ်ပါဘူး။အဖွဲ့ခေါင်းဆောင် CL ကလည်း သူ့တစ်ကိုယ်တော်အခွေအတွက် လုံးပန်းနေရတာရယ်၊ စန်ဒရာပတ်ကလည်း သရုပ်ဆောင်ပိုင်းကို အာရုံစိုက်နေရတာရယ်ကြောင့် အဖွဲ့အတွက် အချိန်မပေးနိုင်ဖြစ်နေတာပါ။ အပြင်မှာ ပြောနေသလိုမျိုး အဖွဲ့ဖျက်သိမ်းမယ်ဆိုတာ လုံးဝမဟုတ်ပါဘူး။ 2NE1 အနေနဲ့လည်း ဆက်လက်ပြီးတော့ အခွေတွေ ထုတ်သွားဖို့ကိုလည်း စီစဉ်နေပါတယ်" လို့ Chic News သို့ ပြောကြားခဲ့သည်။

2NE1 အနေဖြင့် အဖွဲ့ဖျက်သိမ်းမည်ဟူသော သတင်းများ ပြီးခဲ့သည့်နှစ်ကတည်းက ထွက်ပေါ်လာခဲ့ပြီးနောက် အဖွဲ့ဝင် Minzy က သူ၏ လူမှုကွန်ရက် စာမျက်နှာတွင် အသုံးပြုလေ့ရှိသည့် 2NE1 Minzy ဟူသောအမည်မှ Minzy ဟု ပြောင်းလဲလိုက်သည့်အတွက်လည်း ပရိသတ်အထင်အမြင်လွဲစရာ ဖြစ်စေခဲ့သည်။

ကိုရီးယားနိုင်ငံ၏ နာမည်ကြီးကေပေါ့ပ်အဖွဲ့ဖြစ်သည့် 2NE1 အနေဖြင့် အဖွဲ့ဖျက်သိမ်းရန် အစီအစဉ်မရှိသလို ယခုနှစ်အတွင်းသီချင်းသစ်များ ထွက်ရှိနိုင်ရေးအတွက်လည်း ပြင်ဆင်လျက်ရှိနေသည်ဟုရေးသားဖော်ပြထားသည်။

**ဆုမြတ်**

■

## ဗြိတိန်မင်းသားကြီးရက်ချက်ဒ်ဂွန်ဆင်ကွယ်လွန်

ရုပ်ရှင်ပြဇာတ်နှင့် ရုပ်သံအစီအစဉ်ပေါင်းများစွာတွင် ပါဝင်ဖျော်ဖြေတင်ဆက်ပေးခဲ့သော ဗြိတိန်မင်းသားကြီး ရက်ချက်ဒ်ဂွန်ဆင်သည် ဖျားနာ၍ ချယ်လ်ဆီးရှိတော်ဝင်မားစ်ဒန်ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် ကွယ်လွန်သွားခဲ့ပြီ ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

သူကွယ်လွန်သွားချိန်တွင် အသက်(၈၇) နှစ်ရှိပြီဖြစ်သည်။ ဂွန်ဆင်သည် သူ့ဘဝသက်တမ်း၏ နှစ်ခြောက်ဆယ်လုံးကို အနုပညာလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကုန်လွန်စေခဲ့သည်။

သူသည် ရုပ်ရှင်ပေါင်းမြောက်မြားစွာကို ရိုက်ကူးခဲ့ပြီး သူ၏ ကျော်ကြားသော ရုပ်ရှင်များထဲတွင် ၂၀၀၈ ခုနှစ်က ရိုက်ကူးခဲ့သော "Boy In the Striped Pyjamas" သည်လည်း တစ်ကားအပါအဝင် ဖြစ်သည်။

ဂွန်ဆင်သည် တော်ဝင်ရှိတ်စပီးယား ကုမ္ပဏီကို တည်ထောင်ခဲ့သည့် အဖွဲ့ဝင်များထဲမှ တစ်ဦးဖြစ်ကာ ပထမဦးဆုံးသော Romeo and Juliet ရုပ်ရှင်တွင် ရိုမီယိုနေရာမှ သရုပ်ဆောင်ခဲ့ပြီး Julius Caesar တွင်လည်း မက်စ်အန်တော်နီအဖြစ် အဓိကမင်းသားနေရာမှ သရုပ်ဆောင်ခဲ့သည်။

ထို့ပြင် ရုပ်သံ ဇာတ်လမ်းများဖြစ်ကြသော Doc Martin၊ Silent Withnessနှင့် Midsomer Murders တို့တွင်လည်း ပါဝင်ရိုက်ကူးခဲ့သည်။

ရက်ချက်ဒ်ဂွန်ဆင်ကို အရှေ့လန်ဒန်ရှိ အပ်မင်နစ်စတာတွင် မွေးဖွားခဲ့ပြီး ကွယ်လွန်ချိန်တွင် ၂၀၀၄ ခုနှစ်က လက်ထပ်ခဲ့သော ဇနီး လင်းန်နှင့် သားသမီး လေးဦး ကျန်ရှိခဲ့လေသည်။

**အေးပြည့်**

# (၂၈) ကြိမ်မြောက် စင်ကာပူ ဆီးဂိမ်းပုံရိပ်များ

## မြန်မာပရိသတ်များ၏ ဆီးဂိမ်းမျှော်လင့်ချက် ရင်ခုန်သံ

မြန်မာအမျိုးသားဘောလုံးအသင်းသည် အိမ်ရှင်အဖြစ် ဆီးဂိမ်းလက်ခံကျင်းပခွင့်ရသော ၂၀၁၃ခုနှစ်တွင် အုပ်စုအဆင့်ကို မကျော်နိုင်ခဲ့ဘဲ မြန်မာနိုင်ငံသားများအလိုချင်ခဲ့ဆုံး ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းမရှိရာ ယခုစင်ကာပူဆီးဂိမ်းတွင် မြန်မာဘောလုံးပရိသတ်များ မြန်မာအသင်းအပေါ် အကြီးအကျယ်စိတ်ဝင်စားမှုမရှိခဲ့ပေ။ သို့သော် အမှန်တကယ်ကစားချိန်တွင် ဒေသတွင်း ဘောလုံးအင်အားကြီး အင်ဒိုနီးရှားကိုဂိုးပြတ်ခြေပြတ်အနိုင်ယူနိုင်ခဲ့သလို အိမ်ရှင်စင်ကာပူပရိသတ်များစွာရှေ့မှာပင် စင်ကာပူကို ခြေစွမ်းအသာဖြင့် အနိုင်ယူပြနိုင်ခဲ့သည်။ ထိုနိုင်ပွဲများကြောင့် မြန်မာဘောလုံးပရိသတ်များအားလုံး နှလုံးသားများ ပြန်လည်နွေးထွေးလာခဲ့ရာ မြန်မာဘောလုံးပရိသတ်များ၏ ရင်ခုန်သံကို ကြေးမုံပရိသတ်များအတွက် ပြန်လည်ဝေမျှ အပ်ပါသည်-

### ဦးကျော်လင်းထွန်း
### နည်းပြ(နည်းစနစ်)
### အားကစားနှင့် ကာယပညာဦးစီးဌာန



ကျွန်တော်တို့ကတော့ ကိုယ့်မြန်မာဆိုတော့ အမြင့်ဆုံးရစေချင်တာပေါ့။ နည်းစနစ်ပိုင်းလည်း ကောင်းတယ်။ ရှေ့၊ နောက်၊ အလယ် ညီညီညွတ်ညွတ် ကစားနိုင်တယ်လို့တော့သုံးသပ်တယ်။ ၂၀၁၃ကဆို အိမ်ရှင်ဖိအားကြောင့်လား မသိဘူး။ ထင်သလောက် ခြေစွမ်းမပြနိုင်ဘူး။ အခုဆို ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲဝင် လက်ရွေးစင်အသင်းကြီးအတွက် လူပေးထားရတယ်။ ယူ-၂၀ကမ္ဘာ့ဖလားအတွက် ကလည်း လူပေးထားရတယ်။ ဒီ တော့ မြန်မာနေရှင်နယ်လိဂ်ကရှိတဲ့လူထဲကရွေးထုတ်ထားရတယ်။ ဒီလိုဆို တော့ ကစားသမားတွေက ဖိအားကင်းကင်းနဲ့ ပိုပြီးလွတ်လွတ်လပ်လပ် ကစားနိုင်လို့နဲ့တူတယ်။ အင်ဒိုနဲ့ပွဲမှာ ပွဲအစအဆုံး တောက်လျှောက်ခြေအသာနဲ့ချည်း ကစားသွားတယ်။ စင်ကာပူနဲ့ပွဲကတော့ အရင်ပွဲကရရှိလာတဲ့ ယုံကြည်မှုရဲ့ အကျိုးဆက်ပါ။ အရင်ကဆို ဒီလိုအင်အားကြီးတွေဆို မြန်မာက နိုင်လေ့နိုင်ထသိပ်မရှိဘူးပေါ့။ အခုတော့ ဘယ်အသင်းမှရွံ့နေတာမျိုး မရှိဘူး။

**တွေ့ဆုံမေးမြန်း - မေလှဲ့သင်း**
**ဓာတ်ပုံ - ဇင်ဘိုမင်း**

### ဦးသုတ



ကြိုက်တယ်ဗျာ။ ယူ-၂၃တွေ ကစားသွားတာ။ တစ်ခုရှိတာက နောက်တန်းက ဖြတ်ထုတ်တဲ့နေရာမှာ စိတ်လောနေတယ်။ အင်ဒိုနဲ့ပွဲက နှစ်ဂိုးလုံးမပေးသင့်ပဲနဲ့ ပေးလိုက်ရတာလေ။ စင်ကာပူနဲ့ပွဲကတော့ပြောစရာမရှိပါဘူး။မြန်လည်းမြန်၊ မာလည်းမာ မြန်မာဆိုတဲ့ အတိုင်းကစားနိုင်တယ်လို့ထင်ပါတယ်။ ကိုယ်ကအရပ်အမောင်းမကောင်းတာကို ခေါင်းတိုက်ပြီးရှေ့တင်ဖြတ်ထုတ်နေတာကို ပြင်စေချင်တယ်။စင်ကာပူနဲ့ပွဲမှာဆို ဒိုင်က စင်ကာပူကိုသရေ(ဒါမှမဟုတ်) နိုင်အောင်ကိုချည်းလုပ်ပေးတာ။ပင်နယ်တီဆိုလည်းမပေးသင့်ဘဲပေးတယ်ဗျာ။ စင်ကာပူကကျောနံပါတ်(၂)နဲ့ ကျောနံပါတ်(၆)ဆို နှစ်ဝါတစ်နီနဲ့ အထုတ်တောင်ခံရသင့်တယ်။ ပြီးတော့မြန်မာသွင်းတဲ့တစ်ဂိုးကိုလည်း လူကျွံဘောဆိုပြီး စည်းကြပ်ဒိုင်က လုပ်ပစ်တယ်။မြန်မာကစားသမားတွေတော်တော်ကြီးသည်းခံနိုင်စွမ်းကောင်းလာတယ်လို့ဆိုရမယ်။ ရွှေဆုတော့ပြန်ရမယ်လို့ကိုထင်နေတယ်။ ဒီခြေကိုဆက်ထိန်းနိုင်ရင်ပေါ့လေ။ နည်းပြဦးကြည်လွင်ကိုပြောချင်တာက ကောင်းဆက်နိုင်ကို ဗဟိုတိုက်စစ်မှာပွဲအစအဆုံးထားပြီးကစားစေချင်တယ်။၂၀၀၂ အင်္ဂလန်နဲ့ ဂျာမနီကစားခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အိုဝင်ကို လူစားမလဲ နေရာမပြောင်းဘဲ ထားကစားတာကို သွားအမှတ်ရပြီးပြောတာပါ။ သူ့ကိုကြောက်နေတော့ နောက်တန်းနှစ်ယောက်ကရှေ့မတက်လာဘူးပေါ့။ တကယ်ဆို အင်ဒိုနဲ့ပွဲမှာ နောက်ထပ်တစ်ဂိုးလောက်တောင် ထပ်ရသင့်တယ်။

၂၀၁၅ စင်ကာပူဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| Rank | Country | | | | Total |
|---|---|---|---|---|---|
| 1 | SIN | 26 | 20 | 37 | 83 |
| 2 | VIE | 21 | 8 | 20 | 49 |
| 3 | THA | 20 | 24 | 19 | 63 |
| 4 | INA | 12 | 11 | 16 | 39 |
| 5 | MAS | 8 | 16 | 15 | 39 |
| 6 | MYA | 7 | 10 | 8 | 25 |
| 7 | PHI | 6 | 8 | 15 | 29 |
| 8 | CAM | 1 | 1 | 2 | 4 |
| 9 | LAO | 0 | 3 | 4 | 7 |
| 10 | BRU | 0 | 0 | 5 | 5 |

### ကိုဇော်မင်းထွန်း
### မြို့နယ်အားကစားနှင့် ကာယပညာဆပ်ကော်မတီ



ရွှေပဲရမယ်လို့ မှန်းထားတယ်။ ပတ်ဆောင်ဟွာကြီးတုန်းကလို မဟုတ်တော့ဘူး။အခုဦးကြည်လွင်က နည်းစနစ်ပိုင်း ပိုကောင်းပါတယ်။ အသင်းကိုလည်း နိုင်နိုင်နင်းနင်းအုပ်ချုပ်နိုင်တော့ ကစားသမားတွေကို လိုချင်တဲ့ပုံအတိုင်း ကစားခိုင်းနိုင်တာလို့ထင်ပါတယ်။

အခုဆီမီးကတော့ ကျိန်းသေတက်ရပြီလို့ ယုံတယ်ဗျာ။ဗီယက်နမ်နဲ့ဖြစ်ဖြစ် ထိုင်းနဲ့ဖြစ်ဖြစ် ဆီမီးတော့ကျော်မယ်လို့ထင်ပါတယ်။ နောက်တန်းကတော့နည်းနည်းပြောစရာရှိပေမယ့် စင်ကာပူနဲ့ပွဲမှာတော့ အင်ဒိုနဲ့ပွဲကအမှားကို ပြင်နိုင်ပါတယ်။ Ball To Hand နဲ့ Hand To BAll ရှိတယ်လေဗျာ။ ဒါကမတော်တဆ ဘောလုံးက လက်ကို လာထိတာလေ။ ပင်နယ်တီမှမဟုတ်တာ။ ယူ-၂၀ကောင်းသလို ယူ-၂၃လည်းကောင်းပါတယ်။ ဒီလူတွေကိုသာ မွေးထားနိုင်ရင် ရွှေဆိုတာ မဝေးပါဘူး။

## ထိုင်းအသင်းပဲ ဆီးဂိမ်းမှာထပ်မံဗိုလ်စွဲမယ်လို့ မလေးရှားနည်းပြချုပ် အော်ကင်ဆွိယုံကြည်

မလေးရှားက ဗီယက်နမ်ကို ငါးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ထိုင်းအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း စိတ်ပျက်ဖွယ်ရာရှုံးနိမ့်ခဲ့ပြီးနောက် အုပ်စုမှထွက်ရန်သေချာသွားခဲ့ရာ ယခုဆီးဂိမ်းပြိုင်ပွဲအပြီးတွင် မလေးရှားနည်းပြချုပ် အော်ကင်ဆွိမှာ လက်ရှိရာထူးမှ နုတ်ထွက်တော့မည့် အလားအလာရှိနေသည်ဟု အရိပ်အမြွက်ဆိုခဲ့သည်။ မလေးရှားမှာ ထိုင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် သရေကျရန် အလားအလာများခဲ့သော်လည်း ပွဲချိန် ၈၁မိနစ်တွင်ပေးလိုက်ရသောဂိုးကြောင့် အကြိုဗိုလ်လုပွဲတက်ရေး မျှော်လင့်ချက်မှာ လုံးဝမှေးမှိန်သွားခဲ့သည်။

အော်ကင်ဆွိက “ ကျွန်တော်အခုလက်ရှိမှာတော့အတိအကျဘာမှ မပြောနိုင်သေးဘူးပေါ့။ ကျွန်တော့်ကို လက်ကျန်နှစ်ပွဲဖြစ်တဲ့ ဘရူနိုင်းနဲ့ လာအိုတို့ကို ရင်ဆိုင်ကစားမယ့်ပွဲပြီးအောင်တော့ ခဏလောက်စောင့်ကြပါဦး။ ဆီးဂိမ်းပြိုင်ပွဲကြီး သုံးခါကိုင်တွယ်ခွင့်က လုံလောက်သွားပြီလားဆိုတာ ဒီနှစ်ပွဲပြီးရင်တော့ ဆုံးဖြတ်ကောင်း ဆုံးဖြတ်နိုင်ပါတယ်။ ကျွန်တော်တို့ ဗီယက်နမ်နဲ့ပထမပွဲ စကစားချင်းမှာရှုံးနိမ့်ခဲ့တာက စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုရှိခဲ့တယ်။ နောက်၄၈နာရီပဲခြားသေးတယ်။ ညနေ ၄ နာရီအချိန် နေပူပူအောက်မှာ ထိုင်းကို ဆက်လက်ရင်ဆိုင်ခဲ့ရတယ်။ ဒါကြောင့် ထိုင်းနဲ့ ဗီယက်နမ်တို့အတွက် အခွင့်အရေးရသွားခဲ့တာပါ။ အခုဘယ်အုပ်စုဘယ်အသင်းတွေခြေစွမ်းကောင်းတယ်လို့ဆိုဆို ကျွန်တော်ကတော့ ထိုင်းပဲ လက်ရှိချန်ပီယံဆုကို ဆက်လက်ကာကွယ်နိုင်မယ်လို့ ယုံကြည်ပါတယ်ဗျာ” ဟု ရှင်းပြခဲ့သည်။


အော်ကင်ဆွိသည် ၂၀၁၁ခုနှစ် မလေးရှားအသင်းကို ဆီးဂိမ်းရွှေတံဆိပ်ဆု ဆွတ်ခူးအောင် ဦးဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

**မေလှဲ့သင်း**

## မြန်မာအားရှုံးနိမ့်ခဲ့သော်လည်းစင်ကာပူရွှေအိပ်မက်ရှင်သန်နေဆဲ

စင်ကာပူအသင်းသည် ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို ရည်မှန်းကာ အသေအချာပြင်ဆင်ထားခဲ့သော်လည်း အုပ်စု(က)ပွဲစဉ်တွင် မြန်မာအားနှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

စင်ကာပူနည်းပြ အစ္စကန်ဒါကမူ မြန်မာအား တစ်ပွဲရှုံးနိမ့်ခဲ့ရခြင်းဖြင့်စင်ကာပူ၏ရွှေတံဆိပ်အိပ်မက်မှာ ပျက်သုဉ်းသွားမည်မဟုတ်ဘဲ သင်ခန်းစာ တစ်ခုရရှိခဲ့ခြင်းသာ ဖြစ်သည်ဟု ပြောကြားခဲ့သည်။





စင်ကာပူအသင်း အနေဖြင့် အကောင်းဆုံးပွဲထွက်လူစာရင်းရှိနေပြီး ဖာရစ်ရာမလီ၊ ဆာဖီရယ်၊ ရှာဖီဂါနီတို့၏ကွင်းလယ်မှာ အလွန်ခိုင်မာသော ကွင်းလယ်ဖြစ်ကာ တိုက်စစ်ကို ပိုမို အသက်ဝင်အောင်ကစားနိုင်စွမ်းရှိသည်ဟု စင်ကာပူနည်းပြက ယုံကြည်နေသည်။ ထို့ကြောင့် တစ်ပွဲတည်းသော အရှုံးကိုသင်ခန်းစာယူကာ နောက်ပိုင်းပွဲစဉ်များကို လုံးဝအမှားအယွင်းမရှိအောင်ကစားသွားမည်ဟု အစ္စကန်ဒါက ဆိုသည်။

ထို့ပြင် မြန်မာမှ ရဲကိုဦး ၃၅ ကိုက်စည်းမှ သွင်းယူခဲ့သော အလွတ်တည်ကန်ဘောဂိုး လာရာလမ်းကြောင်းကို မှားယွင်းတွက်ဆခဲ့သော စင်ကာပူဂိုးသမား ဆိုင်ရာဝမ်အား လွန်ကဲစွာအပြစ်တင်ရေးသားနေသည့် စင်ကာပူမီဒီယာများ၏ဖော်ပြချက်မှာ တရားမျှတမှုမရှိဟု စင်ကာပူနည်းပြချုပ်က တုံ့ပြန်ပြောကြားခဲ့သည်။


စင်ကာပူနည်းပြချုပ်က မြန်မာနှင့်ကစားခဲ့သည့်ပွဲတွင် ခြေစွမ်းပိုင်းအသာမရသည်ကို ဝန်ခံသော်လည်း နည်းဗျူဟာပိုင်းအရမှားယွင်းသည်ဆိုသည်ကို လက်မခံကြောင်း ပြောကြားခဲ့သည်။

**မေလှဲ့သင်း**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



## သုဝဏ္ဏလျှံသူဌေးခန်းပျို့ကျမ်းအဖွင့်

ဒေါက်တာခင်ဆွေမြင့်ရေးသားပြုစုသည့် သုဝဏ္ဏလျှံသူဌေးခန်းပျို့ကျမ်းအဖွင့်စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် ရှင်အဂ္ဂသမာဓိ၏ သုဝဏ္ဏသျှံပျို့သုံးစောင်အနက် ပထမခန်းပျို့ ဖြစ်သော သုဝဏ္ဏသျှံသူဌေးခန်းပျို့ကို တည်းဖြတ်ဖွင့်ဆိုရှင်းပြထားသည်။ ပျို့စာကိုယ်လာ ဝေါဟာရအနက်ကို မြန်မာအဘိဓာန်၊ ပါဠိအဘိဓာန်၊ သက္ကတအဘိဓာန်၊ ပေါရာဏအဘိဓာန်များနှင့် ညှိနှိုင်းဖွင့်ဆိုထားသည်။ ပျို့စာကိုယ်ပါအနက် မြုပ်ကွယ်နေသော အဖွဲ့များ၊ အကျဉ်းချုပ်ဖွဲ့ထားသောအဖွဲ့များ၊ ကျမ်းဂန်ဆိုင်ရာ အကြောင်းအရာအဖွဲ့များကို ကျမ်းဂန်များမှ ရှာဖွေလေ့လာပြီး အကျယ်ဖွင့်ဆိုတင်ပြထားသည်။ ရှေးခေတ်မြန်မာစာပေ၏ တောက်ပြောင်သော ရေးဖွဲ့မှုများ၊ ဇာတ်လမ်းအဖွဲ့၊ ဇာတ်ကွက်အဖွဲ့၊ ဇာတ်ဆောင်အဖွဲ့၊ ကာလဒေသအဖွဲ့များ၊ စာပေသဘောတရား အယူအဆများဖြင့် ချိန်ထိုးဖော်ပြထားသည်။ မြန်မာဂန္ထဝင်စာပေများ စတင်ပေါ်ပေါက်ရာ အင်းဝခေတ်တွင် ထင်ရှားသည့် စာဆိုရှင်အဂ္ဂသမာဓိ၏ စာပေများမှာ နှောင်းလူများ အသိအမှတ်ပြုကြပြီး ယခုစာအုပ်ကို ဖတ်ရှုခြင်းအားဖြင့် စာဆို၏စေတနာ၊ ရည်ရွယ်ချက်နှင့်ထူးခြားသော အတွေးအမြင်များကို သိရှိနိုင်မည်ဖြစ်သည်။

စာအုပ်ကို Today စာအုပ်တိုက် ရန်ကုန်မြို့မှ ထုတ်ဝေဖြန့်ချိထားပြီး စာအုပ်တန်ဖိုးမှာ ကျပ် ၄၅၀၀ ဖြစ်သည်။



## အိမ်တွင်းအလှစိုက် အပင်လေးများ

စန္ဒီ (Artist)ရေးသားပြုစုသည့် အိမ်တွင်းအလှစိုက်အပင်လေးများ စာအုပ်တွင် မိမိတို့၏ အိမ်ခန်း၊ ရုံးခန်းများ၌ မျက်စိပသာဒဖြစ်စေပြီး စိတ်အေးချမ်းပျော်ရွှင်ကြည်နူးမှုများ ရရှိစေရန် အိမ်တွင်းအလှစိုက်အပင်အမျိုးမျိုးအား စိုက်ပျိုးပြုစုပုံများ၊ ရောဂါပိုးမွှားများနှင့် အိမ်တွင်းစိုက်သင့် မစိုက်သင့်သောအပင်များ၊ ရွေးချယ်စိုက်ပျိုးသင့်သော အပင်များ၊ မိမိနေထိုင်ရာ ပတ်ဝန်းကျင်နှင့် လိုက်ဖက်တင့်တယ်အောင် စိုက်ပျိုးသင့်သော အပင်များအကြောင်းကို အသေးစိတ် ရေးသားဖော်ပြထားသည်။

အပင်များကို ရေလောင်းပေးခြင်း၊ အပင်အားဆေးနှင့် မြေဩဇာထည့်ခြင်း၊ သစ်ကပ်ပင်ပြုလုပ်ခြင်း၊ အိုးသစ်ပြောင်းခြင်း၊ အပင်ထားရန် နေရာမှန်ရွေးချယ်ခြင်း၊ အပင်များနှင့် အိမ်တွင်းစိုက်အပင် ၂၄ မျိုး၊ အိမ်တွင်းလေသန့်ပင် ၁၆ မျိုး၊ အိမ်တွင်းစိုက်သစ်ပင် ခုနစ်မျိုး စသည်တို့ ပါဝင်သည်။

စာအုပ်ကို စာပေလောက ၅ အမှတ်(၁၃၈/၁၄၀) ပထမထပ်၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း ၀၉-၂၆၀၂၄၅၂၂၄ မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားသည်။



## အောင်နိုင်သူ အောင်ပွဲဝင်စာစီစာကုံး တွေးနည်းရေးနည်းများ

ဦးရဲမြင့်(မြန်မာစာကထိက-ငြိမ်း) ရေးသားသော အောင်နိုင်သူ အောင်ပွဲဝင်စာစီစာကုံး တွေးနည်းရေးနည်းများစာအုပ် ထွက်ရှိလာသည်။ ဤစာအုပ်သည် (၈)တန်း၊ (၉)တန်း၊ (၁၀)တန်း ကျောင်းသားများအားလုံးအတွက် စာစီစာကုံးနှင့်ပတ်သက်သော တွေးပုံ၊ ရေးပုံအစရှိသော အလွတ်ကျက်စရာမလိုဘဲ ရေးတတ်သွားအောင် လေ့ကျင့်ပေးမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ နမူနာပြ စာစီစာကုံးများပါ ထည့်သွင်းထားသောကြောင့် ကျောင်းသားကျောင်းသူများသာမက ဆရာများပါ လက်စွဲကိုင်သင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ (၁၀)တန်းကျောင်းသားများအတွက် ဂုဏ်ထူးဝင်အောင် မြန်မာစာဖြေဆိုနည်း၊ အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဖော်ပြထားသည်။


စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ)၊ ၃၉ လမ်းအပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၁-၃၉၂၈၃၅ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။



## အာဝါဟ၊ ဝိဝါဟမင်္ဂလာနှင့် သီရိဂေဟာ

(မဟာဂန္ဓာရုံ) အရှင်ဝိဇယာလင်္ကာရက အောင်မြင်သော အိမ်ထောင်ရေး၊ ရာသက်ပန်ခိုင်မြဲသော အိမ်ထောင်ရေး၊ အိမ်တွင်းအကြမ်းဖက်မှုမရှိသော အိမ်ထောင်ရေးကို တည်ဆောက်နိုင်ကြစေရန်၊ သီရိဂေဟာ (ကျက်သရေမင်္ဂလာရှိသော အိမ်ဂေဟာ)ကို ပိုင်ဆိုင်သော ဇနီးမောင်နှံများ ဖြစ်ကြစေရန်၊ ငါးဆင့်နတ်ရွာ ဘုံနိမ္မာဝယ်၊ ချမ်းသာနှစ်ပါးကို အတူတကွ ခံစားစံစားနိုင်ကြစေရန်၊ ဘဝတိုင်း ချစ်တိုင်းညား၊ ညားတိုင်းချစ်ကြရသည့် အချစ်ကံကောင်းသူ ချစ်သူဇနီးမောင်နှံတွေဖြစ်ကြစေရန်၊ နှစ်ဖက်မိဘဆွေမျိုးများနှင့် သူငယ်ချင်းအပေါင်းအသင်းတွေက "လိုက်ဖက်ညီလိုက်တာ၊ ရှေ့သွားနောက်လိုက်ညီလိုက်တာ၊ နေနဲ့လရွှေနဲ့မြ ပမာပါပဲ" ဟု ပြောဆိုချီးမွမ်းကြလျက် ဂုဏ်ယူလို့မဝအားကျလို့မဆုံး တပြုံးပြုံးတပျော်ပျော် မော်၍ကြည့်ရလောက်တဲ့ စုံတွဲတွေဖြစ်ကြစေရန်၊ သားကောင်းသမီးကောင်းတွေ ထွန်းကားစေရန်၊ အချစ်တတ်သူ အချစ်၌ ကျွမ်းကျင်သူ အချစ်ပါရဂူဇနီးမောင်နှံတွေဖြစ်ကြစေရန် ရည်ရွယ်ရေးသားထားသည်။

စာအုပ်ကို ဓမ္မရောင်ခြည် ဓမ္မဒါနဖောင်ဒေးရှင်း သိမ်ကြီးဈေး(စီ) ရုံ အဆောင်(၄) ပထမထပ်တွင် ထုတ်ဝေဖြန့်ချိထားသည်။




**ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။**

## စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**လွိုင်လင်**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသအတွင်း သံလွင်စစ်ဆင်ရေးစီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၄ ရက်က မူးယစ်တပ်ဖွဲ့စု (၂၇)လွိုင်လင်နှင့် မူးယစ်တပ်ဖွဲ့စု (၁၀၃)နေပြည်တော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လွိုင်လင်-နမ့်စန်သွားကားလမ်း ပန်ခေါက်ဝိုးကျေးရွာတွင် နမ့်စန်မှ လွိုင်လင်သို့ စိုင်းမူး မောင်းနှင်ပြီး စိုင်းမွန်းလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိုင်းမွန်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၅၀ သိမ်းဆည်းရမိသဖြင့် စိုင်းမူး (၂၅) နှစ်နှင့် စိုင်းမွန်း (၃၂)တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**စိုင်းမူးနှင့် စိုင်းမွန်းတို့နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

**မိုင်းဆတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မဲခေါင်စစ်ဆင်ရေး (၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၄ ရက်က မူးယစ်တပ်ဖွဲ့စု (၁၀၄) နေပြည်တော်နှင့် မူးယစ်တပ်ဖွဲ့စု (၂၉) မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့အဝင် ဆိုက်ခေါင်ဘီးခွန်ဂိတ်တွင် တာချီလိတ်မှ မိုင်းဆတ်သို့ ထွန်းနိုင် (ခ) ဟန်လော မောင်းနှင်ပြီး မောင်ပေါ့ လိုက်ပါလာသည့် 5G/ ---- VIGO ခဲရောင်မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅ ပြား သိမ်းဆည်းရမိသဖြင့် ထွန်းနိုင် (ခ) ဟန်လော (၃၂)နှစ်နှင့် မောင်ပေါ့ (၄၅)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မူဆယ်**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသအတွင်း ရွှေလီစစ်ဆင်ရေး (၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၃ ရက်က မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ မန်ဝိန်းရပ်ကွက်နေ ရှိန်ရာရီ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၉ ပြား၊ မြန်မာငွေကျပ် ၃ ဒသမ ၃၃၈ သိန်းနှင့် လက်ကိုင်ဖုန်းတို့ကို သိမ်းဆည်းရမိသဖြင့် ရှိန်ရာရီ (၄၈) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



## ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မူဆယ် ဇွန် ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရွှေလီစစ်ဆင်ရေး(၂) စီမံချက်အရ မူးယစ်တပ်ဖွဲ့စု (၂၂)ခေတ္တတပ်ဖွဲ့စုမှူး ဒုရဲမှူးဝင်းနိုင်၏ လမ်းညွှန်မှုဖြင့် ရဲအုပ်ဆန်းဝင်းအောင်၊ မူးယစ်တပ်ဖွဲ့စု (၁၀၂)မှ ရဲအုပ်သန်းထိုက်၊ နမ့်ခမ်းနယ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်အောင်ကျော်ဦးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့ အမှတ်(၁၂) မန့်နားရပ်ကွက်ရှိ ဦးဖိုးကျန်း၏နေအိမ်ကို ဇွန် ၅ ရက် ညနေပိုင်းက ဝင်ရောက်ရှာဖွေခဲ့သည်။

အိပ်ခန်းနောက်ဖေးပေါက်နှင့် ခြံစည်းရိုးအုတ်တံတိုင်းကြား မြေကြီးအတွင်း ကျင်းတူးသိုဝှက်ထားသော ရောင်စုံဆပ်ပြာခွက် ရှစ်ခွက်အတွင်းထည့်ထားသည့် ဘိန်းဖြူ ၁၀၄ ဂရမ်၊ WY နှင့် 88 & 1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားပေါင်း ၁၇၄၀ ကို သိမ်းဆည်းရမိခဲ့သည်။

ဦးဖိုးကျန်းအား မယ(ပ)၅၇/၁၅၊ မူး/စိတ်ပုဒ်မ-၁၅/၁၉(က)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၀၁၁၂)

ခရီးသွားဆောင်းပါး

# ta&Ed c&[DQif

သံသာခင်



**ယမန်နေ့မှအဆက်**

**လိမ္မော်ကျွန်းပေါ်ရှိ မော်စီတုန်း ရုပ်တု**

လိမ္မော်ကျွန်းတစ်ခွင်လည်ပတ်လေ့လာပြီး နောက်မွန်းလွဲပိုင်းတွင် ဟွမ်လုံ (နဂါးဝါ) ရွာသစ်သို့ သွားရောက်လေ့လာခဲ့ကြပြန်ပါသည်။ ရွာဟုသာဆိုသည် တိုက်တာအဆောက်အအုံများဖြင့် သပ်ရပ်စွာ တည်ရှိသည်။ လယ်စိုက်သည်၊ စပျစ်စိုက်သည်၊ ကျေးရွာပိုင်မူလတန်းကျောင်းရှိသည်။ ဝန်ဆောင်မှုလုပ်ငန်းများဖြင့်လည်း စီးပွားရှာကြသည်ဟု ကြားသိခဲ့ရသည်။

အသက် (၆၉) နှစ်အရွယ်ရှိ ရွာသူကြီး Mr.Wang Zai Deက အထက်ပါအတိုင်း ပြောပြသည်။ သူတို့ကျေးရွာ စည်းဝေးခန်းမမှာ ရောင်စုံစလိုက်မီးများ တပ်ဆင်ထားပြီး ကတ္တီပါလိုက်ကာများနှင့် မြို့မှ ကပွဲခန်းမ အလားထင်ရသည်။

ဟွမ်လုံ (နဂါးဝါ) ရွာသစ်မှ ထွက်ခွာလာပြီးနောက် မိမိတို့အဖွဲ့သည် ချန်ရှားအမျိုးသားစီးပွားရေးနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှုဇုန်သို့ သွားရောက်လေ့လာခဲ့ကြပါတယ်။ စက်မှုဇုန်ကြီးကကျယ်ပြန့်လွန်းတာကြောင့် ကားနှင့်ပင်လှည့် ပတ်လေ့လာခဲ့ကြပြီးစက်မှုဇုန် ရုံးခန်းမတွင်ဇုန်နှင့်ပတ်သက်သည့် ဆောင်ရွက်မှုများ၊ နိုင်ငံတကာအဆင့်မီထုတ်ကုန်စက်ပစ္စည်းများ၊ စက်ရုံများ၊ စီမံခန့်ခွဲရေးအစီအမံများ၊ နိုင်ငံခြားသို့တင်ပို့ရောင်းချမှုများစသဖြင့် မှတ်တမ်းပြုထားသော ဗီဒီယို Clip တစ်ခုပြသရှင်းလင်းပါသည်။

သူတို့ရှင်းလင်းပြီးတော့ မိမိတို့အဖွဲ့ကို သိလိုသည်များမေးမြန်းနိုင်ပါသည်ဟု ဖွင့်ပေးလိုက်သောအခါ မိမိတို့ မီဒီယာအဖွဲ့မှ ဂျာနယ်လစ်များက မေးကြ မြန်းကြဆွေးနွေးကြပါတော့သည်။ Made in China ပစ္စည်းများ၏ အရည်အသွေးများနှင့် မိမိတို့မြန်မာနိုင်ငံအတွင်း တရုတ်ကုမ္ပဏီများ၏ ပြုမူဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမေးမြန်းကြပါသည်။ အချို့မေးခွန်းများမှာ ပွင့်လင်းလွန်းမက ပွင့်လင်းကြသဖြင့် စကားပြန်ကိုသက်နိုင်ခမျာပင် ရုတ်တရက် ဘာသာမပြန်နိုင်ပဲ၊ နှုတ်ဆွံ့ခဲ့ရသည် အထိဖြစ်ရပါသည်။

သို့ပေမယ့် ခရီးစဉ်တစ်လျှောက် လိုက်ပါစောင့်ရှောက်ခဲ့သော တရုတ်ကွန်မြူနစ်ပါတီ၊ နိုင်ငံခြားရေးရာဌာနမှ မစ္စတာကျောက်ချောင် (Mr.Zhao Qiang) က ကိစ္စမရှိပါ၊ မီဒီယာအဖွဲ့ဝင်များဖြစ်၍ လွတ်လပ်ပွင့်လင်းစွာ မိမိတို့ထင်မြင်ချက်ကို ပြောနိုင်မေးနိုင်ပါကြောင်း ဝင်ပြောခဲ့သဖြင့် အဆင်ချောခဲ့ကြပါသည်။ မိမိတို့ မီဒီယာအဖွဲ့ဝင်များမှာ ပြည်သူကို ကိုယ်စားပြုလျက် ပကတိအရှိကို အရှိတိုင်း၊ အမှန်ကို အမှန်တိုင်း ခံစားနားလည် ထင်မြင်ယူဆသည့်အတိုင်း ဆွေးနွေးမေးမြန်းခဲ့ကြသည်။ ဒါမှလည်း တရုတ်မိတ်ဆွေများအနေဖြင့် မြန်မာ မီဒီယာများ၊ မြန်မာပြည်သူတို့ အပေါ် ဘယ်လိုမြင်ကြသည်။

ဘယ်အရာတွေကတော့ကောင်းသည်။ ဘယ်အရာတွေကတော့ မကောင်းတာတွေကို ဆောင်ပြီး ဘာတွေကိုရှောင်ရင်ဖြင့် နှစ်နိုင်ငံအကြား အစိုးရချင်းသာမက ပြည်သူအချင်းချင်းပါ ပိုမိုချစ်ကြည်ရင်းနှီးလာမှာဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ပိုမိုအဆင်ပြေချောမွေ့လာနိုင်မည်ဆိုသည်ကို သိမြင်လာမည် ဖြစ်ပေသည်။ မိမိတို့သည်လည်း မိတ်ဆွေကောင်း ပီသကြပေလိမ့်မည်။

ဤနေရာတွင် မိမိအနေဖြင့် တွေးမိတာတစ်ခုတော့ရှိပါသည်။ Media နှင့် Diplomacyတွဲသင့် မတွဲသင့်ဆို သည့်အချက်ပင်။ မီဒီယာ ပုဂ္ဂိုလ်များအနေဖြင့် မိမိတို့သိ ရှိလိုရာကို တဖက်သားအားမေးမြန်းရာတွင် Diplomacy ဟုခေါ်တွင်သော သံခင်းတမန်ခင်းနည်းလမ်းများကို အသုံးပြု၍ မေးသင့်သလော၊ မိမိတို့သည် မီဒီယာပုဂ္ဂိုလ်များဖြစ်၍ တဘက် သားနာလိုခံခက်ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည် ဖြစ်စေ ဒဲ့ဒိုးပင် မေးမြန်းသင့်သလော။ နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာများအနေဖြင့် ပြည်သူဖက်က အမှန်တရားဖက်က ရပ်တည် ရန်လိုအပ်သလို၊ မမှန်မကန် တရားမမျှတမှုများကိုလည်း စောင့်ကြည့် တည့်မတ်နေရမည့် Watch Dog များသဖွယ်ဆောင်ရွက်ရမည်မှာဧကန်အမှန်ပင်။

ကာလံဒေသံကိုလိုက်၍ ဒဲ့ဒိုးသင့်သည့်အခါဒဲ့ဒိုး၊ Diplomacyသုံးသင့်သည့်အခါ သုံးဆိုလျှင်တော့မိမိသိ ရှိလိုသောသတင်းအချက်အလက်များကိုပိုမိုစုံလင်ထိ ရောက်စွာ စုံစမ်းမေးမြန်းနိုင်လိမ့်မည်ဟုယူဆမိပါသည်။ မီဒီယာ ပုဂ္ဂိုလ်များအနေဖြင့် မီဒီယာဟူသော မျက်နှာဖုံးစွပ်ကာ အပြုအမူ၊ အပြောအဆို ရိုင်းပျရန် မသင့်ပါ။ နိစ္စဒူဝမိသားစုမှအစ အလုပ်ခွင်အဆုံး လူလူချင်း ဆက်သွယ်ကူးလူး ဆက်ဆံမှုမှန်သမျှတွင် Diplomacyသည် အရေးကြီးပါသည်ဟု ထင်မိသည်

သို့ဖြစ်ရာ နေ့စဉ် News Maker များထံ ချဉ်းကပ်စုံစမ်းမေးမြန်းပြီး ပြည်သူအများထံ သတင်းအချက်အလက်များကို ဖြန့်ဝေပေးနေသော မီဒီယာပုဂ္ဂိုလ်များ အနေဖြင့်လည်း Diplomacy သည်ပို၍ပင်အရေးကြီးပါသည်။ တသမတ်တည်း လိုအပ်လျှင် လိုအပ်သလို တိုက်ရိုက် ဒဲ့ဒိုးနည်းလမ်းသုံး၍လည်းကောင်း၊ Diplomacy သုံးသင့်သည့်အခါသုံး၍ လည်းကောင်း ဆောင်ရွက်မည်ဆိုပါက မိမိတို့ လုပ်ငန်းဆောင်တာများ ပိုမိုထိရောက်မြန်ဆန်လာမည်၊ ပြည်သူလူထုအတွက်လည်း ပိုမိုအဆိပ်အ တောက်ကင်းစင်စေမည်မီဒီယာတို့၏ ပုံရိပ်မှာလည်း ပိုမိုတင့်တယ်လာမည်မှာ မလွဲဧကန်ပင်။

ထိုနေ့က တရုတ်ထုတ် ကုန်ပစ္စည်းများ၏ အရည်အသွေးပိုင်းနှင့် ပါတ်သက်၍ စက်မှုဇုန်အတွင်း လှည့်လည်ကြည့်ရှုစဉ် တွေ့မြင်ခဲ့ရသည့် Sany Group ၏ ဆိုင်းဘုတ်တွင် ဖော်ပြထားသော ကုမ္ပဏီ၏ဆောင်ပုဒ် "Quality Changes the World" ကို ရည်ညွှန်းကာ တရုတ်နိုင်ငံသည် ၎င်းတို့၏ ကုန်ပစ္စည်းအရည်အသွေးများကို မြှင့်တင်ရင်း ကမ္ဘာကြီးကို ပြောင်းလဲနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းပေး ရင်းဆွေးနွေးပွဲစကားဝိုင်းကို အဆုံးသတ်ခဲ့ပါသေးသည်။

နောက်တစ်နေ့နံနက်ပိုင်းတွင် ၊ ဝမ်ချန်း (Wangcheng) ခရိုင်ရှိကျင်းခန်း (Jinggang) ရှေးဟောင်း မြို့တော်သို့ သွားရောက် လည်ပါတ်ခဲ့ကြပါသည်။ ရှေးဟောင်းမြို့တွင် ရှေးဟောင်းစတိုင်အိမ်ခန်းများတွင် အမှတ်တရအရောင်းဆိုင်များ၊ ရိုးရာဝတ်စုံ၊ ရိုးရာအစားအစာ၊ အသုံးအဆောင်များကို ဆိုင်ခန်းများဖွင့်လှစ်ရောင်းချ လျက်ရှိကြသည်။

ရှေးဟောင်းမြို့တော်တွင် အခြားနေရာများမှာ ဝင်ခွင့်လက်မှတ် ဝယ်ယူရန်မလိုသော်လည်း ထူးထူးခြားခြား အခကြေးငွေဖြင့် လက်မှတ်ဝယ်ယူပြီး ဝင်ရောက်ကြည့်ရှုရသော ပြခန်းအိမ် ကြီးတစ်ဆောင်ရှိပါသည်။ ယင်းမှာ တရုတ်နန်းတွင်းကားများတွင် မကြာခဏပါဝင်သော ဆောင်ကြာမြိုင်ပင်ဖြစ်သည်။ အိမ်ကြီး၏အဆောင်အခန်းများတွင် ရှေးခေတ်က တရုတ်လူဂုဏ်တန်၊ လူချမ်းသာများ၊ အပျော်မယ်များနှင့်လာရောက်ပျော်ပါးကြပုံများ၊ အိမ်ခန်းနံရံများတွင် အလှမယ်များ၏ ဓာတ်ပုံ၊ ရုပ်ထုများ လိင်မှုကိစ္စဆိုင်ရာ ရုပ်ပုံ၊ ရုပ်ထု၊ ပန်းအိုး ပန်းချီကားများကို ပြသထားရာ တချို့အခန်းများမှာ တစ်တစ်ခွခွ၊ ကွက်ကွက် ကွင်းကွင်း ရှိလှသဖြင့် အဖွဲ့တွင်ပါဝင်သော မေဦးမွန်၊ ဝေမာသိမ့်၊ လဲ့ယဉ်မြင့်၊ ခိုင်ဇင်မာဝင့်၊ ခိုင်ဝေလွင်စသည့် ဒွေးမယ်နော် ညီအမ ခုနစ်ဖော်တို့မှာ မျက်နှာများပူပြီး တချိုးတည်းလစ်ပြေးကြတော့သည်။

အပြင်ရောက်တော့ ရှေးခေတ်က ဆောင်ကြာမြိုင်တွင် အပျော်မယ်အဖြစ် ရောင်းချခံခဲ့ ရသောအမျိုးသမီးလေးများ၏ဘဝကို မိန်းမချင်းကိုယ်ချင်းစာနာမိ၍ ရင်ထဲတွင် မကောင်းကြဟု မျက်နှာနီနီဖြင့် ပြောဆိုခဲ့ကြသည်ကိုအမှတ်ထင်ထင်ရှိခဲ့ပါသည်။ ရှေးခေတ်ကဆောင်ကြာမြိုင်တွင် ရောင်းစားခံရပြီးမနှစ် မြို့စရာ အပျော်အမယ်ဘဝကိုစက်ဆုပ်လွန်း၍ မည်မျှလွတ်မြောက်ထွက်ပြေးချင်သည်ကို ဆောင်ကြာမြိုင်ပြခန်းအဝင်ဝရှိ အုတ်နံရံကိုဖောက်ပြီး ထွက်ပြေးဟန်ပြုနေသော မိန်းကလေးရုပ်ထုက အပီအပြင်ပေါ်လွင်လှပေသည်။

**ဆောင်ကြာမြိုင်**

နေ့လည်စာ စားသုံးအပြီးမှာ ယွဲလုတက္ကသိုလ်(Yuelu Acadamy) သို့ သွားရောက်လည်ပတ်ခဲ့ကြသည်။ ယွဲလု တက္ကသိုလ်မှာ ယွဲလု တောင်ခြေတွင်ရှန်မြစ် (Xiang River) ကို မျက်နှာမူလျက် တည်ရှိတာကြောင့် သစ်ရိပ် ဝါးရိပ်၊ တောင်ရိပ်ဖြင့် စိမ်းစို သာယာလှပါသည်။ ယွဲလု တက္ကသိုလ်ကို A.D 969 က မြောက်ပိုင်း စုန့်မင်းဆက် လက်ထက်က စတင် တည်ထောင်ခဲ့ပြီး လွန်ခဲ့သော နှစ်ပေါင်း (၁၀၀၀) ခန့်အတွင်း တရုတ်ပြည်၏ ဂုဏ်သတင်းကျော်ဇော်သော တက္ကသိုလ်လေးခုတွင် တစ်ခုအပါအဝင် ဖြစ်ကြောင်းသိရသည်။

ဆောင်ရွက်ခဲ့ပြီး (၁၉၂၅) ခုနှစ်တွင် ဟူနန်တက္ကသိုလ်အဖြစ် ပြောင်းလဲခဲ့ကြောင်း သိရပါသည်။ ဟိုတယ်ပြန်ရောက်တော့ မှောင်စပျိုးနေပြီ။ မနက်ဖြန်ပီကင်းမြို့တော်သို့ ဆက်လက်ချီတက်ထွက်ခွာရန် အထုတ်အပိုးပြင်ဆင်ရဦးမည်။

နောက်တစ်နေ့ နံနက်တွင် ချန်ရှားမြို့မှ မိတ်ဆွေများကိုနှုတ်ဆက် ခွဲခွာပြီး မြို့တော် (ပေကျင်း) ပီကင်းသို့ China Air လေကြောင်းဖြင့် ဆက်လက်ထွက်ခွာခဲ့ပါတော့သည်။ လေယာဉ်ပျံသန်းချိန် (၂ နာရီခွဲ) ခန့် စီးနင်းပြီး ပီကင်းမြို့တော်သို့ ဆိုက်ရောက်ခဲ့ပါသည်။ လေဆိပ်ကြီးမှ ထွက်လိုက်သည်နှင့် ရာသီဥတုက ချမ်းစိမ့်လွန်းလှသည်။ ခရီးလမ်းတစ်လျှောက်လုံး မျှော်လင့်ထားသလောက် မအေးခဲ့သမျှ မြို့တော်ပီကင်း ရောက်တော့မှ မျှော်လင့်ထားသည်ထက်ကို ခိုက်ခိုက်တုန်အောင် အေးမြချမ်းစိမ့်ခဲ့ကြရသည်။ တစ်လမ်းလုံးဝယ်ယူ စုဆောင်းပြင် ဆင်းလာကြသော အနွေးအင်္ကျီ၊ အသားကပ်၊ ခေါင်းစွပ်၊ ခြေစွပ်၊ ရှူးဖိနပ်များကို ယခုမှ အပြည့်အဝ အသုံးချကြရပါတော့သည်။

ပီကင်းရောက်လျှင်ရောက်ချင်း ဝမ်ရှူဟိုတယ်မှာ နေ့လည်စာသုံးဆောင်ပြီးသည်နှင့် နံမည်ကျော် တီယန် အန်မင်ရင်ပြင် (Tiananmin Square) ရှေ့၊ ပြည်သူ့ခန်းမဆောင်ကြီး (Great Hall of the People) ဘေးကပ်လျက်ရှိ အမျိုးသားပြတိုက် (National Museum)သို့ ပို့ဆောင်ပေးကြပါသည်။

မိမိတို့ အဖွဲ့လည်း စကားပြန် ကိုသက်နိုင် ဦးဆောင်ကာ အမျိုးသားပြတိုက်ကြီးဆီသို့ ချီတက်လာခဲ့ကြပါသည်။ ပြတိုက်တွင် တရုတ်ပြည်သစ် ထူထောင်သည့်တော်လှန်ရေးသမိုင်းကြောင်းနှင့် ဦးဆောင်ပါဝင်ခဲ့သူများ၊ မှတ်တမ်းမှတ်ရာများကို ခမ်းနားစုံလင်စွာ ပြသထားသည်ကိုလေ့လာတွေ့ရှိခဲ့ကြရပါသည်။

တရုတ်နိုင်ငံသည် နှစ်ပေါင်း (၅၀၀၀)ကျော် မှတ်တမ်းများအရ ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ယဉ်ကျေးမှုနိုင်ငံတစ်နိုင်ငံဖြစ်ပြီး B.C 221 တွင် ချင်ရှီဟွမ် (Qin Shi Huang) က တရုတ်အင်ပါယာ နိုင်ငံထူထောင်ကာ ပထမဆုံးဘုရင် ဖြစ်ခဲ့သည်။ ဘုရင်တွေ အုပ်ချုပ်သော ပဒေသရာဇ်ခေတ်မှာ နှစ်ပေါင်း ၂၃၀၀ ကျော်သက်တမ်းကြာမြင့်ခဲ့ပြီး ၁၉၁၁ ခုနှစ်မှာ ဆွန်ယက်ဆင်က သမ္မတနိုင်ငံထူထောင်ခဲ့သည်။

ဒေါက်တာဆွန်ယက်ဆင်ကွယ်လွန်ပြီး ချန်ကေရှိတ် အာဏာရလာသည်။ ထိုနောက် ကွန်မြူနစ်ပါတီကို စတင်ထူထောင်သူ မော်စီတုန်း၏ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်နှင့် ချန်ကေရှိတ်၏ စစ်တပ်တို့အကြား ပြည်တွင်းစစ်ဖြစ်ပွားပြီး ချန်ကေရှိတ်တပ်များအရေးနိမ့်ကာ ထိုင်ဝမ်သို့ ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။

(၁၉၄၉) ခုနှစ် အောက်တိုဘာ ၁ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (PRC) ထူထောင်ခဲ့ပြီး ပီကင်းကိုမြို့တော်အဖြစ်သတ်မှတ်ခဲ့ကြသည်။ မော်စီတုန်း တက်လာပြီး မြေယာဝေခြမ်းရေးကို ဆောင်ရွက်ခဲ့ရာ တရုတ်လယ်သမားများ အဆင်ပြေလာခဲ့သည်။ ၁၉၆၀ ခုနှစ်များတွင် မော်စီတုန်း၏ လမ်းညွှန်မှုဖြင့် ယဉ်ကျေးမှုတော်လှန်ရေး ဆင်နွှဲခဲ့ကြပြန်သည်။ ပညာတတ်လျှင် ဖောက်ပြန်သည်ဟုဆိုပြီး ပညာရှင်တွေကို နှိပ်ကွပ်သည်။ တက္ကသိုလ်တွေ ပိတ်ပစ်ပြီး ကျောင်းသားတွေ အလုပ်စခန်း ပို့ပစ်သည်။ (၁၀) နှစ်ခန့် ကြာသောအခါ တရုတ်ပြည်တွင် ပညာရေးဘက်မှာ ကျဆင်းသွားပြီး ပြည်သူအများ၏ လူမှုစီးပွားရေးဘဝနိမ့်ပါးကုန်သည်။ တရုတ်နဂါးကြီးအားပြတ်သလောက် ဖြစ်သွား၏။

မော်စီတုန်းနောက် တက်လာသော တိန့်ရှောင်ဖိန်က ဒီအတိုင်းတော့ မဖြစ်ချေဟု သုံးသပ်မိပုံပေါ်သည်။ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ကြမည်ဟု ထုတ်ဖော်ပြောဆိုလာသည်။ တိန့်ရှောင်ဖိန်မှာ တော်တော်သတ္တိကောင်းတဲ့ လူဟုဆိုရမည်။ ထိုခေတ် ၁၉၇၆ ခုနှစ်ခန့်က ရှေးရိုးစွဲကွန်မြူနစ် ပေါ်လစ်ဗျူရိုတွေ အများအပြားရှိနေသည့် ကြားထဲကပင်သူပြော လိုက်သောစကားက- "မော်စီတုန်းလုပ်ခဲ့တာ ၇၀ ရာခိုင်နှုန်းကောင်းတယ်။ ၃၀ ရာခိုင်နှုန်းမကောင်း" ဟုရဲရဲဝံ့ဝံ့ဝေဖန်လိုက်သည်။ မော်စီတုန်းသည် အစပိုင်းကောင်း၍နောက်ပိုင်း မကောင်းဟု ဆိုလိုဟန်တူပေသည်။

ကွန်မြူနစ်ဆိုင်းဘုတ်အောက်မှာပင် ဈေးကွက်စီးပွားရေးစနစ်ကို လွတ်လပ်စွာ လုပ်ကိုင်နိုင်ရန် ဖွင့်ပေးလိုက်သည်။ ပညာရေးကို ဦးစားပေးမြှင့်တင်ပေးခဲ့သည်။ တရုတ်လူငယ်များကို နိုင်ငံခြားသို့ ပညာသင်ရန် စေလွှတ်ခွင့်ပေးသည်။ "နိုင်ငံခြားမှာ ဘွဲ့ရပြီးမှ ပြန်မလာရင် ဘယ်နဲ့လုပ်မလဲ " ဆိုသော မေးခွန်းအတွက် ပြန်လာသမျှ အမြတ်ပေ့ါ။ သူတို့ပြန် လာချင်အောင်ကိုယ့်ဆီမှာ အလုပ်အကိုင်အခွင့်အလန်းတွေ ဖန်တီးပေးရမယ်ဟုဆိုသည်။

၁၉၉၀ ပြည့်နှစ်ခန့်က တရုတ်နိုင်ငံအကြောင်းကို ခရီးသွားမှတ်တမ်းအဖြစ် စာအုပ်တစ်အုပ်တွင် ဖတ်ရပါသည်။ စာရေးသူမှာ လန်ဒန်တက္ကသိုလ်တွင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော မြန်မာလူမျိုး Dr.လှဖေဖြစ်သည်။ သူ၏ စာအုပ်ထဲတွင် အရှိန်အဟုန်ဖြင့် တိုးတက်လာသော တရုတ်နိုင်ငံအကြောင်းတွေ ဖတ်ရသည်။ တိန့်ရှောင်ဖိန်၏ ကမ္ဘာကျော်စကားတစ်ခွန်းဖြစ်သော " To get rich is glorious" "csrf;omwmaumif;w,f " နှင့် သူ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေးပေါ်လစီ (Eco- nomicReform ) ကြောင့် နှစ် (၃၀) ခန့်ကြာသော် ယနေ့တရုတ်ပြည်သည် အလွန်ချမ်းသာနေပေပြီ။ နည်းပညာပိုင်းတွင် အမေရိကန်ကို မမီသော်ငြားလည်း စီးပွားကုန်သွယ်ရေးမှာတော့ ကမ္ဘာမှာ ထိပ်ဆုံးပင်။

ယခုတရုတ်နိုင်ငံသို့ ကိုယ်တိုင်ရောက်ရှိခဲ့ပြီး ချမ်းသာကြွယ်ဝမှု ဖွံ့ဖြိုးတိုးတက်မှုတွေကို အထင်အရှား တွေ့ရသည်။ အထူးသဖြင့် နည်းပညာပိုင်း၊ (Technical Know-how) တွင်အဆင့်မြင့်ကြောင်း တွေ့ရသဖြင့်အားကျမိသည်။တရုတ်လူမျိုးတို့၏ ဉာဏ်ရည်ထက်မြက်မှုနှင့် ဝီရိယရှိရှိကြိုးစားအားထုတ်မှုများကြောင့် လျင်မြန်သော အရှိန်အဟုန်ဖြင့် တိုးတက်လာသည်ဟု ထင်မြင်ယူဆမိပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

■

# ဂျပန်နိုင်ငံကကျောက်ကြီး၌ကျောင်းဆောင်သစ်လှူ

**ကျောက်ကြီး ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့တွင် ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူများ ပူးပေါင်းပါဝင်လှူဒါန်းငွေဖြင့် မြန်မာနိုင်ငံ တြိဂံအချိတ်အဆက်များကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့သော အလျား ၉၂ ပေ၊ အနံ ပေ ၃၀ ရှိနှစ်ထပ်ကျောင်းဆောင်သစ်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၄ ရက် နေ့လယ်က ကျောက်ကြီးမြို့ မေတ္တာရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းဝင်းအတွင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်းနှင့် ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးဦးစောဂျူဘလီစံလှတို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ယင်းနောက် ဂျပန်နိုင်ငံသံရုံးမှ တတိယအတွင်းဝန် Mr Koata WATANABE က ပညာရေးဌာနသို့ ကျောင်းဆောင်သစ်ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

"ဂျပန်နိုင်ငံအစိုးရနဲ့ ဂျပန်ပြည်သူတွေက မြန်မာပြည်သူတွေကို လူသားချင်းစာနာစွာ အကူအညီများ ဆက်လက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ဂျပန်နိုင်ငံသံရုံးမှ တတိယအတွင်းဝန်က ပြောသည်။

ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ကျောက်ကြီးမြို့နယ်အတွင်း ဆေးရုံ၊ စာသင်ကျောင်း၊ ဆေးကုသမှုဆိုင်ရာ ပစ္စည်းကရိယာများနှင့် လမ်းတံတားတည်ဆောက်မှုများကို လှူဒါန်းဆောင်ရွက်ပေးခဲ့သည်ဟု သိရသည်။ **(၁၂၂)**

# ကျောင်းဆင်းချိန်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး ရဲတပ်ဖွဲ့မှ လမ်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ပုလဲ ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်ရဲတပ်ဖွဲ့သည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဇွန် ၅ ရက်မှစတင်၍ ကျောင်းသား၊ ကျောင်းသူများ ကျောင်းဆင်းချိန်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းရှင်းရေးလုပ်ငန်းများကို ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူး ဒုရဲမှူးထွန်းကျော်က "အ-ထ-က(ပုလဲ) ရှေ့မှာ ပုလဲ-ဂန့်ဂေါကားလမ်းရှိပြီး ခရီးသည်တင်ကားများ၊ ကုန်ကားများနဲ့ ဆိုင်ကယ်များ သွားလာမှုထူထပ်လာတဲ့အတွက်ကြောင့် ကျောင်းဆင်းချိန်များမှာ ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် ပညာရေးလမ်းခရီးကို အဆင်ပြေပြေ သင်ယူနိုင်ရေးအတွက် ကျွန်တော်တို့မြို့မစခန်းမှ ရဲတပ်ဖွဲ့ဝင်က ကူညီဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

**မင်းခန့်စိုး(ဧယျာမြေ)**



**မြန်အောင်မြို့သန့်ရှင်းသာယာလှပရေးလူထုအသိပညာပေး စုပေါင်းဆောင်ရွက်ခြင်းကို ဇွန် ၆ ရက်နံနက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်း ဦးဆောင်၍မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံရေးပါတီများနှင့် လူမှုရေးအသင်းအဖွဲ့များက မြို့ပေါ်ရပ်ကွက်များအတွင်း အမှိုက်ကောက်ခြင်း စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။**

သတင်းနှင့်ဓာတ်ပုံ- ဝင်းဗိုလ်(မြန်/ဆက်)

# အောင်လံမြို့နယ်တွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်း ၂၁၂ ဒသမ ၆၆ တင်းထွက်ရှိ

**အောင်လံ ဇွန် ၇**

အောင်လံမြို့နယ် ဒုရင်ဗိုလ်ကျေးရွာအုပ်စု ကွင်းအမှတ်-၂၆၃ ဦးပိုင်အမှတ် (၁၄၁) တောင်သူဦးစန်းလွင်၏ နွေစပါးကွင်းတွင် ဇွန် ၃ ရက် နံနက် ၈ နာရီက စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်သရုပ်ပြရိတ်သိမ်းခဲ့ကြောင်း သိရသည်။

ယင်းစံကွက်ရိပ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဆင့်နှင့် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ စက်မှုလယ်ယာဦးစီးဌာနမှဝန်ထမ်းများ ပတ်ဝန်းကျင်ကျေးရွာအုပ်စု ကိုးအုပ်စုမှတောင်သူများ တက်ရောက်ခဲ့ကြပြီး စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးဝင်းဖေမှ စံကွက်ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက် အထွက်နှုန်းမိတ်ဖက်များ၏ အားသာချက်၊ အားနည်းချက်နှင့် စက်ဖြင့်ရိတ်သိမ်းခြွေလှေ့ရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါစံကွက်မှ စပါး ၂၁၂ ဒသမ ၆၆ တင်း ထွက်ရှိခဲ့ကြောင်းသိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေးဟောပြော

**စစ်တွေ ဇွန် ၇**

စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၃ ရက် မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအောင်က အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မူးယစ်တပ်ဖွဲ့စု (၄၇) စစ်တွေမှ တပ်ဖွဲ့စုမှူး ရဲမှူးရီထွန်းသန်းက မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများနှင့်ပတ်သက်၍လည်းကောင်း၊ စစ်တွေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ခိုင်ဇံနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး (ငြိမ်း) ဒေါက်တာကျော့သာစိန်တို့က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ရရှိသည့်ရောဂါများ၊ မူးယစ်ဆေးသုံးစွဲခြင်းကြောင့် HIV, AIDS ကဲ့သို့သော ကူးစက်ရောဂါများ၊ အဆိုပါရောဂါများကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှု ဖြစ်ပွားရမှုများနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေရေးရာများကိုလည်းကောင်း၊ စာရေးဆရာဗဂျီးကျော် (စစ်တွေ)က အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် မိမိနှင့်မိသားစု အပါအဝင် ပတ်ဝန်းကျင်ပါထိခိုက်ရမှုများနှင့်ပတ်သက်၍လည်းကောင်း အကျယ်တဝင့် အသိပညာပေးဟောပြောခဲ့ကြသည်။

ယင်းနောက် စစ်တွေခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအောင်က အခြေခံပညာအထက်တန်းကျောင်း (မင်းဂံ) သို့ စာအုပ်စာစောင်များလှူဒါန်းပြီး စစ်တွေခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများထံ ဖြန့်ဝေပေးပြီးနောက် ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးအသိပညာပေး ပြခန်းငယ်တွင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ဇော်နိုင်ထွန်း** (IPRD)

Topsyne® HERBAL CREAM
အရည်အသွေးမြင့် ဘူးဒီဇိုင်းအသစ်
ပန်းပွင့်ပုံဘူးအသစ်တစ်မျိုးတည်းအတွက်သာ
သုံးစွဲသူများအတွက် အထူးကံစမ်းမဲ
( 15.5.2015 - 15.3.2016 )
1,000,000 ကျပ် (1) ဆု
400,000 ကျပ် (2) ဆု
300,000 ကျပ် (2) ဆု
100,000 ကျပ် (5) ဆု
50,000 ကျပ် (10) ဆု
20,000 ကျပ် (20) ဆု
နေရောင်ခြည်ဒဏ်ကို နှစ်ဆ ကာကွယ်ပေးပြီး အသားအရေကို သဘာဝအတိုင်း ကြည်လင်ဝင်းပ စေသည်။ လိမ်းထားစဉ် မိတ်ကပ်သား ထူထဲမှုမရှိစေဘဲ သဘာဝအတိုင်း ညီညာလှပနေစေပြီး အဆီပြန်ခြင်းကင်းစေသည်။ အသားအရေ၏ အစိုဓာတ်ကို ကြာရှည်ထိန်းပေးကာ အရေးအကြောင်းများကို လျော့ပါးစေသည်။
Apple Production Co., Ltd. - (01) 581391, 581844, 581886 (09) 86 18081 , 49 316408

မြန်မာ့ရိုးရာ ဗေဒင်ပညာစစ်စစ်ကိုမှ ဖတ်ရှုလိုသူများအတွက်
၁၃၇၇-ခုနှစ်
ဝံ-ဂလိတ်ဘိုဝ်
မြန်မာ့ရိုးရာအဌဟောကိန်း
တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ရာဟု၊ ကြာသပတေး၊ သောကြာ၊ စနေ
ထွက်ပြီ
ပင်ရင်းဖြန့်ချိရေး
အမှတ်(၂၈၆)၊ ဓမ္မြည်ထပ် လမ်း- ၄၀ (အထက်)၊ ရန်ကုန်မြို့၊ ဖုန်း- ၇၀၉၀၃၂၊ ၃၉၁၁၆၉၊ ၀၉-၈၆၁၀၄၈၈
မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက် အမှတ်(၂၂၁)၊ ၈၄လမ်းနှင့်၃၃လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၉၇၁၇၊ ၆၀၁၃၆

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
ရွှေပြည်သာမြို့နယ်တရားမရုံး၌
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၁

ဒေါ်တင်မေသန်း ---------------------- လျှောက်ထားသူ။
နှင့်
၁။ ဒေါ်မိညို ---------------------- လျှောက်ထားခံရသူများ။
၂။ ဦးထွန်းမြင့်

ယခင်လိပ်စာ အမှတ်(၂၂၈/က)၊ မြရတနာလမ်း၊ (၅/၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၄၃/က)၊ သရဖီလမ်း၊ (၅/၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ တရားနိုင်က ဤရုံးတော်၌ တရားမအကျဉ်းထောင်သို့ ပေးအပ်ရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤအလွှာအတိုင်းအမိန့် မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၈ ရက် (၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်)၊ မွန်မတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင် ဤရုံးသို့လာရောက်ရမည်။ မလာရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ (စန္ဒာတင့်)
ဒုတိယမြို့နယ်တရားသူကြီး၊ ရွှေပြည်သာမြို့နယ်တရားရုံး

လိယိုမက်အရေပြားရောဂါက တိုင်းရင်းဆေးတိုက်မှ
ခရှသင်း၊သမင်ဖြူ
နယ်မှ ဝေဒနာရှင်များ စာတိုက်မှတဆင့်မှာယူနိုင်ပါသည်။
ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၁)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၁

မြေကွက်ဝယ်လိုသည်
ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ ဒဂုံတောင်မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
Ph:09-260664480, 09-260664490

ပြည်တွင်းရေးရာ

# တာလေ၌ စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်စ်နှင့် ဘိန်းစိမ်းများကို ကွင်းဆက်ဖြင့် ဖမ်းဆီး

**တာလေ ဇွန် ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက် (မဲခေါင်စစ်ဆင်ရေး-၂)အား အရှိန်အဟုန်မြှင့်တင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇွန် ၅ ရက် မွန်းတည့် ၁၂ နာရီက မူးယစ်တပ်ဖွဲ့စု(၁၀၄) နေပြည်တော်မှ ဒုရဲမှူးဆိုင်းနန် ဦးစီးအဖွဲ့၊ မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ ဒုရဲအုပ်ကြည်လွင် ဦးစီးအဖွဲ့၊ တာလေနယ်မြေရဲစခန်းမှ ဒုရဲအုပ်ဇာနည်ထွန်း ဦးစီးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာလေမြို့အဝင် တိုးဂိတ်အနီး တာချီလိတ်-ကျိုင်းတုံပြည်ထောင်စုလမ်းမပေါ်တွင် ပိတ်ဆို့စစ်ဆေး ရှာဖွေနေစဉ် ကျိုင်းတုံဘက်မှ တာလေဘက်သို့ တင်ထွေးမောင်းနှင်လာသောနီဆန်းအမျိုးအစားအဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ တင်ထွေးဝတ်ဆင်ထားသည့် အစိမ်းရောင်ဘောင်းဘီရှည်အိတ်ကပ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၅ ပြားနှင့် အအေးစုတ်ပိုက်ဖြင့်ထည့်လျက် မက်အက်ဖီတမင်း (အိုက်စ်)အဖြူရောင် ပုံဆောင်ခဲအလေးချိန် ၀ ဒသမ ၄၇ ဂရမ်အား တွေ့ရှိသဖြင့် ဒုရဲအုပ်ကြည်လွင်က မော်တော်ယာဉ်နှင့်အတူ သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ဆက်လက်၍ပူးပေါင်းအဖွဲ့သည် တင်ထွေး(ခ)အာလူး၏ ထွက်ဆိုချက်အရ မွန်းလွဲ ၁၂ နာရီခွဲတွင် တာလေမြို့နယ်၊ နားယောင်းအုပ်စု၊ ပါဟုတ်ကျေးရွာရှိ အားဒေ၏နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲရန်ရောက်ရှိနေသူ ယောဟန်အား အသင့်တွေ့ရှိရပြီးဆက်လက်ရှာဖွေရာ အားဒေအိပ်သည့် အိပ်ယာဘေးမှ အဖြူရောင်ကော်ဗူးအတွင်း WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား၇၈၅ ပြား၊အလေးချိန် ၇၈ ဒသမ ၅ ဂရမ်၊ ကာလတန်ဖိုး ကျပ် ၁၉၆၂၅၀၀ နှင့် အနက်ရောင်ဂတ်ထူစက္ကူအတွင်းမှဘိန်းစိမ်းအညိုရောင်အစေး အလေးချိန် ၂၀၀ ဂရမ်ခန့်ပါ တစ်ထုပ်၊ ကာလတန်ဖိုး ကျပ်နှစ်သိန်းတို့အား ရှာဖွေပုံစံဖြင့်သိမ်းဆည်းခဲ့သည်။

အမှုမှ စိတ်ကြွဆေးပြား၊ အိုက်စ်နှင့် ဘိန်းစိမ်းများ ဖမ်းဆီးရမိသူ တင်ထွေး(ခ)အာလူး(၄၃ နှစ်)၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့နေသူနှင့် အားဒေ (၄၀ နှစ်)၊ ပါဟုတ်ရွာ၊ နားယောင်းအုပ်စု၊ တာလေမြို့နယ်နေသူနှင့် မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသူယောဟန်(၃၁ နှစ်)၊ ယာကျဒီပရွာ၊ မိုင်းဖြတ်မြို့နယ်နေသူတို့အား တာလေနယ်မြေရဲ စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

# ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်မှုဆိုင်ရာပညာပေးဆွေးနွေး

**တာချီလိတ် ဇွန် ၇**

ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့် သိုလှောင်မှုအန္တရာယ်ကင်းရှင်းရေး အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ယင်းမာစီမံချက်အရ ဇွန် ၅ ရက်က တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး(မယ်ခေါင်စစ်ဆင်ရေး -၂) မူးယစ်တပ်ဖွဲ့စု(၃၀)အဖွဲ့ခေါင်းဆောင် ဒုရဲမှူးသန်းရွှေက တာချီလိတ်ခရိုင်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး မယ်ခေါင် စစ်ဆင်ရေး-၂ ဆောင်ရွက်နေမှုအခြေအနေ၊ ထိန်းချုပ်ဓာတုပစ္စည်းဆိုင်ရာမူဝါဒများနှင့် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများကိုလည်းကောင်း၊ မြို့နယ်အကောက်ခွန်ဦးစီးဌာန ဒုတိယမြို့နယ်မှူး ဦးတင်ထွန်းအောင်က ထိန်းချုပ်ဓာတုပစ္စည်းများ တင်သွင်း၊ သယ်ဆောင်၊ ရောင်းဝယ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးအောင်ကျော်နိုင်က ထိန်းချုပ်ဓာတုပစ္စည်းများသိုလှောင်ရာတွင် လိုက်နာရမည့်အချက်များနှင့် မီးဘေးလုံခြုံရေးကိစ္စရပ်များကိုလည်းကောင်း ပညာပေးဟောပြောခဲ့ကြသည်။ယင်းနောက်တက်ရောက်လာသူ များ၏ မေးမြန်းချက် များအပေါ် ပြန်လည် ဆွေးနွေးဖြေကြား ခဲ့ကြောင်း သိရသည်။

**(၁၁၁)**

# နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်(၁/၂၀၁၅) သင်တန်းဆင်း

**မော်လမြိုင် ဇွန် ၇**

မြန်မာနိုင်ငံ RESCUE လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်မှ ကြီးမှူး၍ မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ်သင်တန်း အမှတ်စဉ် (၁/၂၀၁၅)သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ RESCUE ဥက္ကဋ္ဌဦးလှထွန်း (နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် လူမှုထူးချွန် တတိယအဆင့်ရသူ)က သင်တန်းသားများအား လိုအပ်သည်များမှာကြားပြီး ထူးချွန်ဆုရရှိသူများကို ဆုချီးမြှင့်ခြင်းနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

သင်တန်းကာလမှာ ဇွန် ၁ ရက်မှ ဇွန် ၅ ရက်အထိဖြစ်ပြီး ရန်ကုန်မှ တွံ့တေးစိတ္တသုခအဖွဲ့၊ မန္တလေးချမ်းမြေ့သုခအဖွဲ့၊ မြဝတီရုံးချုပ်၊ဘားအံနှင့် ဒလအဖွဲ့၊ မော်လမြိုင် RESCUE အဖွဲ့စသည့်အဖွဲ့ အသီးသီးမှ သင်တန်းသား ၇၅ ဦးတို့ တက်ရောက်ခဲ့သည်။

ဇွန် ၅ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့စစ်ကဲကုန်းရပ်ကွက် ထားဝယ်တံတား အနီးမြို့မရဲစခန်းအရှေ့တွင် အရေးပေါ်အသက်ကယ်ဆယ်ရေး လက်တွေ့သရုပ်ပြမှုကို ပြကွက်အမျိုးမျိုးတို့ဖြင့် သရုပ်ပြလေ့ကျင့်ခြင်း၊ မတော်တဆယာဉ်တိုက်မှုဖြစ်စဉ်ဖြစ်ပွားသည့်အခါတွင် အရေးပေါ်လူနာတင်ယာဉ်များဖြင့် လူနာများအား သယ်ဆောင်ခြင်းများကို လက်တွေ့လေ့ကျင့်ခဲ့ကြသည်။

**ဝင်းမမ** (Iprd)




ချက်ချင်း CV တင်၊ ချက်ချင်း Interview ဝင်ရမည့်
Walk In Interview
Call Center Staff USD- 100 ~ 150 M/F(50)
- Any Fresh Graduate , No Need Working Experience,
- Good Communication Skills
- Computer Typing Skills ( 20 Word Per Minute ),Knowledge in Using Smart Phone
ဘွဲ့ရ / ဘွဲ့ရပြီး ဖြစ်ရမည် လုပ်ငန်းအတွေ့အကြုံ မရှိသော လူငယ်များကို ဦးစားပေးပါ မည်။
Interview Date - (8 ~ 14 - 6-2015 )( 9:00am to 5 pm )
VAC VALUE ADDED CONSULTANCY
No. 118, 6th Floor, 23rd Street, Latha Township, Yangon
Ph: 01-395921 ,01-395922, 09-5102094,09-73022727



ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး
ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ



ရှေးမှုမပျက်ခေတ်မီလှပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်းတပ်ရက်/ မင်္ဂလာမော်ကွန်း/ ဇာတာ/ ဂဏန်းဗေဒင်အဟောများ/ နက္ခတ်အဟောများ/ မိဘနာမည်တွဲသုံးပုံလမ်းညွှန်/ တစ်သက်တာဟောစာတမ်းများ/ နာမည်ပေးပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန် အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည်အိမ်ပို့၇၀၀၀ဝိနယ်သို့စာတိုက်မှပို့မည်။လူကြီးများလိုရာမေး ကွန်ပျူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။
အမှတ်(၃၅) ခြေညီထပ်(ဂ၇)လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်ရန်ကုန်မြို့။(ပိတ်ရက်မရှိ)
☎01-394727,01-399426,09-73009994,09-5152521




လွယ်အိတ်ခါနီးရန်၊ လက်ဆောင်ဖြန့်ချိရန်နှင့်ကုန်ပစ္စည်းPromotionလက်ဆောင်ပေးရန် ဒီဇိုင်းစုံ၊ ရောင်စုံ အိတ်မျိုးစုံကို စက်ရုံတိုက်ရိုက်ဈေးနှုန်းဖြင့်ရရှိနိုင်ပါသည်။
အမှတ်(10)A ၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့။
Ph-01-200133/392216







Since 1996
Home
think of House, think of Home.
ISO 9001:2008
" မိုးရာသီ အထူး Promotion "



Buy 3' Set → Get (1) Box



လက်ဆောင်
Terms & Condition Apply
Stock Limited
ပထမဦးဆုံး အယောက် ၃၀ သာ

**အခန်းဆက်ဝတ္ထုရှည်**



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

" ဩော် . . . ဩော် . . . ဘုံပျံနေနန်း။ သိပ်ခက်တယ် . . . ငါတောင် ကောင်းကောင်းမပိုင်သေးဘူး "

" အေး ဟုတ်တယ် ဘုံပျံနေနန်း။ ပြီးတော့ ကဗျာတွေလည်း စပ်နေသတဲ့။ မောင် . . . ခိုင်ဟာ စိတ်ကူးယဉ်တယ်၊ ငါ့ဆီကို စာရေးတိုင်း သစ်ရွက်ကလေး . . . တစ်ရွက်တစ်ရွက် ထည့်ထည့်ပေးတယ် "

ကျွန်တော် ငိုင်နေခိုက် ငြိမ်းမောင်သည် အိတ်တွင်းသို့ နှိုက်သည်။ စာရွက်ပြာပြာတစ်ရွက် အရင်ထွက်လာသည်။ စာရွက်ပြာတွင်းမှ သစ်ရွက်ကလေးတစ်ရွက်ကို ထုတ်ယူပြသည်။

စွယ်တော်ရွက်မူ မဟုတ်။ ဖယောင်းတိုက်ထားသော တမာရွက်ဝါဝါလေး တစ်ရွက်သာဖြစ်သည်။

ကျွန်တော်တို့နှစ်ဦးစလုံး စကားမဆက်နိုင်ဘဲ အတန်ကြာငိုင်နေမိကြသည်။ ကျွန်တော်က စတင်၍ ပြန်မေးသည်။

" ငြိမ်းမောင် မင်းမျက်နှာဟာ သိပ်လေးနက်နေတယ် . . .။ မင်း ငါ့ကို တစ်ခုခု ပြောစရာရှိတယ် မဟုတ်လား။ ရှိရင် ပြောကွာ "

ငြိမ်းမောင်သည် သစ်ရွက်ဝါကလေးကို လက်ဝါးပြင်တွင် တင်ထားလျက် စိုက်ကြည့်ရင်း သူ့ထုံးစံအတိုင်း ရယ်သည်။ ရယ်၍အားရမှ ပြော၏။

" ဒီသစ်ရွက်ဝါကလေးကို စ,ရခဲ့တာ မင်းပဲ မောင်။ အခုတော့ ငါ့ဆီ ရောက်လာတယ်။ ငါ စဉ်းစားနေတာက ဒီသစ်ရွက်ကလေးကို ငါ ပိုင်သင့် မပိုင်သင့်ပဲ "

ကျွန်တော်က ငြိမ်းမောင်ကို လှမ်းကြည့်မိသည်။ ငြိမ်းမောင်ကမူ သူ့လက်တွင်းမှ သစ်ရွက်ဝါကလေးကိုသာ မမိတ်မသုန် ရှုကြည့်နေ၏။

"ငြိမ်းမောင် သူငယ်ချင်း မင်း ဘာကိုဆိုလိုနေတာလဲ "

ကျွန်တော်က မေးလေမှ ငြိမ်းမောင်သည် ဆွေးမြေ့စွာဖြင့် မော့ကြည့်ပြီး ဖြေသည်။

"ငါဟာ အမြဲတမ်း ဒုတိယလူတစ်ယောက်ပဲ ဖြစ်ခဲ့ရတယ်မောင်။ ဒါကို မင်းအသိဆုံးပဲ။ ဒုတိယသာ အမြဲဖြစ်ခဲ့ရတော့ စိတ်ဓာတ်ဟာ ခေါက်ရိုးကျိုးသလိုဖြစ်ပြီး ဒုတိယတန်းမှာသာ အမြဲတမ်း နေဝံ့တယ်။

ပထမတန်းကို မမှန်းရဲဘူး။ ပထမတန်းကို ရောက်လိမ့်မယ်လို့လည်း မယုံဘူး။ မယုံတဲ့အထဲက ပထမတန်းကို ရောက်ရမယ်ဆိုတော့ ကြောက်မိတယ် မောင် . . . သိပ်ကြောက်မိတယ် . . . "

ကျွန်တော်သည် ငြိမ်းမောင်စကားကြောင့် ရင်ထုမနာ စိတ်ထိခိုက်မိသည်။ ထို့ကြောင့် သူ့ပုခုံးကို ပုတ်၍ ညင်သာစွာ ပြောရ၏။

"ပထမလူ . . . ဒုတိယလူလို့ ပြောဖို့က လူ့ဘဝကြီးဟာ စာမေးပွဲတွေ၊ အတန်းတွေနဲ့ သတ်မှတ်ပိုင်းခြားတဲ့ ကျောင်းကြီး မဟုတ်ဘူး။ ယှဉ်ပြိုင်ပြေးရတဲ့ တာရှည်ပြေးပွဲကြီးနဲ့ နှိုင်းချင်ရင်တော့ နှိုင်းနိုင်တယ်။ ဒါပေမယ့် မင်း ပြေးခဲ့ရတဲ့ ခရီးဟာ တိုတိုပဲ ရှိပါသေးတယ်။ ပန်းတိုင်ဟာ အဝေးကြီး လိုသေးတာမို့ ဘယ်သူ ပထမ၊ ဘယ်သူ ဒုတိယလို့ ပြောဖို့ စောလွန်းသေးတယ် ထင်တယ်။ ပြီးတော့ တစ်ခုရှိတယ်၊ ဒါက ဒီပြေးပွဲကြီးမှာ ငါဟာ မင်းနဲ့ ပြိုင်ပြေးသူ မဟုတ်ဘူး။ ဘယ်တော့မှလည်း မပြေးဘူး။ မင်းကိုသာ ငါ ပထမရစေချင်တယ်။ လူများ ပန်းဝင်သွားမှာတော့ ငါ မကြည့်ချင်ဘူး . . . "

ငြိမ်းမောင်သည် ဇက်ကျိုးကျကာ မြေပြင်သို့ စိုက်ကြည့်လျက် ငြိမ်နေ၏။

ကျွန်တော်က သဘောကျစွာ အော်ရယ်ပြီး ငြိမ်းမောင်၏ ကျောကို လက်ဝါးနှင့် ရိုက်၍ မေးသည်။

" သူငယ်ချင်း . . . တို့ ဖြောင့်ဖြောင့်ပဲ ပြောကြရအောင် . . .။ မင်း ခိုင့်ကို ချစ်နေတယ် မဟုတ်လား . . . "

ငြိမ်းမောင်က ရှက်ပြုံးပြုံး၍ ပြန်ကြည့်ပြီး မေး၏။

" မင်းကော . . . "

" ငါက အရင်မေးသူပါ . . . မင်း ဖြေဦး . . "

ငြိမ်းမောင်က မျက်လွှာချပြီး မပွင့်တပွင့် ဖြေသည်။

" ဒီအမေးကို ငါဖြေဖို့ လိုသေးသလား . . . "

ငြိမ်းမောင်သည် အနည်းငယ် စိုးရိမ်ဟန်ပြ၍ ကျွန်တော့်ကို မော့ကြည့်သည်။

" ငါ့အဖြေကတော့ သိပ်ရှင်းတယ် ငြိမ်းမောင်။ ခိုင်ဟာ ဒီလောကကြီးထဲမှာ ငါ သံယောဇဉ်ရှိနေတဲ့ မိန်းမသားတွေအနက် ထိပ်ဆုံးမှာပါနေတဲ့ မိန်းကလေးတစ်ဦးပဲ။ ဒါကို ငါဝန်ခံတယ် . . . "

ငြိမ်းမောင်သည် သဲ့သဲ့ပြုံးရင်း ခေါင်းညိတ်နေ၏။ ကျွန်တော်ကသာ ဆက်ပြောသည်။

"ဒါဖြင့် . . . ဒါဟာ . . . ချစ်တာလား။ ဒါကို ဖြေဖို့က . . . ချစ်တယ်ဆိုတာဟာ ဘာလဲ . . .။ ချစ်တယ်ဆိုတာဟာ . . . ပိုင်ဆိုင်ချင်တာ ဆိုရင်တော့ ခိုင့်ကို သူတစ်ပါး ပိုင်ဆိုင်မှာ မရှုစိမ့်လောက်အောင် ငါ မနာလိုတတ်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူငယ်ချင်းတစ်ယောက်အနေနဲ့ . . . ငါ ခိုင့်ကို ပိုင်ဆိုင်သင့်သမျှ ပိုင်ဆိုင်ပြီးသားပဲ။ ငါ စကားရှာမတွေ့ဘူး ငြိမ်းမောင်။ အနီးစပ်ဆုံးပြောရရင် ခိုင့်ကို ငါ . . . ချစ်နိုင်တယ်။ ချစ်နိုင်တယ်ဆိုတာ ချစ်နေပြီလို့လည်း ဆိုတာမဟုတ်ဘူး။ ချစ်ပြီးပြီလည်းမဟုတ်ဘူး။ ချစ်လိမ့်ဦးမယ်လို့လည်း မဟုတ်ဘူး။ ကာလသုံးပါးနဲ့ မဆိုင်တဲ့ စကားတစ်ရပ်ပဲ။ သူငယ်ချင်း နားလည်ရဲ့လား "

ငြိမ်းမောင်က တွေးခေါ်စွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဖြေ၏။

" ငါ နားလည်ပါတယ်။ မင်း ခိုင့်ကို မချစ်သေးဘူး။ ဒါပေမယ့် ချစ်နိုင်တယ်။ ဟုတ်တယ် မဟုတ်လား။ ချစ်နိုင်တယ် . . . "

" ဟုတ်တယ်။ ဒါပေမယ့် . . . မင်း သံသယကင်းအောင် ငါတစ်ခု ဝန်ခံမယ်။ ခိုင့်ကို ငါချစ်နိုင်တယ်။ အဲဒီလိုပဲ ချစ်နိုင်တဲ့ တခြားတစ်ယောက်လည်း ရှိသေးတယ် "

ငြိမ်းမောင်သည် ကျွန်တော့်မျက်လုံးများကို စူးစမ်းသယောင်ကြည့်ပြီး မေး၏။

" အဲဒီတစ်ယောက်ဟာ ဘယ်သူလဲ "

" ဘယ်သူလဲဆိုတာ . . . ငါပြောဖို့ မလိုဘူးထင်တယ်။ ချစ်နိုင်သူတစ်ယောက် ရှိသေးတယ်ဆိုရင်လုံလောက်ပြီထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ချစ်မိပြီ ဆိုသူတစ်ဦးကို မတွေ့မချင်း ချစ်နိုင်သူကတော့ တစ်ယောက် မဟုတ်ဘူး၊ နှစ်ယောက် မဟုတ်ဘူး၊ သုံးယောက် မဟုတ်ဘူး၊ အများကြီး တွေ့နိုင်သေးတယ် . . . "

ငြိမ်းမောင်သည် သက်ပြင်းနှင့်ရော၍ ရယ်သည်။

" မောင် . . . မင်းဟာ ငါ့ဟီးရိုးပဲ။ မင်းကို သိပ်အံ့သြတာပဲ။ အရင်တုန်းကလည်း အံ့သြတယ်၊ အခုလည်း အံ့သြတယ်၊ နောင်လည်း အံ့သြရဦးမယ် ထင်တယ်။ မင်းက . . . လောကကြီးဆီက အမြဲရနေသူတစ်ဦးပဲ။ ရနေသူတစ်ဦးဆိုတော့ ဘာကိုမှ မင်းမက်မက်မောမော ရမှရစေသဘောရှိဟန်မတူဘူး။ ရတဲ့အခါမှသာ ရရော၊ မရလည်း မင်းပူမယ့်လူမျိုးမဟုတ်ဘူး " ကျွန်တော်ကလည်း ရယ်၍ပြန်ဖြေသည်။

" မင်း ဒီစကားမျိုးပြောတာ နှစ်ခါရှိပြီ သူငယ်ချင်း။ ထားပါတော့လေ ငါ့ကိုလည်း မင်း အံ့သြချီးမွမ်းလို့ ကျေးဇူးတင်ပါတယ်။ ငါကလည်း မင်းကို အံ့သြချီးမွမ်းချင်တယ်။ မင်းကတော့ ဒီလောကကြီးကဘာမှမရခဲ့သေးဘူး။ ဒါပေမယ့် အဲဒီလောကကြီးကို ရင်ဆိုင်ရဲသလို သည်းခံခွင့်လွှတ်နိုင်တဲ့ မင်းရဲ့ သတ္တိကြောင့် ငါဟာ မင်းသူငယ်ချင်း ဖြစ်ရတာကို ဂုဏ်ယူတယ် ငြိမ်းမောင် "

ငြိမ်းမောင်သည် ကျွန်တော့်ကို လှည့်ကြည့်သည်။ သူ့နှုတ်ခမ်းများက ပြုံးရယ်နေသော်လည်းမျက်လုံးများ၌ မျက်ရည်တို့ ပြည့်နေ၏။

ကျွန်တော်က လက်ကမ်းပေးသည်ကို သူက ဆွဲယူသည်။ ကျွန်တော်တို့နှစ်ဦးသည် တစ်ဦးကို တစ်ဦးစိုက်ကြည့်၍ တစ်ဦးလက်ကိုတစ်ဦး ခိုင်မာမြဲမြံစွာ ဆုပ်လျက် အားရပါးရ လှုပ်ခါမိကြသည်။ နေဝင်၍ မှောင်စပျိုးချိန်၌ ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦးသည် တောင်ကုန်းများအတိုင်း ဆင်းလျှောက် ပြန်လာခဲ့ကြ၏။

အတန်ကြာ ငြိမ်နေရင်း လျှောက်လာခဲ့ကြရာမှ ကျွန်တော်က စ,မေးသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**ရောင်းမည်**

1. ကြည့်မြင်တိုင်မြို့နယ်၊ သီတာကွန်ဒို၊ 8th Floor & Penthouse sqft. 2324၊ CCTV, Lift , 2MB , 1B , 3A/C , ကားပါကင်၊ မျက်နှာကြက်၊ ကြွေပြား၊ ပါကေး
2. ကမာရွတ်မြို့နယ်၊ မြဖေယျာလမ်း၊ မြကွန်ဒို၊ 1200sqft , 1MB, 1B, 2A/C, CCTV, Lift, ကားပါကင်၊ မျက်နှာကြက်၊ ကြွေပြား၊ ပါကေး

Contact Ph. 09 5160778, 095089945

ဥယျာဉ်မှူး ဗိုလ်လောင်းဝင်ခွင့်သင်တန်းများ
**DSMA, DSTA, DSA** အင်္ဂလိပ်၊ သင်္ချာ၊ ဇီဝ အထွေထွေ
တာမွေ၊ ရွှေဗဟိုလ်အထူးကုရှေ့။ 09 5114804, 09 420042800

**အကောင်းဆုံးလစာနှင့် အချိုရည်စက်ရုံ Marketing (မ)နှင့် အရောင်းကိုယ်စားလှယ်များ အလိုရှိသည်**
လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
စိတ်ပါဝင်စားသူများနှင့် နယ်ကိုယ်စားလှယ်များ လာရောက်ဆက်သွယ်နိုင်ပါသည်။
(အရေးအတွက် အကန့်အသတ်မရှိ ဆက်သွယ်နိုင်ပါသည်။)
ဖုန်း-၀၉-၃၁၂၀၁၂၂၂၊ ၀၉-၇၉၉၅၀၇၇၉၆၊ ၀၁-၆၁၈၀၅၄

ကျောင်းသားရှိရင် ကျောင်းသားသုံး အဘိဓာန်ရှိရမယ်။
သာလွန် ကျောင်းသားသုံး အင်္ဂလိပ်-မြန်မာ အိတ်ဆောင် အဘိဓာန်
ဗြိတိသျှ၊ အမေရိကန်သုံး အင်္ဂလိပ်စကားလုံး၊ စကားစု၊ အဓိပ္ပာယ် ၅၂၀၀၀ ကျော်
New
NEW
သာလွန်စာအုပ်တိုက်
ဖုန်း - ၀၁ - ၂၉၉၂၂၈၊ ၂၄၂၄၁၈၊ ၂၄၀၁၅၃




**ဝန်ထမ်းများအမြန်အလိုရှိသည်**
**(ပြည်တွင်း၌သာခန့်ထားရန်)**

၁။ အောက်ပါအမျိုးသားဝန်ထမ်းများ အမြန်အလိုရှိပါသည်-
(က) B.E (Civil) — အသက်(၄၀)အောက်
(ခ) B.Tech (Civil) — အသက်(၃၅)အောက်
(ဂ) A.G.T.I (Civil) — အသက်(၃၀)အောက်
၂။ လျှောက်လွှာတင်ရမည့်နေရာနှင့် - အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် အမှတ်(၁၀၂/၁၀၄)၊ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
လူတွေ့စစ်ဆေးမည့်နေရာ
၃။ လျှောက်လွှာပိတ်ရက် - (၁၉.၆.၂၀၁၅)
၄။ လူတွေ့စစ်ဆေးမည့်ရက် - အကြောင်းကြားပေးပါမည်။

မှတ်ချက်။ ။ (က) အထူးအရည်အချင်းရှိသူများအတွက် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးမည်။
(ခ) ဆောက်လုပ်ရေးလုပ်ငန်း အတွေ့အကြုံရှိသူများကို အထူးဦးစားပေးမည်။

စုံစမ်းရန်-ဖုန်း-၀၁-၃၉၁၄၄၉၊ ၃၇၉၂၀၁၊ ၀၉-၇၃၀၂၇၆၅၉

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး ကွန်ပျူတာပန်းချီ ပိုစတာပြိုင်ပွဲပြုလုပ်

**ဘားအံ ဇွန် ၇**

ကရင်ပြည်နယ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး နေ့အထိမ်းအမှတ် ကွန်ပျူတာပန်းချီနှင့် ပိုစတာပြိုင်ပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီ ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပရာ အထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲဝင် ခုနစ်ဦး၊ ပိုစတာ ၁၀ ဦး၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲဝင် သုံးဦး၊ ပိုစတာကိုးဦး စုစုပေါင်း ၂၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပေးထားသောခေါင်းစဉ်များထဲမှ မိမိနှစ်သက်ရာ ရွေးချယ်ယှဉ်ပြိုင်နိုင်ပြီး အဆိုပါ ပြိုင်ပွဲသို့ ပြည်နယ်အတွင်းရေးမှူး ဦးမျိုးအောင်ဌေး၊ ပြည်နယ်၊ ခရိုင်ရဲမှူးကြီးများ၊ ရဲတပ်ဖွဲ့ဝင်များ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဦးစောမင်းသား(ပြန်/ဆက်)**



# အဂတိလိုက်စားမှု တိုက်ဖျက်ရေး မကွေးမြို့တွင် ဆွေးနွေး

**မကွေး ဇွန် ၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့ ပြည်တော်သာရပ်ကွက် အ-ထ-က(၁) လမ်းရှိ အဆင့်မြင့်မြို့တော်ခန်းမတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးတို့အတွက် ဥပဒေရေးရာ အသိပညာပေးဆွေးနွေးဟောပြောပွဲ အခမ်းအနားအား ဇွန် ၅ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဆွန်ဒုတ်ကျင့်မှ ဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ သမိုင်းကြောင်းနှင့် လက်ရှိဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေမူကြမ်းအားအတည်ပြုခဲ့ပြီး ၂၀၁၃ ခုနှစ် သြဂုတ် ၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၂၃ ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ကာ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ်-၆/၂၀၁၄ ဖြင့် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်အား ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၃ ဦး စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ်-၃၂ ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖြစ် အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်ခဲ့သည်။

သတင်းစာများတွင် အဂတိလိုက်စားမှုများအား တိုင်ကြားနိုင်ကြောင်းကြော်ငြာခဲ့ပြီး တိုင်စာပေါင်း ၂၁၂ စောင်လက်ခံရရှိခဲ့ခြင်းကြောင့် အရေးယူဆောင်ရွက်မှုကော်မတီအနေဖြင့် တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၃ အရ အရေးယူခြင်း ၃၆၂ ဦး၊ ဌာနပြောင်းရွှေ့ခြင်း ၆၉ ဦး၊ အငြိမ်းစားပေးခြင်း ၁၈ ဦး၊ ထောင်ဒဏ်အပြစ်ပေးခြင်း တစ်ဦး စုစုပေါင်း စစ်ဆေးဖော်ထုတ် အပြစ်ပေးဆောင်ရွက်ခဲ့သူ ၄၅၀ ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

**ဇေယျာတု(မကွေး)**

# မဲဆန္ဒရှင်စာရင်းများ ပြည်သူများသိရှိရန် ကြေညာနိုင်ရေးဆောင်ရွက်

**ရေစကြို ဇွန် ၇**

ဇွန် ၅ ရက် နံနက် ၁၀ နာရီက ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တွေ့ဆုံ၍ မဲစာရင်းများ ပြည်သူများသိရှိရန် ကြေညာခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်လွင်က ဇွန် ၈ ရက်မှ ၂၁ ရက်အထိ ရပ်ကွက်နှင့် ကျေးရွာခွဲများအလိုက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ပြည်သူများသိရှိရန်မဲစာရင်းများကို ကြော်ငြာဘုတ်များဖြင့်ကပ်၍ ကြော်ငြာခြင်း၊ အသံချဲ့စက်များဖြင့် ကြေညာခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဗီနိုင်းများဖြင့် အသိပညာပေးဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်စုများအလိုက် ကြီးကြပ်တာဝန်ကျ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မိမိတို့ တာဝန်ကျ ကျေးရွာများအလိုက် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများကလည်း ပြီးပြည့်စုံပြီး မှန်ကန်သည့် မဲစာရင်းများရရှိရေး ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြ ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**ရေစကြိုမြို့နယ်ပြန်/ဆက်**

# မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး မြို့မရဲစခန်းအား ကြည့်ရှုစစ်ဆေး

**နတ်မောက် ဇွန် ၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့မရဲစခန်းရှိ အချုပ်ခန်းများကို မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်နုယဉ်သည် ဇွန် ၃ ရက် နံနက် ၉ နာရီက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့မရဲစခန်းအတွင်းရှိ အချုပ်ခန်းမှ အချုပ်တရားခံများ အချုပ်ခန်းတွင် ဥပဒေနှင့်အညီ ရသင့် ရထိုက်သော အခွင့်အရေးများ ခံစားရခြင်း ရှိ၊ မရှိ၊ သင့်တင့်မျှတသော အစားအစာအာဟာရ စားသုံးရခြင်း ရှိ၊ မရှိ၊ မကျန်းမာပါက ဆေးကုသရန် အခွင့်အရေး ရှိ၊မရှိ၊ အချုပ်သားနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်နေမှု ရှိ၊ မရှိ၊ အမှုစစ်ဆေးရာတွင် ကြန့်ကြာမှု ရှိ၊ မရှိ တို့ကို အချုပ်တရားခံများနှင့်တွေ့ဆုံမေးမြန်းကာ အဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**သန်းနိုင်ဦး(ဖဲ)**

လှိုင်မင်းလတ် စာရင်းကိုင်သင်တန်း Nov Series / 2015
June-13 စမည်။
LCCI, MYOB, IFR

| Level I+II | သင်တန်းချိန် |
| --- | --- |
| Sec(A) Sat+Sun | 7-9 (am) |
| Sec(B) Sat+Sun | 9-11(am) |
| Sec(C) Sun | 11-3(pm) |
| Sec(D) Mon+Tue | 6-8 (pm) |
| Sec(E) Mon to Fri | 12-3(pm) |
| Sec(F) Sat | 11-3(pm) |
| Sec(G) Wed | 11-3(pm) |

| Level III | |
| --- | --- |
| Sec(A) Sat-Sun | 3- 8 pm |
| Sec(B) Wed-to-Sun | 6-8 pm |
| Sec(C) Tue-to-Fri | 9-12 am |

ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ
09 510 9922
0979 510 9922
0997 510 9922
၃၄၊ ၄ လွှာ၊ အင်းစိန်လမ်းမ။ လှည်းတန်း၊ တာဂွတ်(လှည်းတန်းမှတ်တိုင်အနီး) 09 7313 6677

**ထပ်မံဖြည့်စွက်ကြော်ငြာခြင်း**

(၃၁-၃-၂၀၁၅)ရက်ထုတ် ကြေးမုံသတင်းစာ စာ(၈)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(က)၊ မြေကွက်အမှတ် (၁၂၂/ခ) နှင့် စပ်လျဉ်း၍ **အင်းစိန်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ်** (၄၆/၁၄) တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု ဆိုသည့်စာသား ကျန်ရှိခဲ့ပါသဖြင့် ထပ်မံဖြည့်စွက်ကြော်ငြာအပ်ပါသည်။

သွေးသည်အသက်

WEBS
IELTS,
4 Skills,
Business English
> သင်တန်းတစ်ခုပြီးတိုင်း Cambridge တက္ကသိုလ်ကအောင်လက်မှတ် ရရှိမည်။
သင်ကြားသည့်ဆရာ-ဆရာ့နိုင်ငံ သည်
> အင်္ဂလန်ထိပ်တန်းတက္ကသိုလ်များဖြစ်သော The Open University, Cambridge, Business Schools များတွင် သွားရောက်၍ BA English, BSc, CAE, CPE, MBA အစရှိသည့်ဘွဲ့များကို ရယူခဲ့သည်။ အင်္ဂလန်တွင် (၁၀) နှစ်ကြာနေထိုင်ခဲ့သည့်အတွက် အင်္ဂလိပ်စာနှင့် ယဉ်ကျေးမှုကို ကိုယ်တိုင်ထိတွေ့ခဲ့ရသူ။
အင်္ဂလိပ်စာသင်တန်းများ
095151398 လှည်းတန်း။

UK's Top Computing Degree in Yangon
UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက် လျှောက်လွှာခေါ်ယူခြင်း
GUSTO INTERNATIONAL COLLEGE
၁။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင်ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။
၂။ အဆင့်မြင့်ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများအတိုင်း Student - Center Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။
၃။ စာသင်ကာလ၂နှစ်တက်ရောက်ပြီးအောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။
၄။ နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသောနိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
၅။ ၂၀၁၅ ဇူလိုင်လတွင် တန်းခွဲသစ်တစ်ခု ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသူများ အနေဖြင့် ဇွန်လ ၂၉ ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။
* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည်။
မြေအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။
Call Now : 09 862 8806, 09 730 31302, 01 504632

STAR RESOURCES
Internationl Bakery & Pastry Course
ပြည်တွင်း၊ ပြည်ပ ဟိုတယ်ကြီးများနှင့် ကိုယ်ပိုင်ဆိုင်ဖွင့်လှစ်လိုသူများအတွက် နိုင်ငံတကာမုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း



Breads Puff Pudding Eclr Soft Roll
Cakes Danish Jelly Dough Nut Hard Roll
Cookies Croissant Cream Puff Cheese Cake Focaccia
• သင်တန်းဝင်ခွင့်လျှောက်လွှာပိတ်ရက် (15.6.2015)
• လူဦးရေကန့်သတ်ထားပါသည်။
တိုက် (၂၆၇)၊ အခန်း (၂၀၂)၊ ပြည်လမ်း၊ မြေနီကုန်း(ရိုးမဘဏ်အနီး)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
☎ 01- 523 200၊ 230 4020၊ 230 4021၊ 523 623၊ 09 5020 302။ www.star-resourcesacademy.com

# သရက်ဈေးကွက်ပျက် ချဉ်ဖတ်လုပ်ငန်း မထိခိုက်



**အင်းဝ ဇွန် ၇**

ယခုနှစ် သရက်သီးမှည့်ဈေးကွက်မှာ ပျက်သလောက် နည်းနည်းဖြစ်ကာသရက်ခြံ လုပ်ကိုင်သူတိုင်းအရှုံးနှင့်ရင်ဆိုင်နေကြရပြီး တရုတ်ဝယ်လက်ကို အားထားနေသည့် ကာလတွင် မထင်မှတ်ဘဲ ဈေးကွက် ပျက်သည်နှင့် ကြုံတွေ့ခဲ့ရကြောင်းသိရသည်။

ပြီးခဲ့သည့် မေလအတွင်း မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် လေတိုက်ခတ်မှုကြောင့် သရက်ပင်များလဲခြင်း၊ သရက်သီးများစွာ ကြွေကြခြင်းတို့ ဖြစ်ခဲ့သည်။ အထူးသဖြင့် လေကြွေ စိန်တစ်လုံးသရက်များကို မူဆယ်သို့တင်ပို့ရာမှ စတင်ကာ မူလပို့ထားသည့် အသီးကောင်းများပါ ဈေးကွက်ပျက်သွားခဲ့ရသည်။ ယခုကာလတွင် မစောရင်နှင့် ဟသ်ာရာသီဖြစ်ပြီး နောက်ဆွဲသရက် ရင်ကွဲအတွက်ပါ ဈေးနှုန်းပျက်နေကြောင်း သိရသည်။

သရက်သီးမှည့်ဈေးကွက် ပျက်နေသော်လည်း သရက်ကြမ်းသီးများကို အချဉ်ဖတ်ခုတ်သည့်လုပ်ငန်းမှာ ဆက်လက် ရပ်တည်နေသည်။ အင်းဝဒေသတွင် သရက်သီးချဉ်ဖတ်ခုတ်သည့်လုပ်ငန်းကို မေလဆန်းပိုင်းမှ စတင်ပြီး အချဉ်ဖတ်ပြုလုပ်သည့် လုပ်ငန်းရှင်များပြားပြီး ဒေသခံများ အလုပ်အကိုင်ရရှိကြောင်း သိရသည်။သရက်သီးရာသီတွင် သရက်ချဉ်မျှစ်ရာသီတွင် မျှစ်ခုတ်ခြင်းများ ပြုလုပ်ကာ လုပ်ငန်းလည်ပတ်သွားကြသည်။

လက်ရှိကာလ အင်းဝဒေသတွင်ပန်းဆွဲသီးများကို အချဉ်ဖတ်လှီးလျက်ရှိသည်။ သရက်သီးအကြမ်းသီးဖြစ်သော ပန်းဆွဲသီးများကို တင်းချိန်နှင့်ဝယ်ယူခြင်းရှိသလို ကတ္တားနှင့်ချိန်တွယ်ဝယ်ယူသည်လည်းရှိသည်။ တင်းတောင်းနှင့် တစ်တင်းလျှင် ငွေကျပ်လေးထောင် ပေးဝယ်ပြီး ကတ္တားနှင့်ချိန်တွယ်ဝယ်ပါက တစ်ပိဿာလျှင် ငွေကျပ် ၂၅၀ နှုန်းဖြင့် ပေးဝယ်ကြောင်းသိရသည်။ သရက်သီးတစ်ပိဿာ အချဉ်ဖတ်ဒေသအခေါ် သရက်သီးခေါပေါက်ပြုလုပ်ပါက ၅၀ သားရရှိသည်။ သရက်သီးချဉ်ဖတ်လှီးသူများမှာ ရာရေနှင့် လှီးကြပြီး သရက်သီး ၁၀၀ လျှင် ငွေကျပ် ၅၀၀ ရရှိသည်။

သရက်သီးခေါပေါက်လှီးပြီးပါက ရာဝင်စဥ့်အိုးများအတွင်းသွင်းကာ ဒေသအခေါ် ဆားလှော့ဆားစိမ်ခြင်းပြုလုပ်ရသည်။ ဆားလှော့ပြီး တစ်ရက်ခန့်အကြာတွင် သရက်ချဉ်အဝါရောင်သန်းလာပြီး မောင်းဖြင့် ဖိပေးရသည်။ ဒေသအခေါ် မောင်စင်တင်တစ်ညဖိသည်ဟုခေါ်သည်။ မောင်းစင်တင်ပြီးသည်နှင့် သရက်ချဉ်ဖတ် သိပ်နင်းပေးထားကြသည်။ သရက်ချဉ်ဖတ်သိပ် သိုလှောင်ရာတွင် လေလုံအောင်ပြုလုပ်ပြီး သရက်ရာသီးကုန်သည့်အခါမှသာ သရက်ချဉ်ကို ဈေးကွက်အတွင်း ရောင်းချကြသည်။

နှစ်စဉ် ဩဂုတ်နှင့် စက်တင်ဘာလများတွင် ဒေသအနှံ့သို့ ဖြန့်ချိလေ့ရှိသည်။ လက်ရှိကာလတွင် အင်းဝဒေသသရက်ချဉ်ဖတ်ပြုလုပ်သည့် လုပ်ငန်းရှင်များ များပြားသည့်အတွက်ဒေသခံများ အလုပ်အကိုင်မပြတ်ဘဲ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

စားသောက်ဖွယ်ရာများကို သဘာဝနည်းဖြင့် တာရှည်ခံအောင်ပြုလုပ်သည့်လုပ်ငန်းမှာ ရှေးယခင်ကတည်းက ပြုလုပ်လာခဲ့ကြသည်။ အများအားဖြင့် မသိုးထမင်းမသိုးဟင်းပမာ တင်စားခဲ့ဟန်လည်းရှိသည်။ **တိမ်တမန်**

# မကွေးမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**မကွေး ဇွန် ၇**

မကွေးခရိုင် မကွေးမြို့ တောင်တွင်းလမ်းရှိ ကွန်ပျူတာတက္ကသိုလ်ကျောင်းရှေ့တွင် မိုးရာသီ သစ်ပင်စိုက်ပွဲတော်အား ဇွန် ၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ သူနာပြုဆရာ ဆရာမများ၊ ကွန်ပျူတာတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ၊ စုစုပေါင်း ၅၅၀ တို့က မယ်ဇယ်လီ ၁၀၀၊ ယင်းမာ ၁၅၀ ၊ ငုရွှေဝါ ၁၀၅ ပင်၊ စုစုပေါင်း ၅၁၅ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးပွဲတော်နှင့် ပတ်သက်၍ "နည်းပညာတိုးတက်လာတဲ့ ခေတ်ဆိုတော့ Google Maps ကနေ ကြည့်လိုက်ရင် ကျွန်တော်တို့ဒေသမှာ မြစ်ချောင်းတွေ၊ သစ်တော၊ သစ်ပင်တွေရဲ့အခြေအနေကို တွေ့ရမှာပါ။ ဒီလိုပွဲတော်မျိုးမဟုတ်ရင်တောင် သစ်ပင်စိုက်ဖို့လိုနေပြီဆိုတာ မိုးလေဝသအခြေအနေတွေကို ကြည့်ပြီးတော့လည်း သိကြမှာပါ။ မကွေးမှာ မြို့ကွက်သစ်တွေ စတည်တော့ ဝန်ထမ်းတွေ တစ်ယောက် သစ်ပင် ၁၀ ပင်ရှင်အောင်စိုက်ခဲ့ကြလို့ အောင်စေတနာရပ်ကွက်မှာ ဘယ်နေရာကြည့်ကြည့် စိမ်းစိုနေတာကိုတွေ့ရပါတယ်။ ဝန်ထမ်းတွေရော၊ ကျောင်းသားတွေရော၊ အရပ်ဘက်အဖွဲ့အစည်းတွေရော တစ်ယောက်တာဝန် ဘယ်နှစ်ပင်ဆိုပြီး စိုက်ကြမယ်ဆိုရင် ကပ်ဘေးဒုက္ခတွေ၊ တောသူတောင်သားတွေရဲ့ စိုးရိမ်ကြောင့်ကြမှုတွေကို အတိုင်းအတာတစ်ခုထိ ဖြေရှင်းပေးနိုင်မယ်လို့ ထင်ပါတယ်" ဟု ကွန်ပျူတာတက္ကသိုလ်ကျောင်းသားတစ်ဦးမှ သူ၏အမြင်အား ပြောပြသည်။

**ဇေယျာတု(မကွေး)**

# မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေး အသိပညာပေး

**ပန်းတနော် ဇွန် ၇**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့ အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးသန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးဌာန ဦးစီးမှူး ဒေါ်သူဇာမြင့်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေမင်းမျိုးထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်အောင်မြနှင့် မြို့နယ်ဥပဒေအရာရှိ ဦးသန်းငွေတို့က မူးယစ်ဆေးဝါးအကြောင်းသိကောင်းစရာများ၊ မူးယစ်ဆေးဝါးအန္တရာယ်ကြီးမားပုံနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သိသင့်သိထိုက်သည်များကို ပညာပေးဟောပြောခဲ့ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက ဟောပြောပွဲတက်ရောက် ကြသူများကို မူးယစ်ဆေးဝါးအသိပညာပေး လက်ကမ်းစာစောင်များအား အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(၁၆၆)**

UNIQUE STAR TRAVELS & TOURS
ဗန်ကောက်၊ပတ္တရား (6)D Jun: 13, 27 / Jul: 11, 25 / Aug: 8, 22
[ Emerald Buddha, Tiger Zoo, Koh Larn Island, Nong Nooch Garden, Alcaza Show, Dream World, Safari World, Baiyoke Sky Dinner, Cruise Dinner, Ayutthaya ]
(6)D Jun: 13, 27 / Jul: 11, 25 / Aug: 8, 22
ကုမ္ပဏီအသင်းအဖွဲ့များအား အထူးချိုသာသောဈေးနှုန်းဖြင့်ရောင်းချပေးနေပါသည်။
No.(70/A), Kabaaye Pagoda Rd, Bahan Tsp, Yangon. Ph: 860 4964, 860 4965, 860 4966. 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166, 09514 8079

THE BEST SERVICE PROVIDER
GO & GO Travels and Tours Co.,Ltd.
No.11/A, 53th Street, Pazundaung Township, Yangon, Myanmar
Ph & Fax: 95 1 292465, 95 9 5154804, 95 9 252586021, 95 9 261066443
ဇူလိုင်လ ၁၈ နေ့ ထွက်မည် အင်္ဂလန် 10 Ds/ 9 Ns
London - Windsor - Bath - Oxford - York - Newcastle - Edinburgh
ဇူလိုင်လ ၂၅ နေ့ ထွက်မည် ဩစတြေးလျ 10 Ds/ 9 Ns
Brisbane - Goldcoast - Melbourne - Sydney

တကယ်အသုံးတည့်တဲ့လမ်းညွှန်
15Year Anniversary
လမ်းညွှန်စာအုပ်သမိုင်းမှာ ရန်ကုန်-မန္တလေးမြို့နဲ့ အခြားကုန်သွယ်ဘက် မြို့တွေနဲ့ တွဲဖက်ပြီး ပထမဦးဆုံး ထုတ်ဝေတဲ့ လမ်းညွှန်စာအုပ်
ဒီလိုဆန်းသစ်တဲ့စိတ်ကူးနဲ့ မြို့တိုင်းမှာ လမ်းညွှန်စာအုပ် အသုံးပြုနိုင်အောင် ဆောင်ရွက်ခဲ့လို့ အခြားလမ်းညွှန်တွေကတောင် နယ်မြို့တွေအတွက် ထုတ်ဝေလာရတဲ့အထိ အောင်မြင်တဲ့ လမ်းညွှန်စာအုပ်
ဒါကြောင့် တကယ်အသုံးတည့်တဲ့လမ်းညွှန် အဖြစ် လုပ်ငန်းရှင်များနဲ့ သုံးစွဲသူများကြားမှာ ယုံကြည်မှုနဲ့ အောင်မြင်မှုကို ရယူထားနိုင်တဲ့ လမ်းညွှန်စာအုပ်
မြို့ပေါင်း ၁၂၀ ကျော်ထိတိုးချဲ့ ထုတ်ဝေခဲ့လို့ မြန်မာတစ်ပြည်လုံး လုပ်ငန်းရှင်တွေ သိရှိလာပြီး (၁၅)နှစ်တိုင်တိုင် အောင်မြင်စွာ ရပ်တည်နိုင်ခဲ့တဲ့ လမ်းညွှန်စာအုပ်
စီးပွားရေးလုပ်ငန်းလိပ်စာ ၁၂၀,၀၀၀ ကျော်
စီးပွားရေးကြော်ငြာ ၅,၅၀၀ ကျော်
လုပ်ငန်းအမျိုးအစား ၀၀၀ ကျော်
Desktop APP 2015 Now Available
REALLY USEFUL DIRECTORY!
တကယ်အသုံးတည့်တဲ့လမ်းညွှန်
2015 YANGON BUSINESS DIRECTORY
WWW.MYANMARBUSINESSDIRECTORY.COM

# ရပ်ကွက်များ ရေကြီးမှုမှကာကွယ်ရန် မိုးကုတ်အင်းပြန်လည်တူးဖော်

**မိုးကုတ် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးမြင့်သန်းသည် တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှူးနှင့်အဖွဲ့ လိုက်ပါလျက် ဇွန် ၃ ရက်က မိုးကုတ်မြို့သို့ ရောက်ရှိပြီး လုပ်ငန်းများကိုစစ်ဆေးခဲ့သည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော မိုးကုတ်အင်း တူးဖော်ခြင်းလုပ်ငန်းကို စစ်ဆေးရာ တိုင်းဒေသကြီးဆည်မြောင်းဦးစီးဌာနမှူးက ရှင်းလင်းတင်ပြခဲ့သည်။ မိုးကုတ်မြို့နယ်အုပ်ချုပ်ရေးမှူးကလည်း အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့် လုံခြုံရေးပိုင်းဆိုင်ရာတို့ကို ရှင်းလင်းတင်ပြခဲ့သည်။

ဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုပြီး ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများအား မိုးကုတ်မြို့တွင် ယခုအခါ မိုးရွာသွန်းနေပြီဖြစ်၍ မြေကြီးပိုင်းလုပ်ငန်း၌ တွင်ကျယ်စွာ ဆောင်ရွက်ရန် ခက်ခဲကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းများမျက်နှာဖွင့်ကာ ကျောက်ကြီးများကြိုတင်စုဆောင်းခြင်း၊ ကန်တွင်းမှတူးဖော်ခဲ့သောမြေများကို စုပုံ၍ရေစစ်ခြင်း၊ ကျောက်ရောမြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်ရန် ကျောက်ရောမြေမှာ မြို့တွင်းကို ဖြတ်သန်းသယ်ယူရသဖြင့် လမ်းသွားလမ်းလာ ရှင်းလင်းသော ညနေပိုင်းအချိန်မှစ၍ ဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ချိန်တွင် အုပ်ချုပ်ရေးမှူးက ယာဉ်အန္တရာယ်မဖြစ်ရေး၊ ယန္တရားများ၏ လုံခြုံရေးကို စောင့်ရှောက်ပေးရန်တို့ကို အမှာကြားခဲ့သည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဆက်လက်၍ ရွှေနှင်းဆီစိုက်ပျိုးရေးခြံသို့ သွားရောက်ပြီး လက်ဖက်စိုက်ပျိုးရေး ဖြစ်ထွန်းနေမှု၊ မက္ကာဒေးမီးယားနှင့် ယိုးဒယားပိန္နဲပင်များ ဖြစ်ထွန်းအောင်မြင်နေမှုတို့ကို လိုက်လံစစ်ဆေးရာ ခြံမန်နေဂျာက အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။ ဝန်ကြီးက လက်ဖက်ခူးလုပ်သားများ၊ ပေါင်းရှင်းလုပ်သားများနှင့် အထွေထွေလုပ်သားများ၏ လုပ်ခများနှင့် သက်သာချောင်ချိရေးကိစ္စရပ်များကို ခြံမန်နေဂျာအဖွဲ့တို့နှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားခဲ့သည်။ အဆိုပါ ရွှေနှင်းဆီခြံတွင် တစ်ရက်လျှင် လုပ်သား ၁၀၀ မှ ၂၀၀ အထိ ရာသီအလိုက်အသုံးပြုနေကြောင်းသိရသည်။

မိုးကုတ်အင်းကို ပြန်လည်တူးဖော်ရာတွင် ကန်တွင်းသဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်ဖို့ခြင်း၊ ဆင်ခြေလျှောလှိုင်းကာကျောက်ရိုးစီခြင်းနှင့် ကန်ပေါင်ထိပ်ပြင်နှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက အင်းအတွင်း ရေပိုမိုသိုလှောင်နိုင်မည်ဖြစ်ရာ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေခြင်း၊ ကန်ပတ်ဝန်းကျင်ရှိ ရပ်ကွက်များ ရေကြီးမှုဖြစ်ပေါ်ခြင်းအား ကာကွယ်နိုင်မည်ဖြစ်ခြင်းတို့အပြင် မြို့လူထုအပန်းဖြေရာနေရာ တစ်ခုလည်းဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်းသိရသည်။

**သီဟကိုကို**

# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲများ ဘုရားသုံးဆူမြို့ ကျောင်းများ၌ဆောင်ရွက်

**ဘုရားသုံးဆူ ဇွန် ၇**

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇွန် ၆ ရက် နံနက် ၈ နာရီမှစတင်ကာ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ် (၃) အခြေခံပညာမူလတန်းလွန်ကျောင်းများတွင် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဟောပြောပွဲတွင် ဘုရားသုံးဆူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အုန်းမြင့်က လူသားအားလုံး၏အန္တရာယ် ဝိုင်းဝန်းကာကွယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နယ်မြေရဲစခန်းမှ ရဲအုပ်နိုင်မင်းသိန်းက စိတ်ကိုပြောင်းလဲစေတတ်သော မူးယစ်ဆေးဝါးနှင့် မှုခင်းကျဆင်းရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ဆရာဝန် ဒေါက်တာဗညားအိုင်းမွန်မှ မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြသည်။

ယင်းနောက် အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံများခင်းကျင်းပြသခဲ့ပြီးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သုံးဆူ(ပြန်/ဆက်)**

# ပြည်ကြီးတံခွန်မြို့ ရေပေးရေးစနစ် ဖော်ဆောင်ရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းအဖွဲ့မှ ကူညီပံ့ပိုး

**မန္တလေး ဇွန် ၇**

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA)မှ မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ရေရရှိရေးစနစ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးစီမံကိန်းအတွက် ကူညီပံ့ပိုးခြင်းသဘောတူစာချုပ်ချုပ်ဆိုပွဲကို ဇွန် ၃ ရက် ညနေ ၄ နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မန္တလေးမြို့တော်ဝန်က ပြည်ကြီးတံခွန်မြို့နယ် ရေကောင်းရေသန့်ရရှိစေရေးအတွက် ကူညီပံ့ပိုးပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA) Myanmar Office Chief Representative Mr.KEIICHIRO NAKAZAWA တို့က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးမြို့တော်ဝန်နှင့် Mr. NAKAZAWA တို့သည် ပြည်ကြီးတံခွန်မြို့နယ် ရေရရှိရေး အကောင်အထည်ဖော်ရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ အမေရိကန်ဒေါ်လာ ၂၂ သန်း တန်ဖိုးရှိ ဂျပန်ယန်းငွေများ ထောက်ပံ့ခြင်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး စာချုပ်များ လဲလှယ်ခဲ့ကြသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ပြည်ကြီးတံခွန်မြို့နယ်ရှိ ရပ်ကွက်များ ၃၀ ရာခိုင်နှုန်း ရေရရှိရေး ပံ့ပိုးခြင်းဖြစ်ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုအပ်သည်များ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**





## သူရ(၈၁)သူငယ်ချင်းများသို့ဖိတ်ကြားခြင်း

OTS-81 သူရတပ်ခွဲ၏ (၂၄)နှစ်မြောက်သင်တန်းဆင်းနှစ်ပတ်လည်နေ့ကို ၂၁-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်သွားမည်ဖြစ်ပါသည်-

- နံနက် ၁၀နာရီ ရေစက်ချ တရားတော်နာခြင်း။

နံနက်၁၀း၃၀နာရီ သံဃာအပါး(၁၈၀)ခန့်အား နေ့ဆွမ်းကပ်ခြင်း၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (စွယ်တော်ဘုရားရှေ့၊ ဝင်ပေါက် ၃/၄မှဝင်ရန်) (ဇနီး၊ မိသားစုဝင်များနှင့်အတူ နံနက်၉း၃၀နာရီ ကြွရောက်ကြပါရန်။)

- ညစာစားပွဲနှင့် ဆရာကန်တော့ပွဲကို ညနေ၆း၀၀နာရီ-၉း၀၀နာရီ ပန်ဒါစားသောက်ဆိုင် (ဝါးတန်းလမ်း၊ ရန်ကုန်)

ဖုန်း-၀၉-၂၅၂၁၈၁၅၊ ၀၉-၇၉၅၃၀၇၄၂၈၊ ၀၉-၂၅၄၀၅၃၃၄၀၊ ၀၉-၅၀၂၂၁၄၂၊ ၀၉-၅၁၃၄၂၁၈၊ ၀၉-၅၀၁၃၄၈၈

http://ots-81thura.webs.com



## Excellent Myanmar International Private School

**Job Opportunity**
**Working Period : June 2015 to Feb 2016 (extendable)**

- English Language Instructors (Weekend only)
- Pre School Teachers
- IT Teachers
- Assistant Teachers

- Any Graduate
- Good English Language Skill
- Must be patient, intuitive and good-hearted

- ကလေးထိန်း (မ) ၅ ဦး
- သန့်ရှင်းရေးဝန်ထမ်း (မ) ၅ ဦး

အောက်ပါလိပ်စာသို့ ကြော်ငြာပါသည့်နေ့မှ(၁)ပတ်အတွင်းလျှောက်ထားရန်။
(15-D),Padonmar street (Near Russia Embassy)
Dagon township, Yangon. Ph:01252148, 09254200234.



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အဆောက်အအုံပြုပြင်ထိန်းသိမ်းရေး ဖြည့်စွက်လုပ်ငန်းများ (မြို့ပြ/ရေသန့်)ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါ၍ မြန်မာ နိုင်ငံသား လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၀၁၂၈နှင့် ၀၉-၅၁၃၆၇၁၀သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က)ရောင်းချမည့်နေ့ရက် - ၁၁-၆-၂၀၁၅ရက်
(ခ)တင်ဒါပိတ်မည့်ရက်၊ အချိန် - ၂-၇-၂၀၁၅ရက်၊ မွန်းတည့်၁၂နာရီ
(ဂ)ရောင်းချမည့်နေရာ - ဆေးသုတေသနဦးစီးဌာန၊ အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါစိစစ်ရွေးချယ်ရေးနှင့် လုပ်ငန်းကြီးကြပ်စစ်ဆေးရေးအဖွဲ့



မူး ယစ် ဆန့် ကျင် အောင် ပွဲ ဆင်



## PERTAMINA LUBRICANTS

### ဖြန့်ဖြူးရောင်းချရန်အတွက် အရောင်းကိုယ်စားလှယ်ရှာဖွေခြင်း

မြန်မာပြည်တွင်းရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး(ရန်ကုန်နှင့် မွန်ပြည်နယ်မှအပ)တွင် PERTAMINA LUBRICANTS ဖြန့်ဖြူးရောင်းချရန်အတွက် စိတ်ပါဝင်စားသူများ အောက်ပါအချက်အလက်များကို ပြည့်စုံစွာဖြည့်ပြီး ၃၀-၆-၂၀၁၅ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ပေးပို့ရပါမည်။

မှတ်ချက်။ ။ ပြည်နယ်နှင့်တိုင်းဒေသကြီး တစ်ခုစီအတွက် ကိုယ်စားလှယ်တစ်ဦးစီသာပေးမည်။

အသေးစိတ်သိလိုသည်များကို Tel: 09-73019900, 01-653021 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(၁)အမည်၊ (၂)မှတ်ပုံတင်အမှတ်၊ (၃)နေရပ်လိပ်စာ၊ (၄)လုပ်ငန်းအမျိုးအစား (လုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များ)

လိပ်စာ-အမှတ်(၈၂-A)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။





– ကျန်းမာရေးဆောင်းပါး –

# သတိပြုဖွယ် အများသုံး သန့်စင်ခန်း အန္တရာယ်

**à ပေါက်ပေါက်**

၂၀၁၄ ခုနှစ်က မြို့နယ်ပေါင်း ၁၆ ခုမှာ စစ်တမ်းကောက်ယူခဲ့ရာ တောင်တန်းဒေသ၊ မြေပြန့်ဒေသနှင့် ကမ်းရိုးတန်းဒေသများ၌ အိမ်သာအသုံး မပြုဘဲ အပြင်၌ စွန့်ပစ်သူဦးရေမှာ ၁၃ ဒသမ ၉ ရာခိုင်နှုန်းကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနမှ သတင်းရရှိပါတယ်။ အိမ်သာအသုံးမပြုဘဲ အပြင်မှာ ကြုံသလိုစွန့်ပစ်ခြင်းက ဝမ်းပျက်ဝမ်းလျှောကဲ့သို့သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ဖြစ်စေနိုင်ပါ တယ်။ ဒါကြောင့် ယင်လုံအိမ်သာဆောက် လုပ်ပါ၊ လက်ဆေးပါ ဟူ၍ ကျန်းမာရေးဝန်ကြီးဌာနက အမြဲသတိပေးလှုံ့ဆော်ပေးနေရပါတယ်။

ယခုအခါ ဝမ်းပျက်ဝမ်းလျှော ရောဂါမှ ကာကွယ်နိုင်ရန် ကျန်းမာရေးနဲ့ ညီညွတ်သော၊ လုံခြုံစိတ်ချရသော၊ ဘေးကင်းစိတ်ချရသော သောက်သုံးရေရရှိရေးစီမံချက်နှင့် လူထုဦးဆောင်သော အလုံးစုံ (အိမ်သာ၊ ရေ၊ ပတ်ဝန်းကျင်) သန့်ရှင်းရေးစီမံချက်များကို ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ်မှာ အိမ်သာအသုံးမပြုသူဦးရေကို လက်ရှိ ၁၃ ရာခိုင်နှုန်းကျော်မှ ၈ ရာခိုင်နှုန်း အောက်သို့လျှော့ချသွားမည်ဟုလည်း ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနမှ သတင်းရရှိပါတယ်။



ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် သာမက၊ လူနေမှုအဆင့်အတန်း မြင့်သည့်အနေဖြင့် ဘုရားကျောင်းကန်များ၊ အဝေးပြေးကားဂိတ်များရှိ အများသုံးသန့် စင်ခန်းတွေကို ဘိုထိုင်အိမ်သာများဖြင့် တာဝန်ရှိသူများမှ စီစဉ်ပေးလျက်ရှိပါတယ်။ အများသုံး သန့်စင်ခန်းဆိုတဲ့ အတိုင်းပါပဲ မတူညီတဲ့နေရာ ပတ်ဝန်းကျင်အသီးသီးက ကွဲပြားခြားနားတဲ့ ဓလေ့စရိုက်စုံသူတွေ လာရောက်၍ အခင်းကြီး၊ အခင်းငယ်တို့ စွန့်ပစ်ကြတဲ့အခါ ပင်ကိုယ်ဗီဇ အသန့်ကြိုက်လွန်းသူများနှင့် ဇီဇာကြောင်လွန်းသူများအဖို့ ကြီးစွာ စိတ်ဒုက္ခရောက်ကြရပါတယ်။

အဲဒီလို ပရမ်းပတာ အသုံးပြုသူများကြောင့် အများသုံးသန့်စင်ခန်းတွေကို ကျန်းမာရေး ရှုဒေါင့်က ကြည့်မယ်ဆိုရင် ရိုးရိုးဆောင့်ကြောင့်ထိုင်ရသောသန့် စင်ခန်းများနှင့် နှိုင်းယှဉ်ကြည့်ပါက ဘိုထိုင်ခုံ(ခေါ်)သက်သောင့်သက်သာထိုင်၍ သုံးရသော အိမ်သာထိုင်ခုံတွေဟာ လွန်စွာမှ သန့်ရှင်းမှုအားနည်းနေတာကို တွေ့ရပါတယ်။

**ဥပမာအားဖြင့်**

(က) မိမိရှေ့က သုံးသွားသောသူ၏ ဘိုထိုင်ခုံပေါ်မှ ကိုယ်ငွေ့ အပူဓာတ်

(ခ) ထိုင်ခုံပေါ်တွင် ကျန်ရစ်ခဲ့သော အကြွင်းအကျန် အညစ်အကြေးများ(သို့) ဆီးစက်အချို့

(ဂ) ထိုင်ခုံပေါ်မှာ ထိုသူသုံးသွားသော ရေအဖိတ်အစင်များ

(ဃ) ဘိုထိုင်အိမ်သာကို(လုံးဝ) မသုံးဖူးသူက ဖိနပ်ဖြင့် တက်ထိုင်ခဲ့သည့် ရွှံ့၊ သဲ၊ အမှိုက်သရိုက် အစအနများ

စသည့် ပြဿနာတို့ကို လူဦးရေထူထပ်သော ဘုရားကျောင်းကန်၊ ရုပ်ရှင်ရုံနှင့် အဝေးပြေးလမ်းပေါ်ရှိ သန့်စင်ခန်းများမှာ မြင်တွေ့ရပါတယ်။

ဖော်ပြပါ အဖြစ်မျိုးနှင့် ကြုံလာတဲ့အခါ အောက်ပါနည်းလမ်းလေးများ သုံး၍ဖြေရှင်းကြည့်စေလိုပါတယ်။

(၁) ဦးစွာ သန့်စင်ရေပိုက်ခေါင်းဖြင့် ဘိုထိုင်ခုံပေါ်ကို ရေဖြန်းပြီးနောက်၊ တစ်ရှူးသုံး၍ ၎င်းရေများကိုသုတ်ပါ။

(၂) ဘိုထိုင်ခုံပေါ် ဆိုးဆိုးရွားရွား ညစ်မပေသော်ငြား၊ တကိုယ်ရေ သန့်ရှင်းမှုအတွက် မိမိဖာသာ ကျန်းမာရေးအသိဖြင့် ထိုင်ခုံပေါ် တစ်ရှူးအပြည့်ခင်းပြီးမှ သုံးပေးပါ။

(၃) မည်မျှလောက်ပင် သန့်ရှင်းမှုညံ့ဖျင်းတဲ့ မိလ္လာခုံဖြစ်ပါစေ ယင်းထိုင်ခုံပေါ်သို့ တကိုယ်လုံး ဆောင့်ကြောင့် တက်ထိုင်၍ မသုံးပါနှင့်။ ထိုသို့ တက်ထိုင်လိုက်တဲ့အခါ မိမိကိုယ်ကို မထိန်းနိုင်ဘဲ အရှေ့ဘက်သို့ ဦးခေါင်း ငိုက်စိုက်ပြုတ်ကျခြင်း သို့မဟုတ် ဘိုထိုင်ခေါ်ပေါ်ရှိ ဆီးစက်နှင့် ရေစက်အကြွင်းအကျန်များပေါ် ခြေချော်၍ ကျခြင်း သို့မဟုတ် မိလ္လာကြွေခုံက လူတစ်ကိုယ်လုံးကို မထမ်းနိုင်တော့ဘဲ ထိုင်ခုံကျိုးကျသွားတဲ့အခါ ထိုကြွေအပိုင်းအစ အချွန်အတက်များက မိမိခန္ဓာကိုယ် အောက်ပိုင်းကို မတော်တဆ ထိုးပေါက်ကွဲရှပြီး ဒဏ်ရာရသွားစေနိုင်ပါတယ်။

သို့ပါ၍ ကိုယ်ချင်းစာနာစိတ်ကလေးထား၍ သန့်ရှင်းမှုဖြင့် ကူညီကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။



**၂၀၁၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်သစ်တောဦးစီးဌာနမှကြီးမှူး၍ ဇွန် ၅ ရက် နံနက်က သံဖြူဇရပ်မြို့နယ် ဝါခရူကျေးရွာ မြို့ဟောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသား၊ ကျောင်းသူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်စသည့် သစ်မာအုပ်စုဝင် သစ်ပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။** သတင်းနှင့်ဓာတ်ပုံ- ကျော်ဝင်း(ပြန်/ဆက်)

## မိုးရာသီ ဘဏ်ချေးငွေ ကျပ် ၄၁၇ သိန်း သူဌေးကုန်း ကျေးရွာတွင်ထုတ်ချေး

**မိုးကောင်း ဇွန် ၆**

မိုးကောင်းမြို့နယ် သူဌေးကုန်းကျေးရွာရှိ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇) ရရှိပြီးသည့် တောင်သူလယ်သမား ၆၁ ဦးသို့ ၂၀၁၅ ခုနှစ် မိုးရာသီဘဏ်ချေးငွေ ကျပ် ၄၁၇ သိန်းကို ဇွန် ၅ ရက်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဦးမျိုးတင့်က ထုတ်ပေးခဲ့ကြောင်း သိရသည်။

ကျန်ရှိနေသည့် ကျေးရွာအုပ်စုများသို့ မိုးရာသီစိုက်ပျိုးစရိတ် အချိန်မီ ထုတ်ချေးပေးနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်ဦး**

**CONGRATULATIONS !**

We are warmly congratulate to Bangkok Bank on the successful opening in the golden land of Myanmar.
Wishing your bank with success and prosperity.
Your presence be beneficial to our golden land.

CGM Quality
healthy happy life



ကြော်ငြာ

# အထူးလှိုက်လှဲဝမ်းသာစွာ ဂုဏ်ပြုခြင်း

MLRC

ဘဝ၏ သက်တမ်းတစ်လျှောက်လုံး နိုင်ငံ၏ ပညာရေးအကျိုးကို မေတ္တာ၊ စေတနာ၊ သဒ္ဓါရေစက်ပြည့်ဝစွာ ပြဋ္ဌာန်းလျက် စိတ်ရောကိုယ်ပါ စွမ်းဆောင်သယ်ပိုးခဲ့သည့်အတွက် ဆရာကြီး ဦးသန်းဦးအား ၂၀၁၅ နှစ်သစ်ဆန်း (၈-၁-၂၀၁၅)တွင် ရန်ကုန်တက္ကသိုလ်က **"ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့" Doctor of Letters (Honoris Causa)**အပ်နှင်း ချီးမြှင့်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အဆင့်ဆင့်တွင် အစဉ်တစိုက် ဦးဆောင်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံ၏ ပညာရေးခေါင်းဆောင် **(Educational Leader)**တစ်ဦးအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်မှုများကို အသိအမှတ်ပြု ဂုဏ်ပြုသောအားဖြင့် အမေရိကန်ပြည်ထောင်စု၊ ဟာဝိုင်ရီတက္ကသိုလ်က (၁၆-၅-၂၀၁၅)တွင် ကျင်းပသော (၁၀၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် **The Highest Award of Hawaii University** ဖြစ်သော **Doctor of Humane Letters (Honoris Causa)အမြင့်ဆုံး ဂုဏ်ထူးဆောင် လူထုအကျိုးပြုစာပေပါရဂူဘွဲ့**ကို ထိုက်တန်စွာ ချီးမြှင့်ခံရခြင်းအတွက် ဒေါက်တာဦးသန်းဦးအား အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ဆတက်ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

**မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာန**
**EXCEL နှင့် NFPE မိသားစုများ**




ရှေ့ပြေးပွဲမြန်မာ U-23 အတွက် SILKAIR
(တတိယနေရာ+ဗိုလ်လုပွဲ) ကြည့်ခွင့် JUNE-14~17 S-890
အပါအဝင်စင်ကာပူ MEGA SALES ဈေးဝယ်မယ်
နေရာစုံလဲ ပို့ပေးမယ် တိုးဒီနဲ့ GO ပြီ
၁၀၉၊ ပထပ်၊စဉ့်အိုးတန်းလမ်း၊ လသာ ။ ဖုန်း- ၃၇၈၅၀၃၊ ၃၇၈၁၂၇
၂၅၀ ၇၃၄၊ ၀၉-၅၁၅ ၀၁၉၅၊ ၀၉-၅၁၄ ၅၅၃၉၊ ၀၉-၇၃၂ ၁၇၄၅၇



အမှတ်စဉ် ၉၁၆
ဈေးကွက် ဂျာနယ်
အပတ်စဉ် တနင်္လာနေ့တိုင်း
အာရှရာစုနှစ်တွင် ဝင်ကာပူသည် နမူနာလော
SPECIAL REPORT
■ လယ်ယာဥယျာဉ်မြေများ ရောင်းချတော့မည်ဆိုလျှင်
■ လူ့အခွင့်အရေးအတွက် အစောဆုံး တိုက်ပွဲဝင်ခဲ့သူအမျိုးသမီး
■ အီးယူပိတ်ဆို့မှုကြောင့် တရားမဝင်ငါးဖမ်းလုပ်ငန်းကို အထောက်အကူပြုနေသလား
■ ထောင်သုံးလယ်သမားတို့ တတိယဂျက်ဖော်ပြီးခဲ့ကြပြီ...
■ သီရိလင်္ကာရဲ့ ၁၆ဝ အမျိုးအတွေ့
■ ဒိုင်တီးနည်းပညာနဲ့ ကမ္ဘာ့ရွာကိုကြည့်ခြင်း
■ ရှူးဖြောင်းသူများနှင့် စိတ်လျှော်၍...
■ ဂျိုပ်ပြည်နယ် စီးပွားရေးမှု တိုးတက်ဖို့ဆိုလျှင်...
အိမ် ခြံ မြေ တိုက်ခန်း ကွန်ဒို စက်မှုဇုန် ရောင်း ဝယ် ငှား
ဈေးနှုန်း သတင်း အချက်အလက်များ ပြည့်စုံစွာ...


## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်မျိုးလွင်[၅/အရတ(နိုင်)၁၀၈၃၄၄] ကိုင်ဆောင်သည့် ပတ်စ်ပို့နံပါတ် MA-444648 စာအုပ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ က ဆက်သွယ်ပေးပါရန်။
**Ph: 09-262635452**

## ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အလက( ၂) တတိယတန်း(က)မှ မဖူးဖူးမောင်၏ ဖခင်အမည်မှန်မှာ ဦးသီဟလှိုင်[၁၂/ရကန(နိုင်)၀၇၀၂၄၂] ဖြစ်ပါသည်။
ဦးသီဟလှိုင်

## ပျောက်ဆုံးကြောင်း

ကျွန်တော် ရဲမျိုးထွန်း [၇/နတလ(နိုင်)၁၀၆၈၁၁]၏ နိုင်ငံကူးလက်မှတ် MA -357942 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၀၉၁၈၃၀၀




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန
## သူနာပြုတက္ကသိုလ်၊ ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သူနာပြုတက္ကသိုလ်၊ ရန်ကုန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ အကြီးစားမွမ်းမံခြင်းလုပ်ငန်းများအတွက် တရားဝင်အသိအမှတ်ပြု (လိုင်စင်ရအဖွဲ့အစည်း/ကုမ္ပဏီများ)မှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ တင်ဒါခေါ်ယူမည့်လုပ်ငန်းများ

| စဉ် | တက္ကသိုလ်၏ လုပ်ငန်းများ |
|---|---|
| ၁။ | တိုးချဲ့ဝင်းအဆောင် ရေပေးဝေမှုစနစ်ပြန်လည်ပြုပြင်ခြင်း |
| ၂။ | ပင်မဆောင်ရေရရှိရေးပြန်လည်ပြုပြင်ခြင်း |
| ၃။ | ပင်မကျောင်းဝင်းအတွင်းမှ အရာရှိ၏ရိပ်သာသို့ သွားသောလမ်းကို လူကူးစင်္ကြံစတီးဖြင့် (အလျား ၂၉၀'×အနံ၆'×လက်ခံအမြင့် ၇. ၅') အရောင်ပါသွပ်အမိုးပြုလုပ်ခြင်း |
| ၄။ | တိုးချဲ့စားသောက်ဆိုင် ရေရရှိရေး(၄")အဝီစိရေစက်တပ်ဆင်ခြင်းနှင့် တွင်းတူးခြင်း |
| ၅။ | တိုးချဲ့စားသောက်ဆိုင်အတွက် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သို့ လျှပ်စစ်ပါဝါလျှောက်ထားခြင်းနှင့် မိန်းလိုင်းကြိုးတပ်ဆင်ခြင်း |
| ၆။ | ပင်မမိလ္လာကန်တူးဖော်ခြင်းနှင့် ပိုက်လိုင်းဆက်သွယ်ခြင်း |
| ၇။ | ပင်မဝန်ထမ်းအိမ်ရာ(၈)ခန်းတွဲ(၄)ထပ်ဆောင်၌ Transformer နှင့် မီတာတပ်ဆင်ခြင်း |
| ၈။ | တိုးချဲ့ဝင်း အဆောင်နှင့် ဝန်ထမ်းအိမ်ရာများ၌ အသုံးပြုရန်အတွက် ရေရရှိရေးဆောင်ရွက်ခြင်း |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၅-၆-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက် - ၃-၇-၂၀၁၅ရက်၊ ၁၂:၀၀နာရီ

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း ဖုန်း-၂၂၂၈၈၃၊ ၂၂၂၈၈၄၊ ၂၂၂၈၈၅တို့သို့လည်းကောင်းစုံစမ်းမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

## သွေးသည်အသက်

## ပျောက်ဆုံးကြောင်း

ကျွန်တော် တင်ဇော်မင်း[၇/နတလ(နိုင်)၁၀၆၈၉၁]၏ နိုင်ငံကူးလက်မှတ် KT 403212သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၃၃၈၀၉၂


၂၀၁၅ ပညာသင်နှစ်မှာ အဝေးသင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်လိုသူတိုင်းအတွက် .........
တက္ကသိုလ်သင်ကြားမှုအတွေ့အကြုံရင့်ကျက်သော ဆရာကြီး၊ ဆရာမကြီးများ လမ်းညွှန်သင်ကြားပေးနေသည့် .........
မဟာ
အဝေးသင်တက္ကသိုလ်သင်တန်း
လစဉ်တန်းခွဲသစ်များ ဖွင့်လှစ် သင်ကြားပေးနေပါသည်။
အမှတ် (၁၁)A၊ မြေညီထပ်၊ လှည်းတန်း ၁ လမ်း၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၁- ၅၀၄၈၆၁ ၊ ၀၁- ၅၀၄၃၆၀ ၊ ၀၁-၂၃၀၄၃၅၄၊
၀၉ ၄၃၁၆၈၁၃၅ ၊ ၀၉ ၂၅၂၀၃၀၃၁၆

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပထမနေရာမှ (၃)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့ပြီး
နိုင်ငံတော်သမ္မတ၏ **"အထူးဂုဏ်ထူးဆောင် နိုင်ငံ့ဝွမ်းဆောင်ရည်ဆု"**
(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်–ပထမဆု)
ချီးမြှင့်ခြင်းခံရသော **"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အတွက်
အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၁–၂၀၁၂ ခုနှစ် (နိုင်ငံတော်အတွက် အခွန်ငွေကျပ်သန်းပေါင်း ၆,၀၁၅.၃၉၇ သန်း)
၂၀၁၂–၂၀၁၃ ခုနှစ် (နိုင်ငံတော်အတွက် အခွန်ငွေကျပ်သန်းပေါင်း ၁၀,၈၂၇.၇၀ သန်း)
၂၀၁၃–၂၀၁၄ ခုနှစ် (နိုင်ငံတော်အတွက် အခွန်ငွေကျပ်သန်းပေါင်း ၁၇,၀၁၀.၃၇ သန်း)

တို့ဖြင့် ပထမနေရာမှ ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့သော
**"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အတွက်
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီးတို့တွင်
ဆတက်ထမ်းပိုးတိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဒေါက်တာအောင်ကျော်ဝင်း+ဒေါက်တာသက်သက်ခိုင်
ရွှေနန်းတော် စိန်ရွှေရတနာဆိုင်
68 Residence
Forever Gems by ရွှေနန်းတော်
Jewel Collection Manufacturing Co., Ltd

# ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်နှင့်ပြည်သူအတွက် ၂၀၁၀ခုနှစ်နောက်ပိုင်း ကျပ်သန်းပေါင်း ၆၄,၀၀၀ကျော်(၆၄ဘီလီယံကျော်)လှူဒါန်းခဲ့ပြီး
နိုင်ငံတော်သမ္မတ၏ **"နိုင်ငံ့ဝွမ်းဆောင်ရည်ဆု"**
(နိုင်ငံတော်နှင့်ပြည်သူအတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု) ချီးမြှင့်ခြင်းခံရသော
**"အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"** အတွက်
အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

- နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်သည့် နေရာဒေသမရွေး ထိပ်ဆုံးမှပါဝင်လှူဒါန်းခြင်း။
- နိုင်ငံရပ်ခြားတွင် အခက်အခဲအမျိုးမျိုးဖြင့် ရင်ဆိုင်ကြုံတွေ့နေရသောမြန်မာနိုင်ငံသားများ အမိမြေသို့ လေယာဉ်ဖြင့်အခမဲ့သယ်ယူပို့ဆောင်ရာတွင် မလေးရှားနိုင်ငံမှ မြန်မာဦးရေ ၃၀၀၀–ကျော်၊ India Port Blair မှ ရေလုပ်သားမြန်မာဦးရေ ၂၇၀–ကျော်၊ Indonesia ဘန်ဂျီနာကျွန်းမှလူကုန်ကူးခံရသောမြန်မာဦးရေ ၅၀၀–ကျော်တို့အား အခမဲ့လေယာဉ်ဖြင့် အမိမြေသို့ပို့ဆောင်ပေးခြင်း။
- ခေတ်အဆက်ဆက် သန့်ရှင်းသော သောက်သုံးရေလုံလောက်မှုမရှိသော ရှမ်းပြည်တောင်ပိုင်း ဘော်ဆိုင်း၊ ဟဲဟိုး၊ တောင်ကြီး၊ အောင်ပန်း၊ ကလော၊ ပင်းတယ၊ ဟိုပုံး၊ နမ့်စန်ဒေသများအား စက်ရေတွင်းများတူးဖော်ပေးခြင်း၊ အိမ်တိုင်ရာရောက်ရေသွယ်တန်းပေးခြင်း။
- ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားကစားနှင့် ကဏ္ဍအသီးသီးတို့အတွက် ၂၀၁၀ခုနှစ် နောက်ပိုင်း ငွေကျပ်သန်းပေါင်း ၆၄,၀၀၀ကျော်(၆၄ဘီလီယံကျော်)လှူဒါန်းခဲ့သော **"အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"** အား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဒေါက်တာအောင်ကျော်ဝင်း+ဒေါက်တာသက်သက်ခိုင်
ရွှေနန်းတော် စိန်ရွှေရတနာဆိုင်
68 Residence
Forever Gems by ရွှေနန်းတော်
Jewel Collection Manufacturing Co., Ltd

# မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ဦးအေးချစ်[လ/ထညွှန်ကြားရေးမှူး(ငြိမ်း) န. တ. လ ဦးစီးဌာန]-
ဒေါ်လှလှမြင့်[လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း) ဗဟိုစာရင်းအင်းအဖွဲ့]တို့၏ တစ်ဦးတည်းသော သားရတနာ
မောင်ရန်နိုင်ချစ်
Institute of Marine Technology CD-29, B.A(English) First Mate (F.G),
Chief Officer (YAN TAI FUHAI Shipping, H.S.W Co.,Ltd)
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဗိုလ်ကြီးဝင်းဇော်) တေဇ(၉) -ဒေါ်ဥမ္မာဝင်းတို့၏ သမီးဦးရတနာ
မယုမွန်ဝင်းဇော်
B.Com(Hons:), M.Com(Y.I.E) Accountant, Asia World Co.,Ltd

တို့၏ ၂-၅-၂၀၁၅ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြန်မာ့သစ်လုပ်ငန်းကွပ်ကဲရေးရုံးခန်းမဆောင်၌ ပြုလုပ်သော စေ့စပ်ကြောင်းလမ်းမင်္ဂလာပွဲနှင့် ၃၀-၅-၂၀၁၅ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြန်မာ့သစ်လုပ်ငန်းဓမ္မာရုံ၌ ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသူများအားလည်းကောင်း၊ ၁၁-၅-၂၀၁၅ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးလှအေးနှင့် အသိသက်သေများအား လည်းကောင်း၊ ၆-၆-၂၀၁၅ရက်တွင် ရန်ကုန်မြို့ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော Captain ဦးတိုးဝေဝင်း (Managing Director,Fairway Maritime Services Co., Ltd) နှင့်ဇနီးဒေါ်ဟန်သီမြင့်၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးစိုင်းလူထွေး (General Manager, Timber Department, Asia World Co.,Ltd)နှင့် ဇနီးဒေါ်နန်းသန်းညွန့်ဝေ (Wai and Wai စိန်ရွှေရတနာရောင်းဝယ်ရေးနှင့် အလှပြုပြင်ရေးဆိုင်) တို့အားလည်းကောင်း၊ မင်္ဂလာ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် စိမ်းမို့မို့နှင့် The Aces တေးဂီတအဖွဲ့အားလည်းကောင်း၊ Pre-Wedding Photo ရိုက်ကူးပေးပါသော Forever Photo Studio အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးပေးပါသော မိတ်ကပ်ကိုဝင်းမြင့်နှင့်အဖွဲ့အားလည်းကောင်း၊ မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးပါသော ဓာတ်ပုံမိုးကိုဦးနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကြဲဖြန့် ပေးပါသော မမျိုးမဇင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကလပ် ကိုင်ဆောင်ပေးပါသော မခင်ရတနာကျော်၊ မင်္ဂလာလက်ထပ်လက်စွပ် ဗန်းကိုင်ဆောင်ပေးပါသော မလဲ့မွန်ဝင်းဇော်တို့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ မောင်သီဟအောင်နှင့် မောင်ကောင်း မြတ်ကျော်၊ မင်္ဂလာသတို့သမီးအရံမကေခိုင်ထွန်းနှင့် မနန်းမွန်းခမ်းတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့် ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဌာနဆိုင်ရာများမှပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ယုဇန ဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ယင်းနေ့ညတွင် ‘ရွှေဘဲ’ စားတော်ဆက် (ဆရာစံ)၌ ပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသူများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်ဆွေမျိုးများ၊ မိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးဥပကာရ တင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်ရန်နိုင်ချစ်-မယုမွန်ဝင်းဇော်

---

မြန်မာနိုင်ငံ၏ အောင်မြင်မှုအရှိဆုံး ပုဂ္ဂလိကတက္ကသိုလ်

## Victoria University College

‘တက္ကသိုလ်ဝင်စာမေးပွဲအောင်ကျောင်းသား၊ ကျောင်းသူများအားလှိုက်လှဲစွာကြိုဆိုပါသည်’

- Engineering
- Business
- Computer Science
- Medical Study (HND to MBBS)

အထက်ဖော်ပြပါဘာသာရပ်များအနက် မိမိစိတ်အားထက်သန်ဆုံးဘာသာရပ်ကိုရွေးချယ်လျှောက်ထားနိုင်ပါပြီ။

တက္ကသိုလ်ဝင်အမှတ်စာရင်းမလိုပါ။ ဝါသနာနှင့်ကြိုးစားအားထုတ်ရန်သာလိုပါသည်။

ကျောင်းသားရေးရာဌာန –
အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၅၄၁၃၈၉၊ ၅၄၁၅၅၀၊ ၅၄၉၅၁၅၊ ၅၅၆၃၈၉၊ ၀၉၂၅၉၂၇၁၀၉၄၊ ၀၉၂၆၃၀၃၆၀၄၄၊ ၀၉၂၅၄၅၇၄၇၃၈။

---

## “မင်္ဂလာဦး ဆုမွန်လွှာ”

အနန္တငါးပါးအား ထာဝစဉ်ဦးထိပ်ထား၍ အဘိုး၊ အဘွား၊ မိဘနှင့် မိသားစုအပေါ် သိတတ်နားလည်တတ်ကြ သော **သား – ကိုရန်နိုင်ချစ် နှင့် သမီး – မယုမွန်ဝင်းဇော်** တို့၏ မင်္ဂလာဦးရက်မြတ်မှသည် မင်္ဂလာချစ်သက် နှစ်တစ်ရာကျော်တိုင်အောင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပြီး အမျိုး၊ ဘာသာ၊ သာသနာ နှင့် မိသားစုများအကျိုးကို ထာဝစဉ်ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**နှစ်ဖက်သောမိဘများ – ဦးအေးချစ် + ဒေါ်လှလှမြင့်**
**– ဒေါ်ဥမ္မာဝင်း**

---

## “မင်္ဂလာဦး ဆုမွန်လွှာ”

**အစ်ကို ကိုရန်နိုင်ချစ် + မမ မယုမွန်ဝင်းဇော်**
(၆-၆-၂၀၁၅) နေ့တွင် ကျင်းပသော
တစ်သက် တစ်မင်္ဂလာ ရက်မြတ်ဖြာမှ
နှစ်သက်တစ်ရာ ပျော်ရွှင်စွာဖြင့်
ကြင်နာဆတိုး မြေကျရိုးထိ
ပေါင်းကြစေကြောင်း ဆုမွန်တောင်းသည်
ယနေ့မှစ နှစ်တစ်ရာ
ကောင်းခြင်းအဖြာဖြာ လွှမ်းပါစေ။
ရတုအခါခါ တိုင်ပါစေ။

**ညီမလေး – လဲ့မွန်ဝင်းဇော်** ( Yangon Airport Group )
**မောင်လေး – ညီညီဝင်းဇော်** ( Second Mate (F.G) NYK LINE )

---

**၁၀ တန်းအောင်မြင်လိုသူများ အမြန်ဆက်သွယ်ပါ**

**W7 ပညာရှာ** အဆင့်မြင့်ဘော်ဒါ နှင့် စာသင်စာကျက်ဝိုင်း

**Lecture** (၆) ဦး
**Guide** (၁၀) ဦး
ဖြင့် စနစ်တကျ ကြီးကြပ် သင်ကြားပေးပါသည်။

**Repeater** (၁၅) ဦးသာ လက်ခံမည်။

အမှတ် ၇၇၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၀၅၅၄၁၂၊ ၀၉-၇၃၁၂၆၄၆၆၊ ၀၁-၅၁၀၃၆၇၊ ၀၁-၅၁၀၆၁၇

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂အိုင်၊ မြေကွက်အမှတ်-ပဥ္စမတန်းစား(၂၂)၊ မြေကွက်တည်နေရာအမှတ်(၇၂)၊ မန္တလေးလမ်း၊ ကန်/ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (မပု) အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် မပု(ခ)ဒေါ်တင်ညွန့်(မိခင်)၊ ဦးစိန်(ဖခင်)နှင့် သားတစ်ဦးဖြစ်သူ ဦးမောင်ကိုတို့ကွယ်လွန်သဖြင့် ဒေါ်ငွေကြည်[၁၂/မဂတ(နိုင်)၀၄၉၅၁၄]၊ ဒေါ်မြကြည်[၁၂/မဂတ(နိုင်)၀၄၂၆၄၈]၊ ဒေါ်လှကြည်[၁၂/မဂတ(နိုင်)၀၇၉၄၉၁]၊ ဦးသိန်းထွန်း [၁၂/မဂတ(နိုင်)၀၇၉၄၉၀]၊ ဒေါ်လှိုင်[၁၂/တတန(နိုင်)၁၁၄၄၂၈]တို့မှ သား၊ သမီး၊ ချွေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှင့်သေစာရင်း၊ ရပ်ကွက်/မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံစာနှင့် တိုင်းကျန်းမာရေးဦးစီးဌာန၏ ပြန်ကြားစာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကြော်ငြာ





## ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် (**P.E.** လက်မှတ်) များကို ၂၀၁၃ခုနှစ်မှစ၍ ထုတ်ပေးထားခဲ့ပါသည်။ အဆိုပါလက်မှတ်များ၏ သက်တမ်းကုန်သတ်ချက်များကိုလည်း ကတ်ပြားတိုင်းတွင် တိတိကျကျသတ်မှတ်ဖော်ပြထားပြီးဖြစ်ပါသည်။ သို့ပါ၍ **P.E.** လက်မှတ်ကိုင်ဆောင်ထားသူများသည် **P.E.** လက်မှတ် သက်တမ်းပြည့်နေပါက မိမိတို့၏လက်မှတ်သက်တမ်းတိုးမြှင့်ရန် ကောင်စီမှချမှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ လျှောက်ထားကြပါရန် ကြေညာထားခဲ့ပြီးဖြစ်ပါသည်။ ယင်းကဲ့သို့ ကြေညာထားခဲ့သော်လည်း သက်တမ်းတိုး လျှောက်ထားခြင်းမပြုလုပ်သေးသူများ ကျန်ရှိနေသေးကြောင်းတွေ့ရှိရပါသည်။ **P.E.** လက်မှတ် သက်တမ်းပြည့်နေပြီး၊ သက်တမ်းတိုးလျှောက်ထားခြင်းမပြုရသေးသူများသည် ၂၀၁၅ ခုနှစ်၊ ဇွန်လ၊ ၃၀ ရက်နေ့ နောက်ဆုံးထားလျှောက်ထားကြပါရန်နှင့် အဆိုပါရက်ကျော်လွန်ပါက ရက်လွန်ကြေးများပေးဆောင်ကြရမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း အချိန်မီလျှောက်ထားခြင်းမပြုပါက **P.E.** လက်မှတ်ရုပ်သိမ်းခြင်းခံရမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 01 250987 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com



## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် အောက်ပါ ယာဉ်၊ ယန္တရားများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည် ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | DUMP TRUCK (JAPAN) ၅/၆တန် | ၆စီး |
| (ခ) | EXCAVATOR (STANDARD) 18/21 | ၁စီး |
| (ဂ) | EXCAVATOR (STANDARD) 10/13 | ၁စီး |
| (ဃ) | EXCAVATOR (LONGARM) | ၁စီး |
| (င) | LOADER | ၁စီး |
| (စ) | ရေသယ်ယာဉ် | ၄စီး |
| (ဆ) | ဆီသယ်ယာဉ် | ၁စီး |
| (ဇ) | အမှိုက်သိမ်းယာဉ် | ၇စီး |
| (ဈ) | အမှိုက်သိမ်းယာဉ်(TC) | ၁၅စီး |
| (ည) | LIGHT TRUCK | ၆စီး |
| (ဋ) | MINI BUS | ၁စီး |
| (ဌ) | အမှိုက်ပုံးသယ်ယာဉ် | ၂စီး |
| (ဍ) | မိလ္လာသယ်ယာဉ် | ၂စီး |
| (ဎ) | DOUBLE CAB | ၂စီး |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာများကို ၈-၆-၂၀၁၅ရက်တွင် စက်ရုံနှင့် မော်တော်ယာဉ်ဌာန၌ စတင်ရောင်းချမည်ဖြစ်ပြီး ၂-၇-၂၀၁၅ရက်နှင့် ၃-၇-၂၀၁၅ရက်၊ မွန်းလွဲ ၁း၀၀နာရီတွင် အိတ်ဖွင့်တင်ဒါများအား ၂၆လမ်း၊ ၇၁လမ်း×၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (သို့မဟုတ်) ၆၂လမ်း၊ အောင်ဆန်းလမ်းနှင့် အောင်ဇေယျလမ်းကြား၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၌ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။ အသေး စိတ်သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန(ဖုန်း-၀၂-၈၀၁၅၇၊ ၀၂-၈၁၃၁၆)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဌာနမှူး
စက်ရုံနှင့် မော်တော်ယာဉ်ဌာန



## ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက ထုတ်ပေးမည့် မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် (**R.E.** လက်မှတ်) လျှောက်လွှာများကို (၉-၆-၂၀၁၅) ရက်နေ့မှ စတင်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 01 250987 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆၃)၊ မြေကွက်အမှတ်(၂၂)၏အစိတ်အပိုင်း၊ ၀.၂၈၂ဧကမြေအမျိုးအစား- ဂရန်မြေ၊ အမည်ပေါက်-အိုးရုပြည်သူ့အိုးအိမ်အဖွဲ့ မြေနှင့်အခွန်ဌာန၊ စာအမှတ်-၆၄/၃၀-၁၇/၆၃နေ့စွဲ(၃၁-၅-၁၅ အရသိမ်း)မြေကွက်အားခေါ် ချော့စုမြတ်(၁၂/မရက(နိုင်)၀၀၇၉၅၃)မှအရောင်းအဝယ်အရပ်ကတိစာချုပ်၊ထောက်ကြန့်မြောက်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး၊မင်္ဂလာဒုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊အုပ်ချုပ်ရေးမှူးတို့၏ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်တို့တင်ပြ၍အထူးဂရန်နှုန်းဖြင့်နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



တရုတ်
စကားပြောရုံပဲဆိုရင်
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang
ENGLISH
Conversation Practice
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182



## ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက အမိန့်ကြော်ငြာစာ ၁/၂၀၁၄ ဖြင့် မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်လက်မှတ် (**P.E.** လက်မှတ်) နှင့် မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ် (**R.S.E.** လက်မှတ်) လျှောက်ထားနိုင်ရန် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ၎င်းကြေညာချက်အပြည့်အစုံကို **Website**, **Facebook** နှင့် ကြော်ငြာသင်ပုန်းများတွင် အများသိစေရန် ဖြန့်ချိထုတ်ပြန်ထားပါသည်။ ၎င်းအမိန့်ကြော်ငြာစာ ၁/၂၀၁၄ သည် ဝါရင့် အင်ဂျင်နီယာကြီးများအတွက် အထူးအခွင့်အရေးတစ်ရပ်အဖြစ် ပေးထားခြင်းဖြစ်ပါသည်။ ၎င်းအမိန့်ကြော်ငြာစာ ၁/၂၀၁၄ ၏ သက်တမ်းသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ၊ (၃၁) ရက် အထိသာဖြစ်ပါ၍ လက်မှတ်လျှောက်ထားလိုသော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဘွဲ့ရ လက်မှတ်ရများသည် အထက်ဖော်ပြပါ သတ်မှတ်ရက်မကုန်မီ လာရောက် လျှောက်ထားနိုင်ပါကြောင်း ထပ်မံကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 01 250987 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com



## ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အမိန့်ကြော်ငြာစာ ၁/၂၀၁၅ ဖြင့် နည်းပညာဘွဲ့ (**B.Tech.**) လက်မှတ်ရရှိသူများကို မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ (**R.G.Tech.**) လက်မှတ်နှင့် နည်းပညာဒီပလိုမာ (**A.G.T.I.**) လက်မှတ် ရရှိသူများကို မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် (**R.Tech.**) လျှောက်ထားနိုင်ရန် ထုတ်ပြန်ကြေညာထားပါသည်။ အဆိုပါ (**R.G.Tech.**) နှင့် (**R.Tech.**) လက်မှတ်လျှောက်လွှာများကို (၉-၆-၂၀၁၅) ရက်နေ့မှစတင်လက်ခံ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 01 250987 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com

Hot Line No-0930500100

# ပြည်သူလူထု၏ အားကိုးအားထားရာ ပြည်သူ့ဆေးရုံကြီးအဖြစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်

သတင်း စာမျက်နှာ - ၈



# ရှာငံမြို့နယ် ကင်းတားဆည်အနောက်တောင်ဘက်၌ ရှေးဟောင်းကျောက်ခေတ်နံရံပန်းချီလက်ရာများ တွေ့ရှိ

နေပြည်တော် ဇွန် ၇

မြန်မာနိုင်ငံတွင် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းသမိုင်းအမွေအနှစ်များကို ယခင်ကတွေ့ရှိခဲ့ပြီး ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ယခုလည်း ရှမ်းပြည်နယ် ရှာငံမြို့နယ်အတွင်းရှိ ကင်းတားဆည်၏ အနောက်တောင်ဘက်တွင် ရှေးဟောင်းကျောက်ခေတ်လူသားများရေးဆွဲခဲ့သည့် ကျောက်ခေတ်နံရံပန်းချီလက်ရာများကို စတင်တွေ့ရှိခဲ့ကြောင်း မြစ်သားမြို့နယ် မိုင်းမောကျေးရွာအုပ်စု တောတွင်းရွာနေ ဦးဝင်းဗိုလ်၏ သတင်းပို့ချက်အရ မေ ၂၇ ရက်က သက်ဆိုင်ရာ တာဝန်ရှိသူများက အဆိုပါတွေ့ရှိသည့်နေရာသို့ ကနဦးကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖



ရှမ်းပြည်နယ် ရှာငံမြို့နယ်အတွင်းရှိ ကင်းတားဆည်အနောက်တောင်ဘက်၌ အသစ်တွေ့ရှိသော ကျောက်ခေတ်နံရံပန်းချီများအား လေ့လာနေစဉ်။ (ယဉ်ကျေးမှု)

ယနေ့ မာတိကာ

အများပြည်သူဆိုင်ရာ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ အစဉ်ထာဝရထိန်းသိမ်းထား စာမျက်နှာ » ၆

မြို့ပြအိမ်ရာစီမံကိန်းအိပ်မက် ပြည်သူတွေ တကယ်မက်ခွင့်ရပြီလား စာမျက်နှာ » ၁၁






နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊ ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
၁၉၅၇ ခုနှစ် ဇွန် တွင် စတင်တည်ထောင်သည်။ The Mirror Established in 1957
R/184 ဖြင့် ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်း... မြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။